# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ပဉ္စမပုံမှန်အစည်းအဝေး
# (၁၈) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း | ၄ |
| ၆ | (က) ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ ကွမ်းချောင်းသစ်တောကြိုးဝိုင်းအား ပြန်လည်ပြုစုပျိုးထောင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၄ |
| ၇ | (ခ) တရားမဝင်သွားရောက် အလုပ်လုပ်ကိုင်ကြသော ပြည်ပရောက်မြန်မာနိုင်ငံသားအချင်းချင်း လက်ထပ်ပေါင်းသင်းရာမှ မွေးဖွားလာသော ကလေးများအား မြန်မာနိုင်ငံအစိုးရမှ မြန်မာနိုင်ငံသားအဖြစ် အသိအမှတ်ပြု၊ တရားဝင်မွေးစာရင်း ထုတ်ပေးရန်နှင့် တရားဝင်ကျောင်းသားအဖြစ် လက်ခံသင်ကြားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၂ |
| ၈ | (ဂ) သာစည်မြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြို့နယ်ဦးစီးဌာနမှူးရုံး အတွက် မြေနေရာရရှိရေးနှင့် အဆောက်အဦသစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်း သည့်မေးခွန်း | ၂၀ |
| ၉ | (ဃ) မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်၊ ပေတောကျေးရွာအုပ်စု၊ ကဖွဲ့ကျေးရွာနှင့် ပေတော ကျေးရွာ (၂) ရွာကြား ချစ်ချောင်းကိုဖြတ်၍ ဖောက်လုပ်ထားသော မီးရထားတံတားအား ကားများ အချိန်မရွေးသွားလာနိုင်ရန် ပြုပြင်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၂၂ |
| ၁၀ | (င) မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးပြီးဖြစ်သော I.L.O convention တစ်ခုဖြစ်သည့် ၂၀၁၆ ခုနှစ်၊ ပင်လယ်ရေကြောင်းလုပ်သားဆိုင်ရာ | ၂၅ |

သဘောတူညီချက် (Maritime Labour Converntion 2006) ကို အကောင်အထည်ဖော်မှုနှင့် ပတ်သက်၍ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ လုပ်ဆောင်မှုများကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း

၁၁ မိုးရာသီကာလတွင် မိုးစပါးများ နှစ်စဉ်ရေမြုပ်မှုများကြောင့် ဒါးကမြစ်နှင့် အိမ်မဲချောင်းတို့အား ရေစီးရေလာ ကောင်းမွန်ရေးအတွက် မြစ်နုန်းများဆယ်ယူပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း ၃၀

၁၂ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း ၃၇

၁၃ ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး၊ ညောင်ရွှေမဲဆန္ဒနယ်က အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း ၄၆

၁၄ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းခြင်း ၅၃

၁၅ ဦးမျိုးဇော်ဦး၊ လယ်ဝေးမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း ၅၉

၁၆ ဦးမျိုးဇော်ဦး၊ လယ်ဝေးမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း ၇၂

၁၇ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ကို ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၉) ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၇၅

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး

# (၁၈)ရက်မြောက်နေ့ အစီအစဉ်

# [ ၂၁–၆–၂၀၁၇ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၏ **ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ ကွမ်းချောင်း သစ်တောကြိုးဝိုင်းအား ပြန်လည်ပြုစုပျိုးထောင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါက်တာဒေါ်ခင်စည်သူ၊ လှိုင်ကော် မဲဆန္ဒနယ်၏ **တရားမဝင်သွားရောက် အလုပ်လုပ်ကိုင်ကြသော ပြည်ပရောက် မြန်မာနိုင်ငံသားအချင်းချင်း လက်ထပ်ပေါင်းသင်းရာမှ မွေးဖွားလာသော ကလေးများအား မြန်မာ နိုင်ငံအစိုးရမှ မြန်မာနိုင်ငံသားအဖြစ် အသိအမှတ်ပြု၊ တရားဝင်မွေးစာရင်း ထုတ်ပေးရန်နှင့် တရားဝင်ကျောင်းသားအဖြစ် လက်ခံသင်ကြားပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးသန်းစိုး၊ သာစည် မဲဆန္ဒနယ်၏ **သာစည်မြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန၊ မြို့နယ်ဦးစီးဌာနမှူးရုံးအတွက် မြေနေရာရရှိရေးနှင့် အဆောက်အဦသစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးအောင်သိုက်၊ ဆိပ်ဖြူ မဲဆန္ဒနယ်၏ **မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်၊ ပေတောကျေးရွာအုပ်စု၊ ကဖွဲကျေးရွာနှင့် ပေတောကျေးရွာ (၂)ရွာကြား ရှစ်ချောင်းကို ဖြတ်၍ ဖောက်လုပ်ထားသော မီးရထားတံတားအား ကားများအချိန်မရွေး သွားလာနိုင်ရန် ပြုပြင်ပေးနိုင်ခြင်းရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးစောတင်ဝင်း၊ ကြာအင်းဆိပ်ကြီး မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံက လက်မှတ်ရေးထိုးပြီးဖြစ်သော I.L.O convention တစ်ခု ဖြစ်သည့် ၂၀၀၆ ခုနှစ်၊ ပင်လယ်ရေကြောင်း လုပ်သားဆိုင်ရာ သဘောတူညီချက် (Maritime Labour Convention 2006)ကို အကောင်အထည်ဖော်မှုနှင့် ပတ်သက်၍ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ လုပ်ဆောင်မှုများကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်၏ **မိုးရာသီကာလတွင် မိုးစပါးများနှစ်စဉ်ရေမြုပ်မှုများကြောင့် ဒါးကမြစ်နှင့် အိမ်မဲချောင်းတို့အား ရေစီးရေလာကောင်းမွန်ရေးအတွက် မြစ်နုန်းများ ဆယ်ယူပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာ တင်ပြခြင်း၊

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၈။ ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး၊ ညောင်ရွှေ မဲဆန္ဒနယ်က **"ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်ရှိ အင်းလေးကန်ကြီး ရေရှည်တည်တံ့ရေးအတွက် အစိုးရ၊ ပြည်သူအားလုံးပါဝင်သော စဉ်ဆက်မပြတ် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများချမှတ်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၉။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၁၀။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က **"အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို တင်သွင်းခြင်း၊

၁၁။ **"အုပ်ထိန်းသူနှင့်အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြား ရှင်းလင်းခြင်း၊

၁၂။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသည့် **"အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်း ခံရသူများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၃။ ဦးမျိုးဇော်ဦး၊ လယ်ဝေး မဲဆန္ဒနယ်က တင်သွင်းသည့် **"နိုင်ငံတစ်ဝန်း သဘာဝဘေးအန္တရာယ်များနှင့် အင်းဆက်ပိုးမွှားများကြောင့် နစ်နာဆုံးရှုံးနေကြသော တောင်သူ လယ်သမားများ၏ အကျိုးစီးပွားအတွက် အာမခံချက်ရှိစေမည့်**

**သီးနှံအာမခံ လုပ်ငန်းများကို ဆောလျင်စွာ အကောင်အထည်ဖော်ဆောင်ပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ”** အဆိုကို အောက်ပါလွှတ်တော် ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း–

(က) ဦးမြင့်သိန်း၊ ဝက်လက် မဲဆန္ဒနယ်၊

(ခ) ဦးစိန်ဝင်း၊ မအူပင် မဲဆန္ဒနယ်၊

(ဂ) ဦးဦးထွန်းဝင်း၊ ကျောက်တော် မဲဆန္ဒနယ်၊

(ဃ) ဒေါ်ဝင့်ဝါထွန်း၊ ရွာစေ့ မဲဆန္ဒနယ်၊

(င) ဦးထွန်းဝေ၊ ဖောင်းပြင် မဲဆန္ဒနယ်၊

၁၄။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၅။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၉)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး
# (၁၈)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်
## (၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၁ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ အစီအစဥ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

**ဒုတိယဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၅ ဦးရှိသည့်အနက် ၃၉၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၀.၃၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေ ထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးသောင်းဌေးလင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင် ကျွန်တော်ဦးသောင်းဌေးလင်း၊ ပုသိမ်ကြီးမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၃ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၂၁ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ များကတော့ -

(၁) သံတွဲမဲဆန္ဒနယ်မှ ဦးမင်းကြည် ခွင့် ၃ ရက်၊

(၂) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၃ ရက်၊

(၃) ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည် ခွင့် ၁ ရက်၊

(၄) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၂ ရက်၊

(၅) အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး ခွင့် ၃ ရက်၊

(၆) နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်တင်လင်း ခွင့် ၁ ရက်၊

(၇) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၁ ရက်၊

(၈) ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော ခွင့် ၅ ရက်၊

(၉) လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး ခွင့် ၅ ရက်၊

(၁၀) ညောင်ဦးမဲဆန္ဒနယ်မှ ဦးစော ခွင့် ၁ ရက်၊

(၁၁) အမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမောင် ခွင့် ၃ ရက်၊

(၁၂) ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးရွှေလှကြိုင် ခွင့် ၁ ရက်၊

(၁၃) ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးစံခင် ခွင့် ၃ ရက်၊

(၁၄) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော် ခွင့် ၁၄ ရက်၊

(၁၅) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၃ ရက်၊

(၁၆) ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် ခွင့် ၂ ရက်၊

(၁၇) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၁ ရက်၊

(၁၈) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၃ ရက်၊

(၁၉) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၁ ရက်၊

(၂၀) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး ခွင့် ၁ ရက်နှင့်

(၂၁) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၂၁ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၂၁ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၄၂ ဦး ရှိပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၀ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၀ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၄၂ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ ကွမ်းချောင်းသစ်တောကြိုးဝိုင်းအား ပြန်လည်ပြုစုပျိုးထောင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော့်အနေနဲ့ မြေပုံမြို့နယ်မှာရှိတဲ့ ကွမ်းချောင်းကြိုးဝိုင်းသစ်တောနှင့်ပတ်သက်ပြီးတော့ ပြန်လည်ပြုစုပျိုးထောင်ပေးဖို့အစီအစဉ်ရှိ/မရှိဆိုတဲ့အပေါ်မှာ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားရပါတဲ့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြေပုံမြို့နယ်မှာရှိတဲ့ ကွမ်းချောင်းကျွန်းဆိုရင် အလျားအားဖြင့် ၁၈ မိုင်၊ အနံအားဖြင့် ၈ မိုင်ရှိတဲ့ မြေပုံမြို့နယ်ရဲ့ အဓိကအကြီးဆုံးကျွန်းတစ်ကျွန်းဖြစ်ပါတယ်။ ဒီကျွန်းပေါ်မှာ ကွမ်းချောင်းကြိုးဝိုင်းဆိုပြီးတော့ ရှိပါတယ်။ ဧကအားဖြင့်တော့

၁၅၈၆၆ ဧကေ ရှိပါတယ်။ အဲဒီကွမ်းချောင်းကြိုးဝိုင်းသစ်တောကို ၁၉၁၀ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့မှာ ဒါသည် အမိန့်အမှတ် (၆၅/၁၉၁၀) ကြိုးဝိုင်းသစ်တောအဖြစ် သတ်မှတ်ခဲ့တာလည်း ဖြစ်ပါတယ်။ အဲဒီတော့ အဲဒီမှာ ခေတ်အဆက်ဆက်မှာ ပြီးတော့ လွတ်လပ်ရေးရပြီးနောက် အချိန်ကာလများမှာဆိုရင် ဒါကို စနစ်တကျခုတ်လှဲတယ်။ ပျိုးထောင်တယ်။ ပြုစုတယ်။ အဲဒါကြောင့် ဒီကွမ်းချောင်းကျွန်းပေါ်မှာရှိတဲ့ ကွမ်းချောင်းကြိုးဝိုင်းသစ်တောဟာဆိုရင် တော်တော့်ကို စည်စည်ကားကားနှင့် ဖွံ့ဖွံ့ဖြိုးဖြိုးရှိခဲ့ပါတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာ ဆိုလို့ရှိခဲ့သောအခါ အထူးသဖြင့် ကျွန်တော်တို့ ငယ်ငယ်တုန်းကဆိုရင် အဲဒီကျွန်းကို အဝေးကကြည့်လိုက်ရုံနဲ့ ဒီဆီမီးတိုင်တွေကို အစီရီစိုက်ထားသလို အပြိုင်းအယိုင်း အဲဒီလို စည်ကားတဲ့မုတ်သုံသစ်တောကြီးလည်း ဖြစ်ပါတယ်။

နောက်ပိုင်းမှာ လွန်ခဲ့တဲ့နှစ် ၂၀ ကျော်လောက်ကဆိုရင် အိန္ဒိယကုမ္ပဏီတစ်ခုက ကောင်းကင်ကြိုးတွေနဲ့ သစ်တွေအများကြီးထုတ်လုပ်ပါတယ်။ အဲဒီနောက်ပိုင်းမှာ ထူးကုမ္ပဏီက ဒီအရှေ့ဘက်ခြမ်းကို စက်ယန္တရားတွေနဲ့ အကုန်လုံးခုတ်ထွင်ရှင်းလင်းသွားတဲ့အတွက်နဲ့ အဲဒီ ကွမ်းချောင်းကြိုးဝိုင်း ဆိုလို့ရှိခဲ့ရင် အကုန်လုံးပြောင်သလင်း ခါပြီးတော့ အခုနေမှာ ဖုန်းဆိုးတောအနေနဲ့ ကျွန်တော်တို့ မြင်တွေ့ရပါတော့တယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ ကွမ်းချောင်းကြိုးဝိုင်းနဲ့ပတ်သက်ပြီးတော့ ပြည်သူလူထုတစ်ဖက်မှာခံစားနေရတာက အဲဒီတောကိုဖျက်ပြီးတော့ အိမ်သုံး၊ လုပ်ငန်းသုံး နွယ်တို့၊ ဝါးတို့၊ သစ်တို့ခုတ်တဲ့အခါမှာ တစ်ဖက်က အဟန့်အတားတွေနဲ့ကြုံရပါတယ်။ သစ်တောကြိုးဝိုင်း ဥပဒေနဲ့မလွတ်ဘူးဆိုပြီးတော့ အဲဒီမှာ အဂတိတရားလိုက်စားမှုတွေလည်းရှိတယ်။ အဲဒီလိုဒုက္ခရောက်နေကြပါတယ်။ သစ်မှောင်ခိုသမားတွေကလည်း ကျန်တဲ့သစ်တစ်ပင်စ၊ နှစ်ပင်စတွေကို ခုတ်ယူနေတာလည်းတွေ့ပါတယ်။ ဒီတော့ တစ်ဖက်မှာ နိုင်ငံတော်အတွက်လည်း အကျိုးမရှိဘူး။ ဒေသခံတွေအတွက်လည်း ဒါဟာတော်တော့်ကို အခက်အခဲဖြစ်ပါတယ်။ ကွမ်းချောင်းကြိုးဝိုင်းကြီး နုပျိုသန်မာစဉ်က ကျွန်တော်တို့ အဲဒီကြိုးဝိုင်းရဲ့ အရင်းအမြစ်တွေကို ခံစားခဲ့ရသလောက် အခု အိုမင်းမစွမ်းဖြစ်တဲ့အခါမှာ အဲဒီကြိုးဝိုင်းကြီးကို လှည့်မကြည့်တဲ့အခြေအနေမျိုးရောက်နေပါတယ်။ တစ်ဖက်မှာ ပြည်သူလူထုအနေနဲ့လည်း နိုင်ငံတော်အတွက်လည်း အကျိုးမရှိ၊ ပြည်သူအတွက်လည်းအကျိုးမရှိ ဖြစ်နေတာကြောင့် ကျွန်တော့်အနေနဲ့ ဒီကွမ်းချောင်း ကြိုးဝိုင်းကိုပြန်ပြီးတော့ ပြုစုပျိုးထောင်စေချင်ပါတယ်။ အဲဒီလိုဆန္ဒ၊ စေတနာနဲ့ မေးလိုက်တဲ့ မေးခွန်းဖြစ်ပါတယ်။ ပြည်သူတွေကလည်း အဲဒီအနားကို ကွမ်းချောင်းကျွန်းပတ်ပတ်လည်မှာဆိုရင် ရွာပေါင်း ၁၅ ရွာလောက်ရှိပါတယ်။ ပြီးတော့ အဲဒီတော့ ကျွန်းရဲ့ပတ်ဝန်းကျင်မှာ တခြားကျွန်းတွေမှာဆိုရင်လည်း ရွာတွေအများကြီးရှိပါတယ်။ အဲဒီ

ကျွန်းကိုပဲ ဒီဒေသခံတွေအနေနဲ့ မှီခိုပြီးတော့ အခုနက လိုအပ်တဲ့ အသုံးအဆောင်တွေကို တက်ပြီးတော့ ထင်းကအစပေါ့လေ။ နွယ်ကအစ ကျွန်တော်တို့ ခုတ်ဖြတ်ပြီး လုပ်နေရတာဖြစ်ပါတယ်။ အဲဒီတော့ အခုအချိန်မှာကျတော့ မိဘဘိုးဘွားရဲ့အမွေ အိမ်အိုး အိမ်ပျက်ကြီးကို ကျွန်တော်တို့က အနားတောင် ကပ်ခွင့်မရတဲ့သားသမီးတွေနဲ့လည်း တူနေပါတယ်။ ဒါကြောင့် ဒါမဖြစ်သင့်တော့ဘူး။ ကျွန်တော်တို့ တစ်ခုမဟုတ်တစ်ခုလုပ်ရမယ်။ ပြုစုပျိုးထောင်မလား ဒါမှမဟုတ် သစ်တောကြိုးဝိုင်းကနေပြီးတော့ ပယ်ဖျက်မလား။ တစ်ခုခုတော့ Yes or No ကျွန်တော်တို့ လုပ်ရတော့မယ်။ ဒါမှ တစ်ခုခုအတွက် နိုင်ငံတော်အတွက်ရော ကျွန်တော်တို့က အများကြီးဖြစ်စေချင်တယ်။ ဒါပေမဲ့ မဖြစ်ဘူးဆိုရင်တော့ ဒေသခံတွေအခက်အခဲတွေ့အောင် မလုပ်စေချင်ပါဘူး။ ဒါကို ပယ်ဖျက်ပေးစေချင်ပါတယ်။ ဒါကြောင့် ကျွန်တော့်စေတနာကတော့ ကွမ်းချောင်းတောင်ကတုံးကို သျှောင်ထုံးပေးစေချင်တဲ့စေတနာနဲ့ လွှတ်တော်ဒုတိယဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာကို မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။

မေးခွန်း(၁)အနေနဲ့ကတော့ မြေပုံမြို့နယ် သစ်တောကြိုးဝိုင်းအား စနစ်တကျပြန်လည်ပြုစုပျိုးထောင်ရန် အစီအစဉ်ရှိ/မရှိ၊ အစီအစဉ်ရှိပါက မည်သည့် ကာလမှစတင်၍ မည်သို့စီမံဆောင်ရွက်မည်ကို သိရှိလိုပါတယ်။ မေးခွန်း(၂)ကတော့ အကယ်၍ လောလောဆယ်အစီအစဉ်မရှိသေးပါက ဒေသခံများ၏ အိမ်သုံးသစ်၊ လုပ်ငန်းခွင်သုံးသစ်၊ ထင်း၊ နွယ် စသည်တို့အတွက် လိုအပ်တဲ့ အခွင့်အလမ်းများအတွက် မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါတယ်။ မေးခွန်း(၃) အကယ်၍ လုံးဝအစီအစဉ်မရှိတော့ပါက ဒေသခံပြည်သူများမှ ဥယျာဉ်ခြံမြေများ ဝင်ရောက်လုပ်ကိုင်နိုင်ရန်အတွက် ကြိုးဝိုင်းသစ်တောအဖြစ်မှ ပယ်ဖျက်ပေးနိုင်ခြင်းရှိ/မရှိ သိလိုပါကြောင်း လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာပတ်ဝန်းကျင်ထိန်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ သယံဇာတနှင့်သဘာပတ်ဝန်းကျင်ထိန်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းရဲ့ မြေပုံမြို့နယ် ကွမ်းချောင်း

သစ်တောကြိုးဝိုင်းအား စနစ်တကျပြန်လည်ပြုစုပျိုးထောင်ပေးရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်ကာလမှစတင်၍ မည်သို့စီမံဆောင်ရွက်မည်ကိုသိလိုကြောင်း၊ အကယ်၍ လောလောဆယ် အစီအစဉ်မရှိသေးပါက ဒေသခံပြည်သူများရဲ့ အိမ်သုံးသစ်၊ လုပ်ငန်းခွင်သစ်နှင့် ထင်းခွေ၊ နွယ်ဖြတ် စသည့် လိုအပ်ချက်အခွင့်အလမ်းများအတွက် မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိလိုကြောင်းနှင့် အကယ်၍ လုံးဝအစီအစဉ်မရှိတော့ပါက ဒေသခံပြည်သူများက ဥယျာဉ်ခြံမြေများ ဝင်ရောက်လုပ်ကိုင်ရန်အတွက် ကြိုးဝိုင်းသစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးနိုင်ခြင်းရှိ/မရှိ သိလိုကြောင်းနှင့်ပတ်သက်ပြီးတော့ ရခိုင်ပြည်နယ်အစိုးရနှင့်ပေါင်းစပ်ပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။ အားလုံး မေးခွန်းက သုံးခုဖြစ်ပါတယ်။ Power Point တင်ပြခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ အစိုးရသစ်လက်ထက်မှာ သစ်တောသယံဇာတအရင်းအမြစ်တွေ ရေရှည်တည်တံ့ရေးနဲ့ သစ်တောဖုံးလွှမ်းမှု ကောင်းမွန်လာစေရေး၊ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးဆိုင်ရာ နိုင်ငံတကာကတိကဝတ်များအား ဖြည့်ဆည်းနိုင်ရေးနဲ့ မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း ပထမငါးနှစ်စီမံကိန်းကိုတော့ (၂၀၁၇ ခုနှစ်ကနေပြီးတော့ ၂၀၂၂ ခုနှစ်အထိ)၊ ဒုတိယငါးနှစ်စီမံကိန်းကိုတော့ (၂၀၂၂ ခုနှစ်ကနေပြီးတော့ ၂၀၂၇ ခုနှစ်အထိ)ဖြင့် ကာလနှစ်ခုခွဲခြားပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ကိုယ်စားလှယ်တော်ကြီး ပထမမေးခွန်းနှင့်ပတ်သက်ပြီးတော့ ဖြေကြားရမယ်ဆိုလို့ရှိရင်တော့ ကိုယ်စားလှယ်တော်ကြီး အခုနက ပြောသွားသလိုပါပဲ။ စစ်တွေခရိုင်၊ မြေပုံမြို့နယ်မှာရှိတဲ့ ကွမ်းချောင်းကြိုးဝိုင်းကိုတော့ ၆-၄-၁၉၁၀ ရက်နေ့မှာ ကွမ်းချောင်းကြိုးဝိုင်းကို ဧက ၁၅၈၆၆ ဧကနဲ့ ဖွဲ့စည်းခဲ့ပါတယ်။ ကွမ်းချောင်းကြိုးဝိုင်းအတွင်းမှာ သစ်တောပြုစုပျိုးထောင်ခြင်းလုပ်ငန်းများကို ၂၀၀၇-၂၀၀၈ ခုနှစ်ကနေပြီးတော့ ၂၀၁၆-၂၀၁၇ ခုနှစ်အထိ ဓမ္မတာမျိုးဆက်အထောက်အကူပြုလုပ်ငန်း ၆၈၀ ဧက၊ အကွက်နယ်နိမိတ်ပြင်ဆင်ခြင်း ၁၀ မိုင်၊ ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း ၁၀ မိုင်တို့ကို ဆောင်ရွက်ခဲ့ပါတယ်။ မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းအရ ဓမ္မတာမျိုးဆက်အထောက်အကူပြု ဧက ၄၀၀ နှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း ခုနစ်ဧကကိုတော့ လာမယ့် ၂၀၁၈-၂၀၁၉ ခုနှစ်မှာ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် သစ်တော ကြိုးဝိုင်းအတွင်း တရားမဝင်ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ စိုက်ပျိုးမြေချဲ့ထွင်ခြင်း၊ တရားမဝင် စားကျက်ချခြင်း၊ ကျောက်/ခဲတတ်သတ္တုတူးဖော်ခြင်းများ မရှိစေရေးအတွက် သစ်တောဦးစီးဌာန ဝန်ထမ်းများကလည်းပဲ ကွင်းဆင်းစစ်ဆေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းကို ဆက်လက်ဖြေကြားရမယ်ဆိုလို့ရှိရင်တော့ ဒေသခံပြည်သူများ လိုအပ်တဲ့ အိမ်သုံးသစ်၊ လုပ်ငန်းခွင်သစ်နှင့် ထင်း စတဲ့လိုအပ်ချက်များကို အလွယ်တကူရရှိသုံးစွဲ နိုင်ရေးအတွက် စီးပွားဖြစ်မဟုတ်တဲ့ ဝါးနှင့်အခြားသစ်တောထွက်ပစ္စည်းများကို မိမိသုံး၊ ထုတ်လုပ်လိုပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ အခွန်ငွေပေးဆောင်ပြီးတော့ သုံးစွဲခွင့်ပြုလျက်ရှိပါတယ်။ ရခိုင်ပြည်နယ်၊ မြေပုံမြို့မှာ လူထုဖြန့်အတွက် တစ်အိမ်ထောင်ကို ကျွန်းသုံးပင်၊ သစ်မာ ၂၀ ပင်နှင့် တစ်ရွာတစ်ဧက စိုက်ရန်အတွက် ၂၀၀၆-၂၀၀၇ ခုနှစ်ကနေပြီးတော့ ၂၀၁၆-၂၀၁၇ ခုနှစ်အထိ၊ ကျွန်းနှင့်အခြားသစ်မျိုးစုစုပေါင်းကို ၄၆၃၀၅၀ ပင်ကို အခမဲ့ဖြန့်ဝေစိုက်ပျိုးနိုင်ခဲ့ပါတယ်။ သစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းအရ မြေပုံမြို့နယ်မှာဆိုလို့ရှိရင် ၂၀၁၇ ခုနှစ်ကနေပြီးတော့ ၂၀၂၇ ခုနှစ်အထိ နှစ်စဉ်လူထုဖြန့်ပျိုးပင် ၂၀၀၀၀ ကို ပျိုးထောင်ပြီးတော့ ဖြန့်ဝေသွားမှာဖြစ်ပါတယ်။ အဲဒီပျိုးပင်များနှင့်အတူ ကျေးရွာထင်းစိုက်ခင်းများတည်ထောင်ခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများတည်ထောင်ခြင်း၊ ပုဂ္ဂလိကသစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ သစ်တောနယ်မြေပြင်ပရှိ မိမိပိုင်နေအိမ်၊ ခြံဝန်းအတွင်းမှာစိုက်ပျိုးထားတဲ့ သစ်တောသစ်ပင်များကို တရားဝင်ထုတ်လုပ်သုံးစွဲခွင့်ရရှိဖို့အတွက် သက်ဆိုင်ရာမြို့နယ်သစ်တောဦးစီးဌာနမှာ မှတ်ပုံတင်ခြင်းများကိုလည်းပဲ ဒေသခံပြည်သူများအတွက် အိမ်သုံးသစ်၊ လုပ်ငန်းသုံးသစ်နှင့် ထင်းစတဲ့ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီအပြင် သစ်တောဦးစီးဌာနကနေ ဖမ်းဆီးရမိတဲ့ ပုံစံ(၈)သစ်များကိုလည်းပဲ သက်ဆိုင်ရာပြည်နယ်များမှတစ်ဆင့် ဒေသဖွံ့ဖြိုးရေးအတွက် ရောင်းချပေးနေပါတယ်။ ပုံစံ(၈) သစ်ကိုဖြင့် တစ်ကြိမ်ကို တန် ၂၀၀ နဲ့ ကျွန်တော်တို့ လိုအပ်သလို ရောင်းချပေးပါတယ်။ ရခိုင်ပြည်နယ်အစိုးရကိုလည်းပဲ ဒီအတိုင်းပါပဲ။ တန် ၂၀၀ ကိုရောင်းချပေးပြီး ဖြစ်ပါတယ်။ လိုအပ်သမျှကိုလည်း ထပ်မံတောင်းခံသမျှကို ဒီကနေဖြည့်ဆည်းပြီးဆောင်ရွက် ပေးပါမယ်။ လောလောဆယ်အားဖြင့် မကြာမီက တိုက်ခတ်ခဲ့တဲ့ မိုရာမုန်တိုင်းတိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်အတွင်းမှာ ရဲတပ်ဖွဲ့နှင့် အကျဉ်းဦးစီးဌာနတွေ တော်တော်များများပျက်စီးပြီးတော့ ပျက်စီးပြီးတော့ အမိုးလန်သွားပါတယ်။ အဲဒီအတွက်ကိုလည်း ပြန်လည်တည်ထောင်နိုင်ရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာနကို သစ်မာ အုပ်စု(၁) ၅၂ တန်နှင့် အခြားသား တန် ၁၀၀ ကိုလည်းပဲ ရောင်းချပြီးသားဖြစ်ပါတယ်။

ကျွန်တော်အနေနဲ့ တတိယမေးခွန်းကိုဆက်လက်ပြီးတော့ ဖြေကြားသွားပါ့မယ်။ သစ်တောမြေအတွင်းမှာ အကြောင်းအမျိုးမျိုးကြောင့် နှစ်ကာလအတိုင်းအတာတစ်ခုအထိ ကျူးကျော်အခြေချတဲ့ ရွာစုနဲ့ အိမ်ထောင်စုများကိုတော့ ၂၀၁၃ ခုနှစ်မှာ ပူးပေါင်းအဖွဲ့များနဲ့ မြေပြင်ကွင်းဆင်းပြီးစားရင်း

ကောက်တဲ့အခါမှာ မြေပုံမြို့နယ်၊ ကွမ်းချောင်းကြိုးဝိုင်းအတွင်းမှာ လယ်မြေနှစ်ဧကကို သစ်တောမြေအဖြစ်မှ ကျွန်တော်တို့ ပယ်ဖျက်ပေးခဲ့ပါတယ်။ ယာမြေခုနစ်ဧကကိုလည်းပဲ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ရန်ခွင့်ပြုပေးခြင်းနှင့် ဥယျာဉ်ခြံမြေ ၆၀.၉၀ ဧက၊ နှစ်ရှည်စိုက်ခင်း ၃၀ ဧကကို မြေငှားစနစ်နဲ့ ကျွန်တော်တို့ ဆက်လက်ပြီးတော့ လုပ်ကိုင်ခွင့်ပြုပေးခြင်းများကိုလည်းပဲ ဆောင်ရွက်လျက်ရှိပါတယ်။ သို့သော်လည်းပဲ ကျူးကျော်သူများရှိပါက သစ်တောဥပဒေအရ အရေးယူသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော် ဖြည့်စွက်ပြောချင်တာက ဥယျာဉ်ခြံမြေပေးတဲ့နေရာမှာမိမိကနေပြီးတော့ ကြိုးဝိုင်းအတွင်းမှာ ဥယျာဉ်ခြံမြေလုပ်ချင်တယ်ဆိုလို့ရှိရင် သစ်တောဦးစီးဌာနကိုလျှောက်လို့ရှိရင် သစ်တောဦးစီးဌာနကနေပြီးတော့ စည်းကမ်းချက် ၁၃ ချက်နဲ့ကိုက်ညီလို့ရှိရင် လုပ်နိုင်မယ်ဆိုလို့ရှိရင် မည်သူမဆို ဥယျာဉ်ခြံမြေလုပ်ပိုင်ခွင့်ကို ပေးပါတယ်။

ကျွန်တော်တို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနဟာ ကမ္ဘာလုံးဆိုင်ရာရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပါရီသဘောတူညီချက်အရ မြန်မာနိုင်ငံအခြေအနေနဲ့ သင့်လျော်မယ့် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးအစီအစဉ်ကို ရေးဆွဲပြီးတော့ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများကို နိုင်ငံတော်ဧရိယာရဲ့ ၃၀ ရာခိုင်နှုန်းနဲ့ သဘာဝနယ်မြေများကို ရေရှည်မှာ နိုင်ငံတော်ရဲ့ ၁၀ ရာခိုင်နှုန်း တိုးချဲ့ရန် ဆောင်ရွက်လျက်ရှိပါတယ်။ ရခိုင်ပြည်နယ်မှာတော့ လက်ရှိအချိန်မှာ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော ၁၉ ခုနဲ့ ဧရိယာအားဖြင့် ၂၉၀၂၇၀.၀၈ ဧကကို ဖွဲ့စည်းပြီးတော့ ၂၀၁၇ ခုနှစ်ကနေပြီးတော့ ၂၀၂၂ ခုနှစ်အတွင်းမှာဖြင့် သစ်တောမြေ ၆၂၂၉၂၄.၈ ဧကကို တည်ထောင်ရန် ရည်မှန်းထားပါတယ်။

မြေပုံမြို့နယ်မှာ လက်ရှိအခြေအနေမှာ ကြိုးဝိုင်းသုံးခုနဲ့ ဧရိယာအားဖြင့် ၅၀၆၈၂ ဧကရှိပြီး၊ မြို့နယ်ဧရိယာရဲ့ ၈.၄၁ ရာခိုင်နှုန်းကိုပဲ လျားထားချက်အရ ဆိုလို့ရှိရင် ကြိုးဝိုင်းသစ်တောငါးခုကို ၂၀၁၇-၂၀၁၈ ခုနှစ်ကနေ ၂၀၂၁-၂၀၂၂ ခုနှစ်အတွင်းမှာ ဧကပေါင်း ၁၂၅၆၂၈ ဧကကို တိုးချဲ့ဖွဲ့စည်းရန် လျာထားဆောင်ရွက်ဖွဲ့စည်းပြီးကြောင်းနဲ့ ကွမ်းချောင်းသစ်တော ကြိုးဝိုင်းအတွင်း ဥယျာဉ်ခြံမြေဝင်ရောက်လုပ်ကိုင်လိုသူများကိုလည်းပဲ လုပ်ကိုင်လိုပါက သစ်တောဦးစီးဌာနက ချမှတ်ထားတဲ့စည်းကမ်းအတိုင်း ကျွန်တော်တို့ လုပ်ကိုင်ခွင့်ပေးပါ့မယ်။ ဒါကြောင့်မို့လို့ သစ်တောမြေအဖြစ်မှပယ်ဖျက်ခြင်းကိုတော့ မပြုပေးနိုင်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**မူကြမ်း**

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။ အခုလို ပြည်ထောင်စုဝန်ကြီးအနေနဲ့ ရှင်းပြပေးသွားတာကို ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ဝန်ကြီးရဲ့အဖြေကတော့ ကျွန်တော်တို့ဒေသခံတွေရဲ့ လိုအပ်ချက်နဲ့ မကိုက်ညီပါဘူး။ အဲဒီတော့ ပထမတစ်ချက်ပြောရရင် ဒီစီးပွားဖြစ်မဟုတ်တဲ့ ဒေသလိုအပ်ချက် သစ်တွေကို အခွန်ဆောင်ပြီးတော့ သစ်တွေဆိုတာ ဝါးလည်းပါတယ်။ ထင်းလည်းပါတယ်။ နွယ်လည်းပါတယ်။ သစ်တောထွက်ပစ္စည်းတွေပါ။ ဒါတွေကို အခွန်ဆောင်ပြီးတော့ လုပ်ထုံးလုပ်နည်းနဲ့အညီ ထုတ်ယူနိုင်မယ်ဆိုတဲ့အပေါ်မှာ ဘယ်လိုလုပ်ပြီးတော့ ထင်းတစ်စည်းသွားခွေမှာ၊ အိမ်သုံးသစ်တစ်လုံးသွားခုတ်မှာလည်း အခွန်လည်းဆောင်ရမယ်၊ လုပ်ထုံးလုပ်နည်းနဲ့လည်းလျှောက်တင်ရမယ်ဆိုတော့ ဒါက ဘယ်လိုမှမဖြစ်နိုင်ဘူး။ ဒါတွေဟာ ဒေသခံတွေအတွက် တော်တော့်ကို အခက်အခဲဖြစ်တယ်။ အဲဒီလုပ်ထုံးလုပ်နည်းကြောင့်လည်းပဲ သစ်တစ်လုံးခုတ်ရင်လည်း အခွန်တောင်း၊ ဝါးတစ်လုံးခုတ်ရင်လည်းတောင်း၊ အရေးယူ။ အဲဒီလိုခံနေရာတာရှိတယ်။ တစ်ဖက်မှာ သစ်မှောင်ခိုသမားတွေဆိုတော့ အလွမ်းသင့်ပြီးတော့ အကုန်လုံးအဆင်ပြေပါတယ်။ ဒီလို တင်းကြပ်တဲ့ဥပဒေ ထင်းလေးတစ်စီး၊ သစ်လေးတစ်လုံးခုတ်မှာတောင်မှ ဒီလောက် လုပ်ထုံးလုပ်နည်းနဲ့အညီဆိုတဲ့ စကားကိုသုံးနေမယ်ဆိုရင် ကျွန်တော်တို့အတွက် တော်တော့်ကို ဒေသခံပြည်သူလူထုရဲ့အကျိုးကို ထည့်မတွက်ရာရောက်တယ်လို့ ကျွန်တော်ပြောလိုပါတယ်။

နောက်တစ်ခါ ဒီသစ်တောတွေ ပြုစုပျိုးထောင်ဖို့အတွက် ပျိုးပင်တွေကိုဖြန့်တယ်။ အဲဒီလိုစိုက်ခင်းတွေထူထောင်တယ်။ အဲဒါတွေလည်း ဝန်ကြီးဖြေသွားပါတယ်။ ကျွန်တော် မေးနေတာကကွမ်းချောင်းကြိုးဝိုင်းကိုဖြစ်ပါတယ်။ အဲဒီကွမ်းချောင်းကြိုးဝိုင်းမှာ ဒီနေ့ထက်ထိ ဘာသစ်ပင်မှလည်းမစိုက်ပါဘူး။ ရှိတာက ဖုန်းဆိုးတောနဲ့ အလုံးသေးတဲ့ သစ်ပင်လေးတွေပဲရှိပါတယ်။ အဲဒီတော့ဒါကိုလည်း ကျွန်တော်တို့ ကွမ်းချောင်းကြိုးဝိုင်းအတွက် သစ်ဘယ်လောက်ဖြန့်ဝေပြီးပြီလဲ။ ပျိုးပင်ဘယ်လောက်ဖြန့်ဝေပြီးပြီလဲ။ အဲဒါကိုလည်း ကျွန်တော် သိချင်ပါတယ်။ နောက်ဆုံးတစ်ချက်ကတော့ ဒီကျွန်တော် မေးတဲ့မေးခွန်းက ပယ်ဖျက်ပေးဖို့မဟုတ်ပါဘူး။ ပြုစုပျိုးထောင်ပေးဖို့ ဖြစ်ပါတယ်။ ဒါကိုလိုရင်းပြောတာပါ။ မပြုစုနိုင်ရင် နိုင်ငံတော်အတွက်လည်း အကျိုးမရှိ၊ ဒေသခံတွေအတွက်လည်းအကျိုးမရှိတဲ့အတွက် အဲဒါဆိုရင် ပယ်ဖျက်ပေးပါလို့ပဲ ကျွန်တော်က တင်ပြတာပါ။ အဲဒီတော့ ဒေသခံတွေက သစ်တောထဲမှာလာပြီးတော့ လုပ်နိုင်တယ်။ ဥပဒေဘယ်လောက်ဘယ်လောက်နဲ့ အခွန်ဆောင်ပြီးလုပ်နိုင်တယ်ဆိုတာကို ကျွန်တော် အဓိကလိုရင်း မေးတာမဟုတ်ပါဘူး။ ဒီကွမ်းချောင်းကြိုးဝိုင်းသစ်တောကို ပြန်ပြီးတော့ ပြုစုပျိုးထောင်ဖို့အစီအစဉ်ရှိ/မရှိနဲ့ ရှိတယ်ဆိုရင် ဘယ်တော့ စီစဉ်

ဆောင်ရွက်ပေးမယ်ဆိုတာ အဲဒါလေးနှစ်ချက်လောက်ကို ပြန်ဖြေပေးပါလို့။ ဟုတ်ကဲ့။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနက ဖြေကြားနိုင်က ဖြေကြားပေးပါ။

**ဖြေကြားချက်**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းရေးဝန်ကြီးဌာန)**။ ။ နိုင်ငံတော်ကပိုင်တဲ့ မြေပေါ်သယံဇာတနှင့် မြေအောက်သယံဇာတများဟာ မည်သူမဆိုသုံးစွဲလို့ရှိရင်ကတော့ နိုင်ငံတော်ကို သတ်မှတ်ထားတဲ့အခွန်အခပေးရပါတယ်။ သို့သော်လည်းပဲ ကျေးရွာသူကျေးရွာသားများအတွက် သုံးစွဲတဲ့မြေပေါ်သယံဇာတဖြစ်တဲ့ သစ်တောသယံဇာတကို သုံးစွဲလို့ရှိရင်တော့ မိမိသုံးအတွက်ဆိုရင်တော့ မလိုပါဘူးခင်ဗျား။ ဘာမှအခွန်အခပေးစရာမလိုပါဘူး။ စီးပွားဖြစ်အနေနဲ့ ထုတ်ယူသုံးစွဲရင်သာ ပေးရပါတယ်။ မိမိထင်းတစ်ချောင်း၊ ဝါးလေးတစ်ချောင်းထုတ်တာကိုတော့ အဲဒီအပေါ်မှာတော့ မကောက်ပါဘူးခင်ဗျား။ သို့သော် စီးပွားဖြစ်အနေနဲ့ အများအပြားထုတ်ရင်ကတော့ မည်သူမဆို မြေပေါ်၊ မြေအောက်သယံဇာတကိုတော့ အခွန်အခပေးရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့လည်းပဲ ဥပဒေနှင့်အညီဆိုတဲ့စကားကလည်းပဲ ဒါ အခုမှမဟုတ်ပါဘူး။ နှစ်ပေါင်း ၁၀၀ ကျော်ကတည်းက ချမှတ်ထားတဲ့ ဥပဒေအတိုင်း ၁၉၀၂ ခုနှစ်ကတည်းက ချမှတ်ထားတဲ့အတိုင်း စီးပွားဖြစ်ထုတ်ယူသူမှန်သမျှတော့ သူ့ ထိုက်သင့်တဲ့ ထုတ်ယူမှုအပေါ်မူတည်ပြီးတော့ ပေးရမှာဖြစ်ပါတယ်။

အခုနက ဒုတိယမေးခွန်းအနေနဲ့ ကျွန်တော်တို့ အခုနက ဒီမှာ ကွမ်းချောင်းအနေနဲ့ဆိုလို့ရှိရင် ဝေငှပြီးတဲ့ ပျိုးပင်ပေါင်းက မြို့နယ်အနေနဲ့ကတော့ ၄၀၀၀၀၀ ကျော်ရှိပါတယ်။ အခုနက ကွမ်းချောင်းအနေနဲ့ ပြောမယ်ဆိုရင်ကတော့ အားလုံးက ၃၀၀၀၀ နီးပါးရှိပါတယ်။ ဒါကြောင့်မို့လို့ ဒါကိုလည်းပဲ ဝေငှတဲ့အပင်တွေဟာ၊ တော်တော်များများဟာ ကျွန်တော်တို့က အခမဲ့ ဝေငှခြင်းဖြစ်ပါတယ်။ မိမိရဲ့ အသိစိတ်ဓာတ်နဲ့ မိမိရဲ့အပင်ကို မိမိယူပြီးတော့ သေသေချာချာစိုက်ပျိုးပြုစုမှသာလျှင် မိမိအတွက် သုံးစွဲရမှာဖြစ်ပါတယ်။ နိုင်ငံတော်က အခမဲ့ပေးထားတယ်ဆိုပင်ဆိုငြားသော်လည်းပဲ တော်တော်များများသည် အခမဲ့ပေးတဲ့အတွက်ကြောင့်မို့လို့ တချို့ကတော့ အားထုတ်မှုနည်းနည်းနဲ့ စိုက်ပျိုးတဲ့အခါမှာ သစ်ပင်တွေဖြစ်လာမှုက အတော်နည်းပါတယ်။ ကျွန်တော်တို့ ဝေငှထားတဲ့အပင်များကဖြင့်

မိမိရဲ့ သုံးဖို့အတွက် မိမိအတွက် အဆင်ပြေအောင်အတွက် နိုင်ငံတော်က အခမဲ့ပေးတာဖြစ်တဲ့ အတွက်ကြောင့်မို့လို့ မိမိစိုက်ပျိုးသူရဲ့စေတနာနဲ့ လုံ့လပေါ်တည်ပြီးတော့သာ မိမိ ခံစားရမှာဖြစ်ပါ တယ်။ ဒါကလည်းပဲ မိမိအတွက်ဖြစ်ပါတယ်။ ကျွန်တော်တို့ဌာနအတွက် လုံးဝမပါပါဘူး။ ဒီလို စိုက်ပျိုးတဲ့အပင်တွေပေါ်မှာပဲ ကျွန်တော်တို့ အခွန်တော် လုံးဝမကောက်ပါဘူး။ အဲဒီနည်းတူ ကျွန်တော် အခုနက တင်ပြတဲ့ ကွမ်းချောင်းရွာမှာရှိတဲ့ အခုနက ယာတွေထဲမှာပေးထားတဲ့၊ ဥယျာဉ်ခြံမြေထဲမှာ ပေးထားတဲ့ အခုနက ခြံမြေတွေကိုလည်းပဲ နိုင်ငံတော်က အခွန်တော်အားဖြင့် တစ်ဧကကို တစ်နှစ်မှ ၁၀၀၀ ပဲ ကျွန်တော်တို့က ကောက်ပါတယ်။ တစ်နည်းအားဖြင့် တစ်လမှ ၈၄ ကျပ်ပဲကျပါတယ်။ အဲဒီ မိမိစိုက်ပျိုးချင်တဲ့သီးနှံပင်များကိုလည်းပဲ လွတ်လွတ်လပ်လပ် ကိုယ်စိုက်ပျိုးလို့ရပါတယ်။ အခုနက ကျွန်တော် တင်ပြတဲ့အတိုင်းပါပဲ။ ၂၀၁၇ ခုနှစ်ကနေပြီးတော့ ၂၀၂၇ ခုနှစ်အထိဆွဲထားတဲ့ သစ်တော ပြန်လည်ပြုစုရေးစီမံကိန်းအရ ကွမ်းချောင်းအပါအဝင် ရခိုင်ပြည်နယ်တစ်ခုလုံးမှာ ဧကပေါင်း သိန်းနဲ့ချီပြီး ကျွန်တော်တို့ သစ်ပင်များကိုစိုက်ပျိုးပြီးတော့ ကြိုးဝိုင်းများကို တိုးချဲ့ဖွဲ့စည်းရန် ကျွန်တော် အခုနက တင်ပြတဲ့အတိုင်း အဖြေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ တင်ပြရမယ်ဆိုရင် ကတော့ ကွမ်းချောင်းအနေနဲ့ပတ်သက်လို့ရှိရင် ကျွန်တော်တို့ သစ်ပင်များလည်း ဝေငှပါတယ်။ ၃၀၀၀၀ နီးပါး။ ဒါကလည်း ပြည်သူများစိုက်ပျိုးဖို့လိုပါတယ်။ အခုလည်းပဲ ဆက်လက်ပြီးတော့ အခုလာတဲ့ မိုးမှာလည်း ဝေငှပါမယ်။ နောက်လည်းပဲ ဆက်လက်ဝေငှပြီးတော့ မိမိကို စိုက်ပျိုးရန် အတွက် အခုနက ဝေငှသောအပင်များကို ကြီးထွားအောင် စိုက်ပျိုးပြုစုပြီးတော့ မိမိရဲ့လိုအပ်တဲ့ ထင်းအပါအဝင် တခြားအသုံးအစွဲများကို သုံးဆောင်ရန်အတွက် မိမိကိုယ်တိုင် လုံ့လဝီရိယစိုက် ပြီးတော့ ပြုစုပျိုးထောင်ရန် လိုအပ်ပါကြောင်း တင်ပြလိုပါတယ်ခင်ဗျား။

**တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်ကြသော ပြည်ပရောက်မြန်မာနိုင်ငံသားအချင်းချင်း လက်ထပ် ပေါင်းသင်းရာမှ မွေးဖွားလာသောကလေးများအား မြန်မာနိုင်ငံအစိုးရမှ မြန်မာနိုင်ငံသားအဖြစ် အသိအမှတ်ပြု၊ တရားဝင်မွေးစာရင်းထုတ်ပေးရန်နှင့် တရားဝင်ကျောင်းသားအဖြစ် လက်ခံသင်ကြား ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ လွိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ မေးမြန်းဖို့ ဖြစ်ပါ တယ်။

**ဒေါက်တာဒေါ်ခင်စည်သူ(လွိုင်ကော်မဲဆန္ဒနယ်)။** ။ လေးစားရပါသော ပြည်သူ့ လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မက

တော့ ကယားပြည်နယ်၊ လွိုင်ကော်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်ခင်စည်သူ ဖြစ်ပါတယ်။ ကျွန်မရဲ့မေးခွန်းက နှစ်ပိုင်းဖြစ်ပါတယ်။ ပထမပိုင်းကတော့ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်ကြတဲ့ ပြည်ပရောက်မြန်မာနိုင်ငံသားအချင်းချင်းပေါင်းသင်းရာမှ မွေးဖွား လာတဲ့ကလေးများကို မြန်မာနိုင်ငံအစိုးရက မြန်မာနိုင်ငံသားအဖြစ် အသိအမှတ်ပြုတရားဝင် မွေးစာရင်းထုတ်ပေးရန်အစီအစဉ်ရှိ/မရှိ၊ အစီအစဉ်ရှိပါက မည်သို့မည်ပုံဆောင်ရွက်ပေးပါမည်နည်း ဆိုတာဖြစ်ပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး အကျိုးအကြောင်းကို ဖော်ပြရမယ်ဆိုရင် မြန်မာနိုင်ငံဟာ ဆင်းရဲနွမ်းပါးပြီး နိုင်ငံအတွင်းမှာ အလုပ်အကိုင်အခွင့်အလမ်းရှားပါးတဲ့အတွက် မြန်မာနိုင်ငံသားများ ဟာ တရားမဝင်ပြည်ပနိုင်ငံများမှာ အလုပ်သွားလုပ်ရပါတယ်။ တရားဝင်သွားရောက်အလုပ်လုပ်ချင် ပေမယ့် တရားဝင်နိုင်ငံကူးလက်မှတ်လုပ်ဖို့ ငွေကြေးများစွာ ကုန်ကျတဲ့အတွက်ကတစ်ကြောင်း၊ ပြည်တွင်းပြည်ပ အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီတွေကပဲဖြစ်ဖြစ်၊ ပွဲစားတွေကပဲဖြစ်ဖြစ်၊ ငွေကြေး လိမ်လည်မှုများရှိနေတာတွေကြောင့်တစ်ကြောင်း၊ မိမိကိုယ်တိုင်ကလည်း ပညာအရည်အချင်းနိမ့်နေ တာတွေကြောင့် ပြည်ပနိုင်ငံကို တရားမဝင်သွားရောက်အလုပ်လုပ်ရပါတယ်။ နိုင်ငံသားအချင်းချင်း ပြည်ပမှာ အလုပ်လုပ်ကိုင်ရင်း ပေါင်းသင်းရာက ကလေးများမွေးဖွားလာပါတယ်။ တရားဝင် မွေးစာရင်းရခွင့်မရှိလို့ မွေးလာတဲ့ကလေးတွေရော၊ မိဘတွေပါ ပြည်ပနိုင်ငံတစ်ခုခုရဲ့နိုင်ငံသားအဖြစ် ခံယူသွားကြတာလည်း မနည်းတော့ပါဘူး။ နိုင်ငံမဲ့လူသားဘဝဖြစ်နေခြင်းကလည်း ရင်နင့်စရာတွေ ဖြစ်နေပါတယ်။ အစိုးရရဲ့လူမှုကာကွယ်ရေးစောင့်ရှောက်မှုမရတဲ့အတွက် ကျွန်မတို့နိုင်ငံရဲ့အလွန် တန်ဖိုးရှိတဲ့ လူသားအရင်းအမြစ်ဆုံးရှုံးလာရပါတယ်။ ပြည်ပနိုင်ငံမှာ အလုပ်လုပ်ကိုင်ရင်း လူကုန်ကူး ခြင်းတွေလည်း ခံရပါတယ်။ လူ့အခွင့်အရေးများစွာ ဆုံးရှုံးလာရပါတယ်။ ကျွန်မတို့လူနည်းစု တိုင်းရင်းသားက ပိုများမယ်ထင်ပါတယ်။ Power Point ပြခွင့်ပြုပါရှင်။ ဒါကတော့ ကယား တိုင်းရင်းသားတွေရဲ့ဆင်းရဲစွာနေထိုင်ပြီး အလုပ်လုပ်နေရတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ ပြည်ပမှာ သွားရောက်ပြီးတော့မှ အလုပ်လုပ်ကိုင်ရင်း ကလေးတွေကြီးပြင်းလာပြီး မွေးစာရင်းမရလို့ အဲဒီမှာ ဒုက္ခသည်ဘဝနဲ့ နေထိုင်နေရတာတွေဖြစ်ပါတယ်။ ဒီပုံကလည်း ဒီအတိုင်းပါပဲ။ အဲဒီကလေးတွေ ဇာတိမြေပြန်ချင်လို့ သတင်းမီဒီယာများကတစ်ဆင့် ဖော်ပြကြတာတွေလည်း မနည်းတော့ပါဘူး။ ကျွန်မတို့တိုင်းရင်းသားမှမဟုတ်ပါဘူး။ တခြားတိုင်းရင်းသားမျိုးနွယ်စုလည်း ဒီအတိုင်းပဲ ခံစားနေ ရတာ အားလုံးအသိပင်ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးရှင်။ ဒီမေးခွန်းကို လွှတ်တော်မှာ မမေးခင် ကျွန်မတို့ရဲ့ဒေသမှာ သက်ဆိုင်ရာကို စုံစမ်းမေးမြန်းခဲ့ပါတယ်။ ၂၀၁၇ ခုနှစ် မေလအထိ ဒီမေးခွန်းရဲ့အဖြေကို ကျွန်မတို့လွိုင်ကော်မဲဆန္ဒနယ်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကရော၊ ကယားပြည်နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနကပါ ဒီကိစ္စအတွက် သီးသန့်အစီအစဉ်မရှိသေးပါကြောင်းနှင့် ငါးဦးကော်မတီဖြင့်သာ မြန်မာနိုင်ငံမှာမွေးတဲ့ကလေးကိုသာ လုပ်ပေးပါကြောင်း ဖြေကြားပါတယ်။ ဒုတိယမေးခွန်းကတော့ တရားမဝင် ပြည်ပနိုင်ငံများကို အလုပ်လုပ်ကိုင်ကြတဲ့ မြန်မာနိုင်ငံသားအချင်းချင်းပေါင်းသင်းရာက မွေးဖွားလာတဲ့ကလေးတွေကို တရားဝင်ကျောင်းသားများအဖြစ်လက်ခံသင်ကြားနိုင်ရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သို့ဆောင်ရွက်မည်ကို အသေးစိတ်သိလိုပါကြောင်း ဖြစ်ပါတယ်။ ကျွန်မတို့ဒေသမှာ မြန်မာနိုင်ငံအတွင်းမွေးဖွားတဲ့ကလေးများကို စာသင်ခွင့်ပေးထားပေမယ့် အထက်ပါကလေးမျိုးကို အစိုးရစစ်စာမေးပွဲအတွက် မွေးစာရင်းမှတ်ပုံတင်မရှိလို့ အခုထိအခက်အခဲရှိနေတာ ဖြစ်နေပါတယ်။ ဒါကြောင့် ပြည်သူလူထုများကိုယ်စား၊ မဲဆန္ဒရှင်များကိုယ်စား ဒုတိယဥက္ကဋ္ဌကို ကျွန်မက မေးရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွိုင်ကော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စည်သူ မေးမြန်းတဲ့ မေးခွန်းတစ်ခုနှင့်ပတ်သက်ပြီးတော့မှ ဖြေကြားရမယ်ဆိုလို့ရှိရင် ပြည်ပနိုင်ငံအသီးသီးမှာ တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်နေသူများနှင့် အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေတဲ့သူများထဲမှ နှစ်ပိုင်းဖြစ်ပါတယ်။ ပထမပိုင်းကတော့ နိုင်ငံသားဖြစ်နေဆဲပုဂ္ဂိုလ်များဖြစ်ပြီးတော့မှ ဒုတိယပိုင်းကတော့ အကြောင်းအမျိုးမျိုးကြောင့် အခြားနိုင်ငံသားအဖြစ် ခံယူထားတဲ့ မြန်မာနိုင်ငံသား

ဟောင်းများ ပါဝင်နေမှာဖြစ်ပါတယ်။ ဒါ့အပြင် တခြားနိုင်ငံသားအဖြစ် ခံယူထားခြင်းမရှိသော်လည်းဘဲ အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသားအဖြစ်မှ ဆုံးရှုံးသွားတဲ့ မြန်မာနိုင်ငံသားလည်း ရှိနေနိုင်ပါတယ်။ ဒါကြောင့်မို့လို့ အဲဒီထဲမှာ တခြားနိုင်ငံသားအဖြစ် ခံယူထားသူများနဲ့ မြန်မာနိုင်ငံသားအဖြစ် ဆုံးရှုံးသွားတဲ့ နိုင်ငံသားဟောင်းများအနေနဲ့ မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့် လျှောက်ထားဖို့လိုအပ်ပါတယ်။ ဒါမှသာလျှင် သူတို့မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ရယူပြီးမှသာလျှင် သူတို့ရဲ့ကလေးများကို မြန်မာနိုင်ငံသားများမှ မွေးဖွားတဲ့ကလေးများအဖြစ် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။ အဲဒီလိုလျှောက်ထားမှုများကိုလည်းပဲ စိစစ်ဆောင်ရွက်နိုင်ဖို့အတွက် မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(က)အရ အပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်ကို ပြည်ပရောက်မြန်မာနိုင်ငံသားဟောင်းများကို မြန်မာနိုင်ငံသားအဖြစ် သတ်မှတ်နိုင်ရေးစိစစ်ရေးအဖွဲ့ကို နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ အဲဒီအဖွဲ့အနေနဲ့ ပြည်ပသို့တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်ကြတဲ့ မြန်မာနိုင်ငံသားမိဘများက နိုင်ငံသားအဖြစ် ပြန်လည်လျှောက်ထားဖို့ လုပ်ငန်းအဆင့်ဆင့်ကို သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြမယ်ဆိုရင် အဲဒီလျှောက်ထားသူများနှင့်အတူ တစ်ပါတည်းပဲ ပြည်ပတွင်မွေးဖွားတဲ့သားသမီးများကိုလည်းပဲ လျှောက်ထားနိုင်ပါတယ်။ ပြည်ပတွင် မွေးဖွားကြောင်း မွေးစာရင်းလက်မှတ်ကိုလည်းပဲ သက်ဆိုင်ရာသံရုံး၊ ကောင်စစ်ရုံးများကို တင်ပြပြီးတော့မှ ပြည်ပမှာ မွေးဖွားခြင်းမှာမှန်ကန်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြမယ်ဆိုရင် မြန်မာနိုင်ငံသားဟောင်းများရော၊ ပြည်ပမှာမွေးတဲ့ မြန်မာနိုင်ငံသားဟောင်းများရဲ့သားသမီးများပါ မြန်မာနိုင်ငံသားအဖြစ် ပြန်လည်လျှောက်ထားနိုင်ပါတယ်။ အဲဒီစိစစ်ရေးအဖွဲ့အနေနဲ့ မြန်မာနိုင်ငံသားအဖြစ် ပြန်လည်သတ်မှတ်သင့်ကြောင်း သဘောထားမှတ်ချက်ရမယ်ဆိုရင် အစိုးရအဖွဲ့ရဲ့အတည်ပြုချက်နဲ့ မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ရရှိမယ်ဆိုရင် မြန်မာနိုင်ငံသားများအနေနဲ့ မြန်မာနိုင်ငံသားအခွင့်အရေးနှင့်အညီ သူရဲ့သားသမီးများကိုလည်းပဲ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ ၇ ပုဒ်မခွဲ(က)အရ မြန်မာနိုင်ငံသားတစ်ဦးခံစားခွင့်ရရှိတဲ့ တာဝန်နှင့်အခွင့်အရေးများကို ရရှိမှာဖြစ်ပါတယ်။ ပြည်ပမှာ မြန်မာနိုင်ငံသားနှစ်ဦးက မွေးဖွားတဲ့သားသမီးများအတွက် ကလေးမွေးဖွားကြောင်း မွေးစာရင်းနဲ့အတူ တစ်နှစ်အတွင်းမှာ မိဘ သို့မဟုတ် အုပ်ထိန်းသူက သံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးသို့ အကြောင်းကြားရမှာဖြစ်ပါတယ်။ အဲဒီကိစ္စကတော့ မြန်မာနိုင်ငံသားဖြစ်နေဆဲပုဂ္ဂိုလ်များပဲ ဖြစ်ပါတယ်။ တစ်နှစ်အတွင်းမှာ ကောင်စစ်ဝန်ရုံး၊ သံရုံးက နိုင်ငံတော်ပြင်ပမှာ မွေးဖွားခြင်းမှတ်တမ်းပုံစံ နိုင်(၈)ကို ထုတ်ပေးမှာဖြစ်ပါတယ်။ နိုင်ငံတော်ပြင်ပမှာ မွေးဖွားခဲ့တဲ့ ကလေးများနဲ့ပတ်သက်ပြီးတော့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိနေထိုင်မယ်ဆိုရင် မိဘအုပ်ထိန်းသူ၊ အိမ်ထောင်စုဝင်စာရင်း

မှာ အမည်သွင်းပြီးတော့မှ မြို့နယ်ဦးစီးမှူးရုံးသို့ သတ်မှတ်တဲ့အထောက်အထားစာရွက်များနဲ့အတူ လာပြီးတော့မှ လျှောက်ထားမယ်ဆိုရင် မွေးစာရင်းများ ရရှိမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ထုတ်ပေးမှာဖြစ်ပါတယ်။ ပြည်ပနိုင်ငံများမှာ တရားမဝင်၊ တရားဝင်သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိတဲ့ မြန်မာနိုင်ငံသားအချင်းချင်းလက်ထပ်ပေါင်းသင်းရာမှ မွေးဖွားတဲ့ကလေးများနဲ့ပတ်သက်ပြီးတော့မှ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြန်မာနိုင်ငံသားအဖြစ် အသိအမှတ်ပြုပြီးတော့မှ ဆောင်ရွက်ပေးလျက်ရှိပါတယ်လို့ ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားလိုပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ပနိုင်ငံကို တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်နေသူများမှာ အဓိကအားဖြင့် အိမ်နီးချင်း ထိုင်းနိုင်ငံနယ်စပ်များမှတစ်ဆင့် သွားရောက်လုပ်ကိုင်သူတွေများပါတယ်။ အဲဒီသူများနဲ့ပတ်သက်ပြီးတော့မှလည်းပဲ လက်ရှိအနေအထားမှာကို ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ထိုင်းနိုင်ငံအစိုးရတို့နှင့် ညှိနှိုင်းပြီးတော့မှ ထိုင်းနိုင်ငံအတွင်းမှာ ဘန်ကောက်မြို့မှာရှိတဲ့မြန်မာသံရုံးနဲ့ ခရိုင်စခန်းခြောက်ခုမှာ ကျွန်တော်တို့ရဲ့ဝန်ထမ်းများကို စေလွှတ်ပြီးတော့မှ အလုပ်သမားများကို နိုင်ငံသားဟုတ်/မဟုတ် စိစစ်ပြီးတော့မှ မြန်မာနိုင်ငံကူးလက်မှတ်များ ထုတ်ပေးတာတွေ၊ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်(C of I)ထုတ်ပေးခြင်းတွေကို ဆောင်ရွက်လျက်ရှိပြီးတော့မှ တရားဝင်နေထိုင်လုပ်ကိုင်နိုင်ရန် ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်ပေးစေခြင်းအားဖြင့် ထိုင်းနိုင်ငံအတွင်းမှာ တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်နေတဲ့ မြန်မာနိုင်ငံသားအလုပ်သမားများ တရားဝင်နေထိုင်လုပ်ကိုင်ခွင့်ရရှိပြီးတော့မှ ပြည်ပရောက်နိုင်ငံသားများအချင်းချင်းလက်ထပ်ပေါင်းသင်းရာမှ မွေးဖွားလာတဲ့ကလေးများကိုလည်း မြန်မာနိုင်ငံသားဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တရားဝင်မြန်မာနိုင်ငံသားအဖြစ် အသိအမှတ်ပြုဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားတဲ့ တရားမဝင်အလုပ်လုပ်ကိုင်ကြတဲ့ ပြည်ပရောက်မြန်မာနိုင်ငံသားအချင်းချင်းလက်ထပ်ပေါင်းသင်းရာမှ မွေးဖွားလာတဲ့ကလေးများကို မြန်မာနိုင်ငံသားအဖြစ် အသိအမှတ်ပြုရန်ကိစ္စနှင့်ပတ်သက်ပြီးတော့မှ မိဘများ ဥပဒေနှင့်အညီ တရားဝင်လုပ်ကိုင်စေရန် ဆောင်ရွက်ပြီးတော့မှ မွေးဖွားလာတဲ့သားသမီးများကိုလည်းပဲ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံသားအဖြစ် အသိအမှတ်ပြုဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပထမမေးခွန်းကို ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဒုတိယအပိုင်းနဲ့ပတ်သက်ပြီးတော့မှ အဲဒီပြည်ပရောက်မြန်မာနိုင်ငံသားများ မွေးဖွားလာတဲ့ ကလေးငယ်များနဲ့ပတ်သက်ပြီးတော့မှ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းပြင်ပနဲ့ တစ်သက်တာ ပညာရေးဦးစီးဌာနအနေနဲ့ မြန်မာနိုင်ငံသား သားသမီးများအနက်မှ ထိုင်းနိုင်ငံ၊ မဲဆောက်မြို့နယ် အတွင်းမှာ ပြည်ပရောက်နိုင်ငံသားများရဲ့သားသမီးများကို ပညာသင်ယူနိုင်ဖို့အတွက်ကို ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ ကျောင်းပြင်ပမူလတန်းပညာရေးအစီအစဉ်ကို ဌာနဘဏ္ဍာရေးရန်ပုံငွေနဲ့ အခြေစိုက်စခန်း ၁၃ ခုမှာ ဆရာဆရာမ ၃၀ ဦးနဲ့ အဆင့်(၁)သင်ယူသူ ၃၄၁ ဦးရှိပါတယ်။ အဆင့်(၂) သင်ယူသူ ၂၂၂ ဦးကို သင်ကြားပို့ချပေးလျက်ရှိပါတယ်။ အဲဒီကျောင်းသားများအနေနဲ့ ကျောင်းပြင်ပ မူလတန်းပညာရေးအဆင့်(၁)ပြီးဆုံးခဲ့သူသည် မြန်မာနိုင်ငံအတွင်း ဆက်လက်ပညာသင်ယူတယ် ဆိုရင်လည်းပဲ ကျောင်းပြင်ပမူလတန်းပညာရေးအဆင့်(၂) သို့မဟုတ် ကျောင်းပညာရေးမူလတန်း အဆင့်ကို ဆက်လက်သင်ယူနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် ကျောင်းပြင်ပမူလတန်းပညာရေးအဆင့်(၂) ပြီးဆုံးခဲ့သူဖြစ်ပါကလည်းပဲ ကျောင်းပညာရေးအလယ်တန်းအဆင့်ကို စတင်ဝင်ရောက်သင်ယူနိုင် ရေးအတွက်ကို ပညာရေးဝန်ကြီးဌာနအနေနဲ့ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြလိုပါတယ်။ အလားတူပါပဲ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာလေးကို ရှင်းလင်းတင်ပြ မယ်ဆိုရင် မွေးဖွားလာတဲ့ကလေးတိုင်းဟာ တရားဝင်မွေးစာရင်းရရှိရေးနှင့် ကျောင်းနေအရွယ် ရောက်မယ်ဆိုလို့ရှိရင် တရားဝင်ကျောင်းသားအဖြစ် လက်ခံသင်ကြားနိုင်ခွင့်ရှိရေးသည် အခြေခံ လူ့အခွင့်အရေးတစ်ခုပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မွေးဖွားလာတဲ့ကလေးတိုင်းကို မွေးစာရင်း ထုတ်ပေးခြင်းလုပ်ငန်းကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများမှတစ်ဆင့် ဆောင်ရွက်ပေးနေပါတယ်။ ဒါကတော့ ပြည်တွင်းမှာ ဆောင်ရွက်ပေးတဲ့လုပ်ငန်းဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ မွေးဖွားမှုနဲ့ သေဆုံးခြင်းဆိုင်ရာ မှတ်ပုံတင်ခြင်းကို ဗဟိုစာရင်းအင်းအဖွဲ့မှ ထုတ်ပြန်ထားတဲ့ မွေးဖွားမှု၊ သေဆုံးခြင်းနှင့် မှတ်ပုံတင်ဆိုင်ရာ စာအုပ်ပါ ညွှန်ကြားချက်အတိုင်း မွေးဖွား၊ သေဆုံးခြင်း၊ မှတ်ပုံတင်ခြင်းအား ဖြစ်ပေါ်တဲ့နေရာ (Place of Occurrence)အတွင်းမှာသာ မှတ်ပုံတင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ ကျွန်တော်ဆိုလိုချင်တာကတော့ ပြည်ပနိုင်ငံအတွင်းမှာ ရောက်ရှိနေတဲ့ နိုင်ငံသားများရဲ့ကလေးများကိုတော့ ကျွန်တော်တို့နိုင်ငံအနေနဲ့ လက်ရှိဆောင်ရွက်ပေးနိုင်ခြင်းမရှိပါဘူး။ ဒီကိစ္စများက အင်မတန်ကျယ်ပြန့် ပြီးတော့မှ သက်ဆိုင်ရာနိုင်ငံများရဲ့ခွင့်ပြုချက်များလည်း ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် လက်ရှိ အနေ အထားကတော့ ပြည်ပနိုင်ငံများအထိ သွားရောက်လုပ်ကိုင်ပေးနိုင်သည့်အနေအထားတော့ မရှိသေးပါ ဘူး။ တရားမဝင်သွားရောက်လုပ်ကိုင်နေကြတဲ့ ပြည်ပရောက်မြန်မာနိုင်ငံသားအချင်းချင်းလက်ထပ်

ပေါင်းသင်းရာက မွေးဖွားလာတဲ့ကလေးများကို တရားဝင်ထုတ်ပေးနိုင်တဲ့အခြေအနေလည်းပဲ မရှိသေးပါဘူး။ အဲဒီကိစ္စဟာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတစ်ခုတည်းနဲ့လည်း ဆောင်ရွက်ရတဲ့အနေအထားမဟုတ်ပါဘူး။ ပြည်ပနိုင်ငံများမှာ တရားမဝင်သွားရောက်လုပ်ကိုင်ကြတဲ့ မြန်မာနိုင်ငံသားများမှ မွေးဖွားတဲ့ကလေးတိုင်းဟာ မွေးစာရင်းတရားဝင်ထုတ်ပေးရေးကိစ္စဟာ သီးခြားကိစ္စသတ်မှတ်ပြီးတော့မှ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းဒေသကြီး/ပြည်နယ် ကျန်းမာရေးဦးစီးဌာနနှင့် တခြားနိုင်ငံတကာအဖွဲ့အစည်းများနဲ့ ပေါင်းစပ်ညှိနှိုင်းပြီးတော့မှ ရှေ့လုပ်ငန်းစဉ်များ၊ နည်းဗျူဟာများ ချမှတ်ပြီးတော့မှ စီစဉ်ဆောင်ရွက်နေလျက်ရှိကြောင်းကို ကျန်းမာရေးဝန်ကြီးဌာနက ဖြေကြားထားပါတယ်။ နိဂုံးချုပ်အနေနဲ့တင်ပြလိုတာကတော့ ပြည်ပရောက်တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်နေတဲ့ နိုင်ငံသားများအနေနဲ့ မိမိတို့ရဲ့မှတ်ပုံတင်စာရင်းရရှိရေး၊ အိမ်ထောင်စုစာရင်းရရှိရေး၊ မိမိတို့ရဲ့ပြည်ပမှာ မွေးဖွားတဲ့ကလေးများ မွေးစာရင်းရရှိရေးကို ပြည်တွင်းမှာရှိတဲ့ သတ်မှတ်ထားတဲ့ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စောင့်ရှောက်ပေးမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံသားများဖြစ်တဲ့အတွက် ကျွန်တော်တို့ဝန်ကြီးဌာန၊ ကျွန်တော်တို့နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံသားများကို အခြေခံလူ့အခွင့်အရေးများနှင့်အညီ ဆောင်ရွက်ပေးမယ့်လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့ကိစ္စရပ်များကိုလည်းပဲ ကျွန်တော်တို့အလေးအနက်ထားပြီးတော့မှ သက်ဆိုင်ရာဒေသမှာ မည်သို့မည်ပုံဆောင်ရွက်လို့ရကြောင်း ညှိနှိုင်းပြီးတော့မှ နိုင်ငံသားများအတွက် အခွင့်အရေးများ ရရှိအောင်နှင့် မွေးစာရင်းများထုတ်ပေးနိုင်ရေးအတွက်ကို ဆောင်ရွက်သွားပါမယ်။ ရွှေ့ပြောင်းနိုင်ငံသားလုပ်သားများအနေနဲ့လည်းပဲ မိမိနိုင်ငံမှာထုတ်ပြန်ထားတဲ့ လုပ်ထုံးလုပ်နည်းများနဲ့အညီ ဆောင်ရွက်နိုင်ရေးကိုလည်းပဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများက ပညာပေးမှုများ၊ စည်းရုံးမှုများနဲ့ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ပေးသင့်ပါကြောင်း၊ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့လည်းပဲ အစွမ်းကုန်ကြိုးစားပြီးတော့မှ ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြေကြားအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာဒေါ်ခင်စည်သူ(လှိုင်ကော်မဲဆန္ဒနယ်)**။ ။ ပြည်ထောင်စုဝန်ကြီး စုံစုံလင်လင်ဖြေသွားပေးတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်။ ဝန်ကြီးဖြေသွားတဲ့အထဲမှာ ကျွန်မတို့ပြည်ပနိုင်ငံမှာ အလုပ်လုပ်နေတဲ့ မိဘရော၊ ကလေးရောကို ကောင်စစ်ဝန်ရုံးမှာ သွားပြီးတော့

ချိတ်ဆက်ပြီး လုပ်ထုံးလုပ်နည်းနဲ့အညီ လုပ်ရမယ်ဆိုတဲ့ဟာက ရှိပါတယ်။ အဲဒါလည်း တချို့လုပ်နေပါတယ်။ အကန့်တခုကဘာလဲဆိုရင် အဲဒီမှာတရားမဝင်သွားလုပ်တဲ့အတွက် တရားစွဲခံရမှာတို့၊ ဆက်ပြီးတော့မှ ဖြစ်စဉ်တွေဖြစ်လာမှာမို့လို့ ကြောက်ပြီးတော့ အဲဒီမှာဆက်မလုပ်ဘဲနဲ့ သူတို့ကလည်း အိမ်ထောင်စုစာရင်းဝင်မြန်မာနိုင်ငံအတွင်းမှာရှိတဲ့အတွက် ပြန်လာတာတွေလည်းရှိပါတယ်။ သို့သော်လည်း ကလေးကတော့ နိုင်ငံမဲ့ဖြစ်နေသေးတယ်။ ပြီးတော့ မွေးစာရင်း(Birth Certificate)လည်း မရပါဘူး။ ဒီအခက်အခဲလေးကိုလည်း သီးခြားထပ်ပြီးတော့မှ ဆက်စပ်နေတဲ့အတွက် ရှင်းလင်းအောင်မေးရခြင်းဖြစ်ပါတယ်။ အခုထက်ထိ၊ ဒီရက်အထိ ဒီမိဘတွေက တရားမဝင်သွားပြီး ပြန်လာတဲ့အခါ ကလေးတွေက၊ အမေ၊ အဖေတွေက တရားမဝင်အလုပ်သမားဖြစ်လို့၊ Register မလုပ်ရဲလို့ ပြန်လာတဲ့အတွက် ဒီအခက်အခဲကို စဉ်းစားဖြေရှင်းပေးဖို့ မေတ္တာရပ်ခံပါတယ်။ ညွှန်ကြားပေးဖို့လည်း မေတ္တာရပ်ခံပါတယ်။ နောက်တစ်ခုက ပညာရေးဖြစ်ပါတယ်။ ပညာရေးက ဟိုတလောက ပညာရေးစီမံကိန်းမှာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရှင်းပြသွားတာက ဘယ်ပုံစံပဲဖြစ်ဖြစ် ကျောင်းနေဖို့ လက်ခံရမယ်ဆိုတဲ့မူဝါဒရှိတာကိုလည်း သိပါတယ်။ လက်လည်းလက်ခံနေတာလည်း သိပါတယ်။ သို့သော်လည်း အစိုးရစစ်စာမေးပွဲတွေမှာ မှတ်ပုံတင်နံပါတ်တို့၊ ဘာတို့ပေးရတဲ့အတွက် မပေးနိုင်တဲ့အတွက် အစိုးရစစ်စာမေးပွဲတွေကို ဖြေခွင့်မရတဲ့အတွက် လူသားအရင်းအမြစ် ဆုံးရှုံးရပါတယ်။ လူငယ်တွေကိုလည်း အညွန့်ချိုးသလိုဖြစ်ပါတယ်။ ဒါကြောင့် တက်သစ်စလူငယ်တွေအတွက် စဉ်းစားပေးပြီးတော့ ပြန်လာတဲ့ကလေးတွေ မှတ်ပုံတင်ရရှိရေးနဲ့ မွေးစာရင်းရရှိရေးကို ညွှန်ကြားပေးပါ။ ဘယ်လိုထပ်လုပ်ပေးနိုင်မလဲဆိုတာဖြေကြားပေးဖို့ ကျွန်မမေတ္တာရပ်ခံပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ထပ်ဆင့်မေးမြန်းတဲ့မေးခွန်းနဲ့ပတ်သက်ပြီးတော့မှ ဖြေကြားရမယ်ဆိုလို့ရှိရင် လက်ရှိအနေအထားအရတော့ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီသာ ဆောင်ရွက်ပေးနိုင်ပါတယ်။ သို့ရာတွင် မွေးစာရင်းကိစ္စကတော့ ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနနှင့်ညှိနှိုင်းဆောင်ရွက်ပါမယ်။ ပညာရေးကိစ္စကိုလည်းပဲ ပညာရေးဝန်ကြီးဌာနနှင့်ညှိနှိုင်းပြီးတော့မှ ကျွန်တော်တို့နိုင်ငံသားများရဲ့ကလေးများ နိုင်ငံသားပြန်လည်ရရှိရေးနှင့် သူတို့ရဲ့အခွင့်အရေးများ၊

ပညာရေး၊ ကျန်းမာရေးကိစ္စများ မဆုံးရှုံးရေးအတွက်ကို ကျွန်တော်ညှိနှိုင်းပြီးတော့မှ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**သာစည်မြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြို့နယ်ဦးစီးဌာနမှူးရုံးအတွက် မြေနေရာရရှိရေးနှင့် အဆောက်အဦသစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းစိုး(သာစည်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ သာစည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သာစည်မြို့နယ်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် မှတ်ပုံတင်ဦးစီးဌာန၊ ရုံးမြေနေရာနှင့် အဆောက်အဦကိစ္စကို မေးမြန်းမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ သာစည်မြို့နယ်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ မြို့နယ်မှူးရုံးကို ၁၉၆၀ ခုနှစ်မှစတင်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အိုးအိမ်ဦးစီးဌာနမှ ငှားရမ်း၍ ဖွင့်လှစ်အသုံးပြုလျက်ရှိပါတယ်။ ရုံးပိုင်မြေနေရာရရှိရေးနှင့် အဆောက်အဦသစ်ဆောက်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာသို့တင်ပြထားသော်လည်း ယခုအချိန်အထိ မရရှိသေးကြောင်း သိရပါတယ်။ လက်ရှိငှားရမ်းအသုံးပြုနေသည့်ရုံးမှာ ကျယ်ဝန်းခြင်းမရှိသည့်အတွက် အမှုတွဲများထိန်းသိမ်းခြင်း၊ အမှုတွဲများထားရှိရန်အတွက် မြို့နယ်သမအသင်းစုပိုင်ဂိုဒေါင်ကို တစ်လလျှင်ခြောက်ထောင်နှုန်းဖြင့် ငှားရမ်းအသုံးပြုနေကြောင်း သိရှိရပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ရုံးမြေနေရာစတင်ငှားရမ်းစဉ်က အိုးအိမ်ဦးစီးဌာနသို့ တစ်လလျှင် ၁၀၆ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ၂၀၁၅ ခုနှစ်မှစ၍ တစ်လလျှင် ၁၃၆၅၀ ကျပ်နှုန်းဖြင့် ပေးချေရကြောင်း သိရှိရပါတယ်။ ပြောင်းလဲလာတဲ့ခေတ်စနစ်နဲ့လျော်ညီစွာ ရုံးလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် ရုံးခန်းများ မှတ်တမ်းထားရှိရေးအခန်းများ၊ ကွန်ပျူတာခန်းများ၊ လူထု

နားနေနိုင်ရန်နှင့် သန့်ရှင်းသည့်သန့်စင်ခန်းများထားရှိရေးတို့အတွက် ရုံးအဆောက်အဦသစ်ဆောက်လုပ်ရန် အမှန်တကယ်လိုအပ်နေပါတယ်။ ဒါမှသာ ပြည်သူများရုံးသို့လာရောက်လျှင် အဆင်ပြေချောမွေ့နိုင်မှာဖြစ်တဲ့အတွက် သာစည်မြို့နယ်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးအတွက် မြေနေရာရရှိရေးနှင့် အဆောက်အဦသစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ သာစည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့မှ ကျွန်တော်ကပဲ ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောကြားသွားသလိုပါပဲ။ ကျွန်တော်တို့ သာစည်မြို့နယ်၊ အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန၊ မြို့နယ်ဦးစီးဌာနရုံးဟာ ၁၉၆၀ ခုနှစ်ကစပြီးတော့မှ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အိုးအိမ် ဦးစီးဌာနက ငှားရမ်းပြီးတော့မှ အသုံးပြုတဲ့ရုံးလည်းဖြစ်ပါတယ်။ အခန်းကလည်း ကျဉ်းနေပါတယ်။ မှတ်တမ်းများထားစရာမရှိတဲ့အတွက်လည်းပဲ ဂိုဒေါင်ကိုငှားရမ်းပြီးတော့မှ ဆောင်ရွက်နေရပါတယ်။ ဒီကိစ္စကိုလည်းပဲ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ သိရှိပြီးတော့မှ သက်ဆိုင်ရာတိုင်းဒေသကြီးမှာ မြေနေရာရရှိရေး လျှောက်ထားဆဲဖြစ်ပါတယ်။ အလားတူပဲ ရုံးဆောက်လုပ်နိုင်ရေးအတွက်ကိုလည်းပဲ ဘဏ္ဍာငွေတောင်းခံခဲ့ပါတယ်။ သို့ရာတွင် နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေစိစစ်ထည့်တွက်မှုအရ ရုံးသစ်ဆောက်လုပ်ဖို့လိုအပ်တဲ့ရုံးတွေကို ဦးစားပေးအဆင့်အလိုက် ဆောင်ရွက်နေရပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့နေရာမှာလည်းပဲ အန္တရာယ်ရှိတဲ့ အဆောက်အဦများကို ကျွန်တော်တို့ ဦးစားပေး ဆောင်ရွက်ပါတယ်။ ပြီးတော့မှ မြေနေရာရှိတဲ့ မြို့နယ်များကို ဦးစားပေးဆောက်လုပ်ပါတယ်။ မြေနေရာမရှိတဲ့မြို့နယ်များကိုလည်းပဲ မြေနေရာရရှိရေးကို တောင်းခံပြီးတော့မှ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဝန်ကြီးဌာနကို ဌာနပိုင်မြေ သတ်မှတ်ပေးမယ်ဆိုရင် ဆောက်သွားမှာဖြစ်ပြီးတော့မှ လက်ရှိအနေအထားမှာတော့ ဌာနပိုင်မြေချမှတ်ပေးခြင်းမရှိတဲ့အတွက် ရုံးအဆောက်

အညီ ဆောက်လုပ်နိုင်ခြင်းမရှိသေးပါကြောင်းနှင့် ကျွန်တော်တို့ ဝန်ကြီးဌာနပိုင်မြေနေရာရရှိမယ်ဆိုလို့ ရှိရင် ဘဏ္ဍာငွေတောင်းခံပြီးတော့မှ မြို့နယ်ရုံးအဆောက်အဦအား ဆက်လက်ဆောက်လုပ်ပေးသွားမှာဖြစ်ကြောင်း လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ပြန်လည်ထွက်ခွာလို့ရပါပြီ။

**မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်၊ ပေတောကျေးရွာအုပ်စု၊ ကဗွဲကျေးရွာနှင့် ပေတောကျေးရွာ(၂)ရွာကြား ချစ်ချောင်းကိုဖြတ်၍ ဖောက်လုပ်ထားသော မီးရထားတံတားအား ကားများအချိန်မရွေးသွားလာနိုင်ရန် ပြုပြင်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်သိုက်(ဆိပ်ဖြူမဲဆန္ဒနယ်)။** ။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိုက်ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ ဆိပ်ဖြူမြို့နယ်၊ ပေတောကျေးရွာနှင့် ကဗွဲကျေးရွာကြား ချစ်ချောင်းကိုဖြတ်ပြီးတော့ ဖောက်လုပ်ထားတဲ့ မီးရထားတံတားကို ကားများသွားလာလို့ရ၊ မရ မေးမှာဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်အတွေ့အကြုံ ရှင်းလင်းပွဲမှာ ၁၂-၁၁-၂၀၁၆ ရက်နေ့သွားတဲ့အခါမှာ ပေတောနှင့် ကဗွဲရထားလမ်းကို ကားလမ်းဖြစ်ဖို့အတွက် သူတို့တင်ပြကြပါတယ်။ အဲဒီတော့ ကဗွဲကျေးရွာကို ငွေးချို-ချောက်-ဆိပ်ဖြူ-ပခုက္ကူလမ်းပေါ်ကနေပြီးတော့ ၁၃ မိုင်နဲ့ ၃ ဖာလုံကနေပြီး ဝင်ရပါတယ်။ ပေတောကျေးရွာကျတော့ မင်းဘူး-စလင်း-ဆိပ်ဖြူ-ဆောလမ်းကနေပြီးတော့ မှတ်တိုင် ၁၂ မိုင်မှာ စဝင်ရပါတယ်။ အဲဒီလို လမ်းနှစ်လမ်းရဲ့ ဆက်သွယ်မှုလမ်းကြောင်း အားလည်းကောင်းပါတယ်။ ကျေးရွာချင်းဆက်လမ်းတွေလည်းကောင်းပါတယ်။ အဲဒီတော့ ဒီတံတားကိုဆောက်လိုက်မယ်ဆိုရင်တော့ အလွန်ကောင်းမယ်။ ကျွန်တော်တို့ ပြည်သူလူထုက အလွန်အင်မတန် သဘောကျမယ်၊ နှစ်ခြိုက်မယ့်အနေ အထားရှိပါတယ်။ ပီတိဖြစ်မယ့်အနေအထားရှိပါတယ်။ ဒီတံတားရဲ့အောက်ပိုင်းမှာ တစ်မိုင်ခွဲလောက် ဝေးတဲ့နေရာမှာ ခြံထောက်နဲ့

ရွာသစ်ကိုဖြတ်ထားတဲ့ ချစ်ချောင်းကိုဖြတ်ထားတဲ့ ရေကျော်တစ်ခုရှိပါတယ်။ ဒီရေကျော်ဟာဆိုရင် မိုးတွင်းမှာ တောင်ကျရေသော်လည်းကောင်း၊ မိုးအဆက်မပြတ်ရွာတဲ့အချိန်မှာသော်လည်းကောင်း ကားများဖြင့် ကုန်စည်စီးဆင်းမှုဟာ အလွန်အင်မတန်ရပ်တန့်သွားပါတယ်။ တစ်ခါတလေဆိုရင် တစ်နေ့လုံး စောင့်ရပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးတွေ ရပ်တန့်ပါတယ်။ ပညာရေးဆိုလည်း ကျောင်းသားတွေ ကျောင်းမတက်နိုင်ပါဘူး။ ကျန်းမာရေးဆိုလည်း ကျွန်တော်တို့ လူနာတွေ မသွားလာနိုင်ပါဘူး။ ထိခိုက်ဒဏ်ရာရတဲ့သူတွေ၊ အလောတကြီးဖြစ်နေတဲ့ဟာတွေ၊ Accident ဖြစ်နေတာတွေ၊ နောက် လယ်သမားများကျတော့ သူတို့လယ်တွေ၊ ယာတွေကို သွားချင်သလိုသွားလို့မရပါဘူး။ အဲဒီလို သဘောတရားတွေရှိနေပါတယ်။ ဒါကြောင့် ကျွန်တော်က ပခုက္ကူနဲ့ ဆိပ်ဖြူကိုဆက်ထားတဲ့ ယောချောင်းတံတားကိုဖြတ်ပြီးတော့ ဖောက်လုပ်ထားတဲ့ မီးရထားတံတားဟာ ကားများသွားလို့ရသကဲ့သို့ ကျွန်တော်တို့ ကဖွဲ့နဲ့ ပေတော ရထားလမ်းကိုလည်းပဲ သွားလို့ရအောင် လုပ်ပေးစေချင်ပါတယ်။ ဒါကြောင့် Power Point ပြခွင့်ပြုပါ။ ဒီတံတားဟာ ကျွန်တော်တို့ ပခုက္ကူဘက်ကိုသွားတဲ့မီးရထားတံတားဖြစ်ပါတယ်။ အဲဒီတံတားရဲ့ အောက်က Beam ငါးချောင်းနဲ့ ၈၅ ပေရှည်တဲ့ လေးချောင်းနဲ့ လုပ်ထားပါတယ်။ ဒီတံတားကတော့ ကဖွဲ့နဲ့ ပေတောကိုဆက်ထားတဲ့ မီးရထားတံတားဖြစ်ပါတယ်။ သူက Beam Size နဲ့တူပါတယ်။ သူကလည်း ၈၅ ပေရှည်ပါတယ်။ သူက Beam က ငါးချောင်း ထည့်ထားပါတယ်။ ဒါ ပထမသူတို့ ရည်ရွယ်ချက်ရှိတဲ့သဘောပါ။ အဲဒီတော့ အကျယ်က ၂၂ ပေကျယ်ပါတယ်။ ဒီ ၂၂ ပေမှာ တစ်ဖက် လူသွားလမ်း ပလက်ဖောင်း ၆ ပေကို နှုတ်မယ်ဆိုရင် ၁၆ ပေပဲ ကျန်ပါတယ်။ အဲဒီတော့ ဒီကောင်ကို ကျွန်တော်တို့က ရထားလမ်းလုပ်မယ်ဆိုရင် Beam က ခံနိုင်တဲ့အားတွေလည်းရှိပါတယ်။ ကျွန်တော့် အမြင်အရ။ အဲဒီတော့ ဒုတိယဥက္ကဋ္ဌကြီးကို ကျွန်တော်မေးချင်တာက ဒီချစ်ချောင်းကိုဖြတ်ပြီးတော့ ကဖွဲ့နဲ့ပေတောကို ဆက်သွယ်ထားသော မီးရထားတံတားအား ကားများသွားလာနိုင်သော မီးရထား ကားလမ်းပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်ကာလတွင်စတင်ဆောင်ရွက်မည် ဖြစ်ကြောင်းနှင့် မရှိပါက အဘယ့်ကြောင့်ဆိုသည်ကိုသိရှိလို၍ ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း အပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**မူကြမ်း**

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ညွှေသည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်၊ ပေတောကျေးရွာအုပ်စု၊ ကဖွဲ့ကျေးရွာနှင့် ပေတောကျေးရွာ(၂)ရွာကြားမှာ ချစ်ချောင်းကိုဖြတ်ပြီးတော့ ဖောက်လုပ်ထားတဲ့ မီးရထားတံတားကို ကားတွေအချိန်မရွေးသွားလာနိုင်အောင် ပြုလုပ်ပေးနိုင်ခြင်းရှိ/မရှိမေးမြန်းတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိုက်ရဲ့မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော့်ကို Power Point သုံးခွင့်ပြုပါခင်ဗျား။ ဒါကတော့ ခုနတုန်းက ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးတင်ပြတဲ့ Power Point ထဲမှာလည်းပါတဲ့ ရထားလမ်းတံတားဖြစ်ပါတယ်။ အဲဒါက တော့ ၉၃၅ ပေကျယ်ပါတယ်။ ခုနတုန်းကပြောတဲ့အတိုင်းပဲ လူသွားလမ်းဟာ တစ်ဖက်မှာ သုံးပေစီ ပါပြီးတော့ အလယ်မှာ ၁၆ ပေရှိပါတယ်။ အဲဒီ ၁၆ ပေကို ခုနတုန်းကပြောတဲ့ အဲဒီယောချောင်းအတိုင်း လုပ်ချင်ရင် သံလမ်းမျက်နှာပြင်နှင့်အညီ ကျွန်တော်တို့က ကွန်ကရစ်ခင်းရမှာဖြစ်ပါတယ်။ ကွန်ကရစ်နဲ့ ကတ္တရာခင်းရမှာဖြစ်ပါတယ်။ နောက်တစ်ချက်က တကယ်တမ်းက ကားလမ်းနဲ့ရထားလမ်း တွေရဲ့အဆုံးတွေမှာ ကားလမ်း Level Crossing တွေမှာ အမြဲတမ်းလိုလို ပြဿနာရှိပါတယ်။ ကျွန်တော်တို့ ဖြစ်သလိုလုပ်ပေးလို့မရပါဘူး။ အဲဒီလိုလုပ်ခဲ့ပြီးရင် ဘေးမှာ ဂိတ်တံခါးနှစ်ဖက်တန်း၊ ဂိတ်တံခါးနှစ်ဖက်တန်းမှာ ကားသွား ရထားသွားတဲ့အချိန်မှာ ကားမရှိမှုဖြစ်ပါတယ်။ တစ်ခါ အဲဒီဟာအတွက် ဂိတ်စောင့်နှစ်ယောက်၊ နေ့တစ်ယောက် ညတစ်ယောက်ထားပါမယ်။ အဲဒီ ဂိတ်စောင့်တွေဟာ ရွာနဲ့ဝေးနေတဲ့အတွက်ကြောင့်မို့လို့ ဂိတ်စောင့်နှစ်ယောက်နေဖို့ရာ နှစ်ခန်းတွဲ တန်းလျားတစ်ခု ဆောက်ပေးရမှာဖြစ်ပါတယ်။ ဒီဟာက ခုနတုန်းက ရေကျော်ဖြစ်ပါတယ်။ အဲဒီ မော်တော်ကားလမ်းရှိပါတယ်။ မော်တော်ကားလမ်းနဲ့ ရထားလမ်းဟာ တစ်မိုင်ခွဲလောက်ဝေးပါ တယ်။ အဲဒီရေကျော်ဟာ အခိုင်အခန့် တည်ဆောက်ထားပါတယ်။ သူ့ရဲ့ရေကျော်အလျားက ၉၁၇ ပေ ရှည်လျားပါတယ်။ ဒီဟာက တော်တော်ကောင်းမွန်ကြံ့ခိုင်တယ်လို့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနကနေပြီးတော့ ကြားရပါတယ်။ ဒါကတော့ အားလုံးမြင်သာအောင်ပြထားတာဖြစ်ပါ တယ်။ အဝါရောင်သည်မော်တော်ကားလမ်းဖြစ်ပြီးတော့ ပန်းရောင်သည် ရထားလမ်းဖြစ်ပါတယ်။ အဲဒီမှာ ခုနတုန်းက ကျွန်တော်ပြောတဲ့အချက်တွေ မော်တော်ကားဖြတ်ချင်ရင် ရထားလမ်း တံတားပေါ်မှာ ၉၃၅ ပေရှိသော တစ်ပေထုရှိသော၊ အနည်းဆုံးရှစ်လက်မခန့်ရှိသော ရထားလမ်း အမြင့်နဲ့ညီတဲ့ ကွန်ကရစ်နဲ့ကတ္တရာခင်းရမယ်။ ဂိတ်တံခါးဆောက်ရမယ်၊ ဂိတ်စောင့်တန်းလျား

ထားရမယ်၊ အဲဒါမှလည်း လုံခြုံစိတ်ချရတဲ့ သွားလာရေးဖြစ်မှာဖြစ်ပါတယ်။ နောက်တစ်ချက်က အဲဒီလမ်းကိုသွားဖို့ရာအတွက် ချဉ်းကပ်မော်တော်ကားလမ်း ထပ်ပြီးတော့ဖောက်ရမှာဖြစ်ပါတယ်။ ဒီလိုဆိုရင် မော်တော်ကားလမ်းတွေဟာ ရေကျော်တဲ့နေရာမှာ ခုနတုန်းကဖြစ်သလို ဘယ်နှစ်ကြိမ်ဖြစ်ခဲ့သလဲဆို တာကိုစစ်လိုက်ပါတယ်။ အဲဒီအခါမှာ ဖြတ်သန်းသွားတဲ့ကားအရေအတွက်က တစ်နေ့ကို ၁၅ စီးနဲ့ ၁၆ စီးလောက်ပဲရှိတဲ့အကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနလမ်းဦးစီးရဲ့ စာရင်းဇယားဌာနအရ သိရပါတယ်။ နောက်တစ်ချက်က တစ်နှစ်ကို ရေဘယ်နှစ်ခါကြီးလည်းဆိုတော့ အဲဒီလိုရေကျော်တဲ့ အကြိမ်ပေါင်းဟာ ခြောက်ကြိမ်ကနေ ရှစ်ကြိမ်အထိရှိတယ်လို့ပြောပါတယ်။ အဲဒီအခါမှာ ဘယ်လောက်ကြာသလဲလို့မေးတဲ့အခါမှာ များသောအားဖြင့် တစ်နာရီခန့်ကြာပြီးတော့ အများဆုံး ကြာချိန်ဟာ လေးနာရီ ကြာတယ်လို့သိရပါတယ်။ လောလောဆယ်လည်းပဲ ဒီအနီးရွာတွေကနေ ပြီးတော့ ဒီရထားလမ်းကို သုံးပေကျယ်တဲ့ နေရာကနေပြီးဖြတ်နေတယ်။ ဘေးကနေပြီးတော့ မော်တော်ဆိုင်ကယ်တွေ ဖြတ်သန်းသွားလာတာတွေလည်းရှိတယ်လို့သိရပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ကတော့ တကယ့် ဒီ Traffic Demand ပေါ့။ တကယ့်လိုအပ်ချက် တအားကြီးမကြီးမားသေးဘူး။ နောက်ထပ် ကုန်ကျစရိတ်တွေကလည်း သန်း ၁၀၀ နဲ့အထက်ပေါ့။ ရထားလမ်းကိစ္စပဲ သန်း ၁၀၀ ကုန်မယ်။ ဂိတ်စောင့်နှစ်ယောက်ရော၊ ဝန်ထမ်းထားရမှာရော၊ ဂိတ်စောင့်တန်းလျားစောင့်ရမှာ ရော ကုန်မယ်။ တစ်ခါအဲဒီကိုသွားမယ့်ကားလမ်းကို တစ်ခါထပ်ပြီးတော့ လုပ်ရအုံးမယ်။ ဒါမှသာလျှင် ကားတွေဟာ လွယ်လွယ်ကူကူသွားနိုင်မှာဖြစ်ပြီးတော့ သူတို့အတွက် ချဉ်းကပ်လမ်းတွေလုပ်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် လောလောဆယ်အစီအစဉ်မရှိသေးဘူး။ ဒါထက်ဦးစားပေးရမယ့် အရေးကြီးတဲ့ အချက်တွေရှိပြီးတော့ ဒီကိစ္စကတော့ လုံခြုံမှုမရှိသေးတဲ့အတွက်ကြောင့်မို့လို့ ဆောင်ရွက်နိုင်ခြင်း မရှိသေးပါကြောင်း နားလည်ပေးပါရန် လေးစားစွာဖြေကြားအပ်ပါတယ်ခင်ဗျား။

**မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးပြီးဖြစ်သော I.L.O convention တစ်ခုဖြစ်သည့် ၂၀၁၆ ခုနှစ်၊ ပင်လယ်ရေကြောင်းလုပ်သားဆိုင်ရာ သဘောတူညီချက်(Maritime Labour Converntion 2006) ကို အကောင်အထည်ဖော်မှုနှင့်ပတ်သက်၍ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ လုပ်ဆောင်မှုများကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောတင်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစောတင်ဝင်း(ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့်

ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောတင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ မြန်မာ့ရေကြောင်းလောက တိုးတက်ပြောင်းလဲရေးအတွက် မြန်မာနိုင်ငံကလက်မှတ်ရေးထိုး ပြီးဖြစ်တဲ့ I.L.O ရဲ့ convention တစ်ခုဖြစ်တဲ့ ၂၀၀၆ ခုနှစ်၊ ပင်လယ်ရေကြောင်းလုပ်သားဆိုင်ရာ သဘောတူညီချက် (Maritime Labour Convention 2006)ကို အကောင်အထည်ဖော်မှု အခြေအနေများနှင့်ပတ်သက်ပြီး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ရေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရဲ့ လုပ်ဆောင်မှုများနှင့်ပတ်သက်၍ မေးခွန်းမေးလိုပါတယ်။

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ရဲ့ဖွံ့ဖြိုးတိုးတက်မှုအခြေအနေဟာ ပို့ဆောင်ရေးကဏ္ဍတစ်ခုဖြစ်တဲ့ ရေကြောင်းလောကဖွံ့ဖြိုးတိုးတက်ရေးနဲ့ တိုက်ရိုက်သက်ဆိုင်ပါတယ်။ ကမ္ဘာ့ကုန်စည်ပို့ဆောင်ရေးရဲ့ သုံးပုံနှစ်ပုံခန့်က ရေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍကိုသာ အသုံး ပြုနေတာဖြစ်ပါတယ်။ ဒီလိုကြီးမားတဲ့ သယ်ယူပို့ဆောင်ရေးကဏ္ဍကြီးမှာ မြန်မာနိုင်ငံရဲ့အခန်းကဏ္ဍ ကလည်း အရေးပါတဲ့နေရာမှာရှိပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ကမ္ဘာ့ရေကြောင်းကိုလုပ်သား တင်ပို့တဲ့ နိုင်ငံတွေထဲမှာ ကျွန်တော်တို့နိုင်ငံဟာ အရှေ့တောင်အာရှမှာဆိုရင် နံပါတ်(၃)နေရာမှာရှိတဲ့ အနေအထားရှိပါတယ်။ နိုင်ငံအတွက် နိုင်ငံခြားဝင်ငွေကို အဓိကရှာဖွေပေးနေတဲ့ အခန်းကဏ္ဍမှာ လည်းမြန်မာနိုင်ငံသား ပင်လယ်ပျော်သင်္ဘောသားတွေဟာ ခေတ်အဆက်ဆက်မှာ ထိပ်ဆုံးကရှိခဲ့တဲ့ သူတွေပါ။ အခုလက်ရှိအချိန်မှာတော့ နိုင်ငံအတွက်အရေးကြီးတဲ့ ရေကြောင်းလောကကြီးဟာ စိန်ခေါ်မှုများစွာကို ရင်ဆိုင်နေရပြီးတော့ အဲဒီအထဲမှာ ပိုမိုကြီးမားတဲ့ စိန်ခေါ်မှုတွေကတော့ လုံခြုံစိတ်ချရတဲ့ လုပ်ငန်းခွင်အတွက် အာမခံမရှိခြင်းနှင့် အလုပ်အကိုင်ရှားပါးခြင်းတို့ပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ မှတ်ပုံတင်ရရှိပြီး သင်္ဘောသားဦးရေဟာ တစ်သိန်းကျော်ရှိပြီး တကယ်တမ်း သင်္ဘော ပေါ်မှာ အလုပ်လုပ်ခွင့်ရသူတွေကတော့ ၃၀၀၀၀ ဝန်းကျင်ခန့်သာ ရှိပါတယ်။ မြောက်မြားစွာသော သင်္ဘောသားတွေဟာ သင်္ဘောပေါ်မှာ အလုပ်လုပ်ခွင့်ရရှိဖို့အတွက် ငွေကြေးပေးဆောင်ရမှုတွေ ဖြစ်နေပြီး လိမ်လည်ခံရခြင်း၊ မမှန်ကန်သော သင်္ဘောလိုင်းများရဲ့ အလွဲသုံးစားပြုခံရခြင်းစတာတွေကို ရင်ဆိုင်နေရပါတယ်။ ဒီအချိန်မှာ သင်္ဘောသားတွေအတွက် ကောင်းမွန်တဲ့အာမခံရှိတဲ့ တစ်နည်းအားဖြင့် သင်္ဘောသားများရဲ့အခွင့်အရေးကြေညာစာတမ်းဟု ခေါ်ဆိုနိုင်တဲ့ ၂၀၀၆ ခုနှစ်၊ ပင်လယ်ရေကြောင်း လုပ်သားဆိုင်ရာ သဘောတူညီချက် အကောင်အထည်ဖော်ရေးက အင်မတန် အရေးကြီးတဲ့ကိစ္စတစ်ခုပဲဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဒီသဘောတူညီချက်ကို မြန်မာနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနက လက်မှတ်ရေးထိုးခဲ့တာ ၂၀၀၆ ခုနှစ်၊ မေလ ၂၅ ရက်နေ့က ဖြစ်ပါတယ်။ MLC 2006 ဟာ I.L.O ရဲ့ Convention တစ်ခုဖြစ်တဲ့အတွက် လက်မှတ်ရေးထိုးပြီးတစ်နှစ်အကြာမှာ အသက်ဝင်နေပြီဖြစ်လို့ အကောင်အထည်ဖော်ရမည့်ကာလကို ရောက်ရှိနေပါပြီ။ ၎င်း MLC 2006 ထဲမှာဆိုရင် အောက်ပါအချက်အလက်များ ပါဝင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါ။ အဲဒါတွေကတော့ လိုအပ်တဲ့ အချက်တွေဖြစ်ပါတယ်။ ဒီ MLC 2006 ကို အကောင်အထည်ဖော်ဖို့အတွက် အဓိကတာဝန်ရှိသူတွေကတော့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနပဲဖြစ်ပါတယ်။ MLC 2006 အကော်အထည်ဖော်ဖို့အတွက်ဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့ ရေကြောင်းလောကအတွက် အခက်အခဲကြီးနှစ်ခုဖြစ်နေတဲ့ လုံခြုံစိတ်ချရတဲ့ လုပ်ငန်းခွင်အတွက် အာမခံမရှိခြင်းနှင့် အလုပ်အကိုင်ရှားပါးခြင်းတို့ကို MLC 2006 ခုနှစ် လျော်ညီတဲ့ ပြည်တွင်းဥပဒေတွေကို ပြင်ဆင်ပြဌာန်းခြင်း၊ MLC 2006 ကိုအကောင်အထည်ဖော်ပြခြင်းတို့နှင့် ဖြေရှင်းနိုင်ပါတယ်။ လက်ရှိအချိန်မှာ နိုင်ငံတကာမှာရှိတဲ့ သင်္ဘောပိုင်ရှင်ကောင်းတွေကလည်း ကျွန်တော်တို့နိုင်ငံမှာ MLC 2006 အသက်ဝင်မှုနှင့် အကောင်အထည်ဖော်မှုတွေကို စောင့်ကြည့်လျက်ရှိပါတယ်။ ဒါဟာ အလုပ်အကိုင်ရှားပါးခြင်းဆိုတဲ့ ပြဿနာကြီးကို ဖြေရှင်းနိုင်မည့်နည်းလမ်း ထွက်ပေါက်တစ်ခုပါ။ ဒါကြောင့် ဒီ MLC 2006 ကို အလျင်အမြန်အကောင်အထည်ဖော်ဖို့ဆိုတာက ကျွန်တော်တို့နိုင်ငံအတွက်အရေးကြီးတဲ့ ကိစ္စတစ်ခုဖြစ်ပါတယ်။ ၂၀၀၆ ခုနှစ်၊ ပင်လယ်ရေကြောင်း လုပ်သားဆိုင်ရာ သဘောတူညီချက်ကို အကောင်အထည်ဖော်ဖို့ အခြေအနေများနှင့်ပတ်သက်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရဲ့ လုပ်ဆောင်မှုတွေနဲ့ပတ်သက်၍ သိရှိလိုသဖြင့် မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောတင်ဝင်းရဲ့ မေးခွန်းကို ပြန်လည်ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ ကျွန်တော့်ကို Power point သုံးစွဲခွင့်ပြုပါခင်ဗျား။ MLC အကြောင်း

အကျဉ်းချုံးလေးပြောချင်ပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂလက်အောက်အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ ILO ကနေပြဋ္ဌာန်းတဲ့ convention ဖြစ်ပါတယ်။ အဲဒါက ဒီ ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့ကနေ ၂၃ ရက်နေ့အထိကျင်းပတဲ့ အပြည်ပြည်ဆိုင်ရာအလုပ်သမားညီလာခံမှာအတည်ပြုခဲ့တဲ့ convention ဖြစ်ပါတယ်။ အဲဒါက ၂၀၁၃ ခုနှစ် ဩဂုတ်လမှာ အသက်ဝင်ခဲ့ပါတယ်။ လက်ရှိတော့ အဖွဲ့ဝင်နိုင်ငံပေါင်း ၈၄ နိုင်ငံက ပါဝင်လက်မှတ်ရေးထိုးထားတာ ဖြစ်ပါတယ်။ အခု ကျွန်တော်တို့က ဒီ အရင်အစိုးရလက်ထက် ပြည်ထောင်စုလွှတ်တော်မှာ အတည်ပြုခဲ့ပြီးနောက် ဒီ ၂၀၁၆ ခုနှစ်၊ မေလ ၂၅ ရက်နေ့မှာ Accession နည်းနဲ့ပေါ့။ နောက်မှလိုက်ပြီးတော့ အတည်ပြုလက်မှတ်ထိုးတဲ့နည်းနဲ့ ၂၀၁၆ ခုနှစ်၊ မေလ ၂၅ ရက်နေ့မှာ MLC-Maritime Labour convention 2006 ကို ကျွန်တော်တို့ နိုင်ငံကဝင်ပြီး လက်မှတ်ထိုးခဲ့ပါတယ်။ ဒါကြောင့် သူ့ရဲ့ဥပဒေအရ ၂၀၁၇ ခုနှစ်၊ မေလ ၂၅ ရက်နေ့မှာ အာဏာသက်ရောက်တာအခု ၂၅ ရက်လောက်ရှိပါပြီ။ အဲဒီတော့ ကျွန်တော်တို့ ဒီ convention အဖွဲ့ဝင်တွေဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့က ဒီသင်္ဘောတွေကို ကျွန်တော်တို့ convention ကိုလိုက်နာကြောင်း အထောက်အထားလက်မှတ် Certificate ကို ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးရပါတယ်။ ထုတ်ပေးရတဲ့အမျိုးအစားတွေက Gross Ton ၅၀၀ နှင့်အထက် အပြည်ပြည်ဆိုင်ရာသင်္ဘောတွေရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ မှတ်ပုံတင်ထားတယ်ဆိုရင် အခြားပြင်ပနိုင်ငံတစ်ခုခုမှာလည်း ဆိပ်ကမ်းတွေအကြားမှာသွားနေခဲ့ရင်လည်းပဲ ကျွန်တော်တို့ အဲဒီသင်္ဘောတွေကို ထုတ်ပေးခွင့်ရှိပါတယ်။ အဲဒီမှာသူက Declare လုပ်ရပါတယ်။ Declaration of Maritime Labour Compliance- Part-I ကို သင်္ဘောပိုင်ရှင်ကနေပြီးတော့ သူ့ရဲ့သင်္ဘော အတွက် လျှောက်ထားရပါတယ်။ နောင် Part-II ကတော့ သင်္ဘောပိုင်ရှင်သည် DMLC Part-I မှ အချက်တွေကို လိုက်နာပြီးဆိုတဲ့အကြောင်း သူကကြေညာရပါတယ်။ အဲဒီအခါမှာ ကျွန်တော်တို့ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားရေးမှုးဦးစီးဌာနကနေပြီးတော့ Maritime Labour Certificate ကို ထုတ်ပေးရမှာဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့နဲ့အတူ အပြန်အလှန်အသိအမှတ်ပြုထားတဲ့ ဒီ Class တွေအဖွဲ့တွေရှိပါတယ်။ Lioyds တို့ American Bureau of Shipping, Bureau Veritas, Class NK, Korean Register စသည်ဖြင့် ဒီအဖွဲ့တွေနဲ့ အပြန်အလှန်အသိအမှတ်ပြုထားပြီးတော့ သူတို့ကလည်းပဲ ဒီမြန်မာနိုင်ငံကမှတ်ပုံတင်ထားတဲ့ သင်္ဘောတွေကို အထောက်အထားလက်မှတ်တွေ ထုတ်ပေးခွင့်ရှိပါတယ်။

ဒီပင်လယ်ကူးသင်္ဘောတွေနဲ့ ပတ်သက်တဲ့ ပြဋ္ဌာန်းချက်တွေက မြန်မာနိုင်ငံကုန်သည်သင်္ဘော အက်ဥပဒေမှာပြဋ္ဌာန်းပြီးသားဖြစ်ပါတယ်။ ဒါပေမဲ့ ခုနတုန်းက မပြည့်စုံသေးတဲ့အတွက်ကြောင့်မို့လို့ ရေကြောင်းအလုပ်သမားဥပဒေကြမ်းကို ဒီအခုကျွန်တော်တို့ ရေးဆွဲနေတာ လေး၊ ငါး၊ ရှစ်လရှိပါပြီ။ အခု ဒီအတောအတွင်းဘာလုပ်သလဲလို့မေးတဲ့အတွက်ကြောင့် ရေကြောင်းအလုပ်သမားဥပဒေကို တော့ ကျွန်တော်တို့ပြင်နေတယ်။ အခန်းပေါင်း ၁၂ ခန်းနှင့် ပုဒ်မပေါင်း ၁၀၀ ကျော်ပါမှာပါ။ အခု ၉၀ ရာခိုင်နှုန်းလောက် ပြီးစီးပြီဖြစ်ပါတယ်။ အဲဒီရေကြောင်းအလုပ်သမားဥပဒေပြီးစီးတဲ့အခါမှာလည်း ကျွန်တော်တို့ ဒီလွှတ်တော်ရော၊ အမျိုးသားလွှတ်တော်ရော၊ ပြည်ထောင်စုလွှတ်တော်က အတည်ပြု ပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သက်ဆိုင်ရာအဖွဲ့အစည်းတွေ သင်္ဘောသား အဖွဲ့အစည်းတွေနဲ့ သင်္ဘောပိုင်ရှင်အဖွဲ့အစည်းတွေနဲ့ ညှိနှိုင်းဆောင်ရွက်ပြီးတော့ ဥပဒေကြမ်းကို အမြန်ဆုံး အတည်ပြုပြဋ္ဌာန်းဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

အဲဒီမှာ ဥပဒေကြမ်းမှာပါတဲ့အခန်းတွေကို တင်ပြတာဖြစ်ပါတယ်။ အခန်းပေါင်း ၁၂ ခန်း ဖြစ်ပါ တယ်။ အဲဒီမှာ သင်္ဘောသားတွေအတွက် လိုအပ်တဲ့အချက်အလက်တွေပါဝင်ဖို့ရန်အတွက် ကြိုးစား ဆောင်ရွက်လျက်ရှိပါတယ်။ နောက်ကတော့ ဒီ Tripartite Committee ဖွဲ့ရမှာပါ။ သင်္ဘောသားတွေ၊ သင်္ဘောပိုင်ရှင်တွေ၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရယ် သုံးဦးသုံးဖလှယ်ပါတဲ့ ဒီကော်မတီဖွဲ့ရမှာဖြစ်ပါတယ်။ ဒါကလည်း MLC 2006 convention မှာပါတဲ့ အငြင်းပွားဖွယ်ကိစ္စ တွေ၊ ဆုံးဖြတ်ရန်မလွယ်ကူတဲ့ကိစ္စတွေ၊ ရှင်းလင်းခြင်းမရှိတဲ့ သံသယဖြစ်ဖွယ်ကိစ္စတွေကို ဖြေရှင်း ဆောင်ရွက်ဖို့ရန်အတွက်၊ ညှိနှိုင်းဖို့ရန်အတွက် သင်္ဘောသားတွေနဲ့အဖွဲ့အစည်းတွေ၊ သင်္ဘောသား အဖွဲ့အစည်းတွေကလည်း များစွာပါဝင်တော့ အားလုံးကိုကိုယ်စားပြုနိုင်တဲ့ အဖွဲ့အစည်းတွေပါလာ အောင် သင်္ဘောသားအများကိုကိုယ်စားပြုအောင် ကျွန်တော်တို့ လုပ်ရမှာဖြစ်ရမယ်။ နောက်တစ်ခါ သင်္ဘောပိုင်ရှင်တွေရဲ့ ကိုယ်စားလှယ်တွေပါရမယ်။ အဲဒီကော်မတီဖွဲ့စည်းပြီးတော့မှ သင်္ဘောသား တွေရဲ့နစ်နာချက်တွေ၊ လိုအပ်ချက်တွေရှိရင် ကျွန်တော်တို့ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

နောက်အရင်တုန်းက Agent ကုမ္ပဏီတွေကနေပြီးတော့ သင်္ဘောသားတွေကိုစေလွှတ်ပါ တယ်။ အဲဒါကိုနစ်နာမှုမရှိအောင် Seafarer Recruitment and Placement Services(SRPS) ဆိုပြီးတော့ ကုမ္ပဏီပြန်ပြီးတော့ ဖွဲ့ရပါတယ်။ အဲဒီလို Agent မဟုတ်တော့ဘဲနဲ့ အဲဒီကုမ္ပဏီတွေကို လိုင်စင်ထုတ်ပြီးတော့ မြန်မာသင်္ဘောသားတွေအတွက် ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ လုပ်နေတဲ့အချက်တွေကတော့ ခုနကပြောတဲ့ SRPS ကုမ္ပဏီတွေနဲ့လုပ်ထားတာရှိတယ်။

နောက်တစ်ချက်က ဥပဒေထွက်နိုင်အောင် လုပ်နေတာရှိတယ်။ လက်ရှိသင်္ဘောတွေက လျှောက်ထားခဲ့ရင်လည်း Certificate တွေထုတ်ပေးတာရှိတယ်။ အခု ၂၅ ရက်ပဲ ရှိပါသေးတယ်ဆိုတဲ့အကြောင်း ရှင်းလင်းပြောကြားရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မိုးရာသီကာလတွင် မိုးစပါးများ နှစ်စဉ်ရေမြုပ်မှုများကြောင့် ဒါးကမြစ်နှင့် အိမ်မဲချောင်းတို့အား ရေစီးရေလာကောင်းမွန်ရေးအတွက် မြစ်နုန်းများဆယ်ယူပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)။** ။ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ကျောင်းကုန်းမြို့နယ်အပါအဝင် ကျုံပျော်မြို့နယ်၊ ရေကြည်မြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်၊ သာပေါင်းမြို့နယ်များဟာ မိုးရာသီမှာ မိုးစပါးများစိုက်ပျိုးပြီးစဉ်ကာလမှာ ရေကြီးမှုများက နှစ်စဉ်လိုလိုဖြစ်ပေါ်စေပါတယ်။ ဒါကြောင့်မို့လို့ ရေတော်မိုးတော်စပါးများက ဧကပေါင်းမြောက်မြားစွာပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ နှစ်စဉ်လိုလိုပဲ ရေမြုပ်မှုကြောင့် လယ်သမားအများစုဟာ ဆင်းရဲဒုက္ခရောက်ကြပြီးတော့ အကြွေးသံသရာလည်ခဲ့ရပါတယ်။ စိုက်/ဘဏ်အကြွေးတင်မကဘဲနဲ့ အခြားသောငွေချေးအဖွဲ့များရဲ့အကြွေးများကိုပါ ဆပ်ဖို့ အခက်အခဲများစွာ ရှာဖွေပြီးပေးဆပ်နေရခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ မိုးစပါးများ နှစ်စဉ်ရေမြုပ်မှုကြောင့် ဒါးကမြစ်နှင့် အိမ်မဲချောင်းတို့ကို ရေစီးရေလာကောင်းမွန်ရေးအတွက် မြစ်နုန်းများဆယ်ယူပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်ကို Slide ဖြင့် ပြသခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့မြို့နယ်အတွင်းမှာ နှစ်စဉ်ရေကြီးတဲ့အခါမှာ မြို့ပေါ်တွေရော၊ ကျောင်းတွေရော၊ ဒေသမှာရှိတဲ့အရပ်တွေရော၊ စိုက်ခင်းတွေရော နှစ်စဉ်ရေမြုပ်ပြီးတော့ ကျွန်တော်တို့မြို့နယ်အနေနဲ့ ဧကပေါင်း ၃၀၀၀၀ ကျော်လောက်ပျက်စီးခဲ့ပါတယ်။ ဟိုဘက်က ကျောင်းလေးဖွင့်တာဆိုလို့ရှိရင် မြေပြင်ကနေကျောင်းကို ရှစ်ပေခန့် တည်ဆောက်ထားသော်လည်းပဲ အဲဒီရှစ်ပေလည်း မြုပ်သွားတဲ့အနေအထားရှိပါတယ်။

ဒါကတော့ ၀၀န်ရဲ့မြစ်လက်တက်ဖြစ်တဲ့ ဒါးကချောင်းကြီးဖြစ်ပါတယ်။ ပေအားဖြင့် အကျယ် ၆၀၀ ပေလောက်ရှိပြီးတော့ ဒီဘက်က ကျွန်တော်တို့ရေထုတ်တဲ့ချောင်းလေးကတော့ ပေ ၂၀၀ လောက်ပဲ ရှိတဲ့ ကျောင်းကုန်း-မင်းမနိုင်-အိမ်မဲချောင်းဖြစ်ပါတယ်။ ဒီရေနုတ်မြောင်းလေးက အဓိကအားဖြင့် ပိုလျှံတဲ့ ရေတွေကို ကျောင်းကုန်း-အိမ်မဲချောင်းလေးကနေပြီးတော့ ရေနုတ်မြောင်းဖြစ်တဲ့ အတွက်ကြောင့် ဒီမြောင်းဟာ အဓိကကျတဲ့မြောင်းဖြစ်ပါတယ်။ ဒီဘက်မှာ အဲဒီလိုရေစီးဆင်းတဲ့အခါမှာ မြစ်တွေကို တကယ်တမ်းကျတော့ ရေနုတ်မြောင်းကောင်းစေဖို့ဆိုရင် ဒါးကမြစ်ကလာတဲ့ ကန်ကြီး ထောင့်၊ ကန်ကြီးထောင့်ကနေပြီးတော့ သာပေါင်းရဲ့ အောက်ဘက်မှာရှိတဲ့၊ ရွှေမျှင်တင်ရဲ့အထက်မှာ ရှိတဲ့၊ ဇီးဖြူကုန်းကိုဆင်းတဲ့ချောင်းကိုကြည့်မယ်ဆိုရင် ကွေ့ပေါင်း ၁၃ ခုလောက်ဖြစ်နေပါတယ်။ ဒါလေးတွေကလည်း ရေစီးဆင်းမှုကို နှောင့်နှေးစေတဲ့အတွက်ကြောင့် ဒါကို တကယ့်ပညာရှင်များ ဆင်းပြီးတော့ ရေစီးရေလာကောင်းမွန်ရေးအတွက် ချောင်းနဲ့ပတ်သက်ပြီးတော့ အကွေ့အကောက် ပေါင်းမြောက်မြားစွာကို ကျွန်တော်တို့ ဖြေလျှော့ပေးရမှာဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ရဲ့ ရေနုတ်မြောင်းတစ်ခုဖြစ်တဲ့ ကျောင်းကုန်းမြို့ရဲ့အထက် ဒါးကမြစ်ရဲ့မြစ်လက်တက်တစ်ခုဖြစ်တဲ့ ဂျိုးဂျိုးကျရေနုတ်မြောင်းဖြစ်ပါတယ်။ အဲဒီဂျိုးဂျိုးကျရေနုတ် မြောင်းကလည်း ကျောင်းကုန်းမြို့နယ်အပါအ၀င် ကျုံပျော်မြို့နယ်၊ ဓနုဖြူမြို့နယ်၊ ပန်းတနော်မြို့နယ်က မြစ်ရေတွေကို ဒီချောင်းမှနေတစ်ဆင့် မြစ်ရေကြီးမှုကို ရေနုတ်တဲ့ဂျိုးဂျိုးကျမြောင်းလည်း ဖြစ်ပါတယ်။ အဲဒီဂျိုးဂျိုးကျမြောင်းရဲ့ထိပ်ဖျားမှာတော့ ကျွန်တော်တို့ အပေါ်ဘက်မှာ ကျုံပျော်ပိုင်ဖြစ်ပြီးတော့ အောက်ဘက်မှာပန်းတနော်ပိုင်ဖြစ်ပါတယ်။ ဒီနေရာကို ကော့သလန်ရေထိန်းတံခါးကလည်း တည် ဆောက်ထားပါတယ်။ အဲဒီရေထိန်းတံခါးကလည်း ဟိုဘက်ဒီဘက် ရေကိုမျှတအောင်ဆောင်ရွက်ပေး တဲ့ ရေထိန်းတံခါးဖြစ်သော်လည်းပဲ တောင်သူလယ်သမားများအတွက် နှစ်စဉ် ပြဿနာတက်နေတဲ့ ရေထိန်းတံခါးဖြစ်ပါတယ်။ ဒီရေထိန်းတံခါးကိုတွေ့မယ်ဆိုလို့ရှိရင်တော့ ခု ဒါရေရစ်က ၁၄ ပေနဲ့ ၅ လက်မရှိပါတယ်။ ဒီ ၁၄ ပေ ၅ လက်မရှိတော့မှ ဒီဘက်ပိုင်းကျုံပျော်ပိုင်းကနေပြီးတော့ ဟိုဘက်ပိုင်း ပန်းတနော်ကို ရေက ၁၄.၅ ပေရှိတော့မှ ရေကကျော်သွားတဲ့အတွက်ကြောင့် ဟိုဘက်ပိုင်းမှာ ၁၁ ပေ လောက်ပဲရှိတဲ့အခါမှာ ဒီဘက်ပိုင်းမှာရှိတဲ့၊ ကျုံပျော်ပိုင်းမှာရှိတဲ့ သီးနှံများပျက်စီးသလိုပဲ ကျွန်တော်တို့ ကျောင်းကုန်းမြို့နယ်မှာလည်း ရေစီးဆင်းမှုကို ရေတံခါးကြီးကနေပြီးတော့မှတစ်ဆင့် အဟန့်အတား ဖြစ်စေပါတယ်။ ဒါကတော့ ရေ Level ချိန်ထားတာပါ။ ဒီရေဟာ ဘယ်လိုပဲဖြစ်ဖြစ် ကော့သလန် တာကြီးကို ဒီလို ၁၄ ပေ ၅ လက်မရှိမှ တာဆင်းသွားတဲ့အတွက်ကြောင့် ရေကြီးမှုတွေက အဟန့်အတား

ဖြစ်စေပါတယ်။ ဒါကတော့ ကျွန်တော်တို့ရဲ့ ရေထိန်းတံခါးမှာ ၅ ပေ x ၃ ပေ နှစ်ပေါက်ထားပါတယ်။ ဒီရေထိန်းတံခါးနှစ်ပေါက်ကလည်း အမြဲတမ်းဖွင့်မထားတဲ့အတွက်ကြောင့် ဒါကလည်း ဟိုဘက်ဒီဘက် လယ်သမားများရဲ့ သော့နှစ်လုံးနှင့်ခတ်ထားပြီးတော့ သဘောတူညီမှ ဖွင့်လို့ရတဲ့အနေအထားရှိပါတယ်။ ဆည်မြောင်းကိုမေးကြည့်တဲ့အခါမှာ သူတို့နဲ့ ဒါမဆိုင်ကြောင်းပေါ့။ လယ်သမားတာဖြစ်တယ်ဆိုပြီးတော့ အဲဒီလိုပြောဆိုပါတယ်။ ဒီဘက်မှာနောက်တစ်ချက်ကတော့ သာပေါင်းပိုင်မှာရှိတဲ့ ရေလဲကြီးတာပေါင်ကြီးကလည်း၊ တာတမံမှာလည်း ဝေန်ရဲ့တာတမံကြီးကလည်း ပေါက်နေတဲ့အတွက်ကြောင့် ဒီအထွက်ကလည်း ရေကြီးခြင်းကိုဖြစ်ပါစေပါတယ်။

သို့ဖြစ်ပါ၍ ကျောင်းကုန်းမှာရှိသော ကျွန်တော်တို့မြို့နယ်တွေမှာအသုံးပြုတဲ့ ဒါးကမြစ်ချောင်းနဲ့ ရောင်ကြီး၊ အိမ်မဲ၊ ကျောင်းကုန်း၊ မင်းမနိုင်ချောင်းကိုလည်း မြစ်နုန်းများဆည်ယူဖို့ အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်းနှင့် ရှိပါက မည်သည့်ဘတ်ဂျက်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ မင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ အဲဒါကတော့ ဒါးကမြစ်ဟာ ကျုံပျော်မြို့ကနေပြီးတော့၊ မြစ်ဖျားခံပြီးတော့ စီးဆင်းလာတာ ကန်ကြီးထောင့်ထဲက ဝေန်မြစ်ထဲကို စီးဝင်ပါတယ်။ ဝေန်မြစ်နှင့် ဆက်စပ်နေတဲ့အတွက်ကြောင့်မို့လို့ ဒီရေအတက်ရှိတဲ့မြစ်တစ်စင်းဖြစ်ပါတယ်။ ဒါးကမြစ်ကမ်းနဖူးမှာ ကျေးရွာအများအပြားမှီတင်းနေထိုင်တယ်။ ကျေးရွာမှာရှိတဲ့ လူနေအိမ်တွေက အမှိုက်တွေစွန့်ပစ်တယ်။ ကျေးရွာမှာရှိတဲ့ပြည်သူတွေက ငါးလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းမှုများတယ်။ မြစ်အတွင်းသဘာဝအလျောက် ဗေဒါပင်များစွာ ပေါက်ရောက်နေတယ်။ ဗေဒါပင်များက အပင်ပွားနှုန်း အလွန်မြန်ဆန်တဲ့ အတွက်ကြောင့်မို့လို့ မြစ်အတွင်းမှာရောက်ရှိလာတဲ့ အမှိုက်သရိုက်တွေ၊ နုန်းအနည်တွေ၊ ဗေဒါပင် အမြစ်များကထိန်းပြီးတော့ အနည်ကျမြန်စေတယ်။ ဗေဒါခြံများပြုလုပ်ပြီးတော့ ငါးဖမ်းတဲ့အတွက်ကြောင့်မို့လို့ ပိုမိုပြီးတော့နုန်းအနည်တွေကျပြီးတော့၊ မြစ်ကြမ်းပြင်မြင့်တက်ပြီးတော့ မြစ်ကြောင်းပျက်စီးတယ်။ မြစ်ကြောင်း တိမ်ကောလျက်ရှိတဲ့အကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။

အဲဒါကတော့ ခုနတုန်းက ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတဲ့ ၁၃ နေရာဖြစ်ပါတယ်။ ဒီ ဒါးကမြစ်ရဲ့ဒီဘက်မှာ ဘယ်ဘက်ခြမ်းက ငဝန်မြစ်ထဲကိုစီးဝင်ပါတယ်။ မစီးဝင်ခင်မှာ သူရောက်ရှိလာတဲ့အပိုင်းလေးတွေပြထားတာက မြစ်အကွေ့ပေါင်း ၁၃ နေရာကို တင်ပြထားတာပါ။ ဒါ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးပြောတာမှန်ပါတယ်။ အဲဒီလိုပဲ ဒါးကမြစ်ရဲ့အောက်ဘက် ကြိမ်ချောင်းကနေပြီး ငဝန်မြစ်ဝထိ ကွေ့ ၁၃ ကွေ့ကို ရေစီးရေလာကောင်းအောင် ဆောင်ရွက်မယ်လို့ဆိုခဲ့ရင် တစ်ဆက်တစ်စပ်တည်း ကြိမ်ချောင်းအောက်ဘက်က ဒါးကမြစ်ရဲ့ရေစီးရေလာကောင်းအောင်လုပ်ရမယ်။ ဒါးကမြစ်ကနေ ငဝန်မြစ်ကိုစီးဝင်တဲ့ရေစီးရေလာတွေကို အသေးစိတ်တိုင်းတာရန် လိုအပ်တယ်။ ဒါးကမြစ်တလျှောက်မှာ လူနေကျေးရွာတွေ၊ လယ်ယာမြေတွေ တည်ရှိနေတဲ့အတွက်ကြောင့်မို့လို့ လိုအပ်တဲ့မြစ်ကမ်းပါးကာကွယ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်သွားရန် လိုအပ်မှာဖြစ်ပြီးတော့ ကုန်ကျစရိတ်အများအပြားရှိမယ်ဆိုတဲ့အကြောင်းကို စိစစ်တွေ့ရှိရပါတယ်။ ဒါကတော့ ဒါးကမြစ်ကမ်းတစ်လျှောက်မှာ ငါးဖမ်းဖို့အတွက် ဗေဒါခြံတွေလုပ်ထားတာကို တွေ့ရှိရပါတယ်။ မြစ်အတွင်းမှာ လုပ်ထားတဲ့ အစိမ်းရောင်လေးထောင့်ကွက်လေးတွေဟာ မြစ်အတွင်းမှာ သူတို့ဆောင်ရွက်ထားတဲ့ ဗေဒါခြံတွေဖြစ်ပါတယ်။ ဒါကတော့ ဒါးကမြစ်အတွင်းကိုစီးဝင်နေတဲ့ ချောင်းမြောင်းတွေ၊ ဥပမာ- ဂျုံးဂျုံးကျမြောင်း ချောင်းကော၊ မြောင်းကောတွေပါရှိတဲ့ တစ်ပြိုင်တည်းဆောင်ရွက်သွားရန် လိုအပ်တဲ့အတွက်ကြောင့် သက်ဆိုင်ရာဌာနဆိုတာ ခုနတုန်းက ငါးလုပ်ငန်းဦးစီးလည်းရှိပါတယ်။ နောက်ဆည်မြောင်းနဲ့ ရေအသုံးချရေးဦးစီးလည်းရှိပါတယ်။ ဒီ ၂၀၁၅ ခုနှစ်တုန်းကတော့ ဧရာဝတီတိုင်းဒေသကြီးအစိုးရကနေပြီးတော့ ဆည်မြောင်းနဲ့ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနကို တာဝန်ပေးအပ်ထားတဲ့အကြောင်း တွေ့ရှိရပါတယ်။ ခုနက ကော့သလိုင်းတာတမံတို့ ရေလဲကြီးတမံတို့ ဒါတွေဟာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဆောင်ရွက်တာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးအတွက်တာဝန်ရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ မြစ်ချောင်းများတိုးတက်ရေးဆောင်ရွက်မှုနဲ့ ဆည်မြောင်းတို့၊ ရေအသုံးချရေးစီမံခန့်ခွဲရေးတို့ရဲ့တာတမံဆောင်ရွက်ထားမှုတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်တဲ့အကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဒါကတော့ ခုနတုန်းကပြောတဲ့ ငဝန်မြစ်၊ ဒါးကမြစ်နဲ့ အိမ်မဲချောင်းတို့ကို အပေါ်ကနေမြင်ရတဲ့ပုံ ဖြစ်ပါတယ်။ ဘယ်ဘက်ကငဝန်မြစ်၊ အလယ်က အရှေ့အနောက်စီးနေတာ ဒါးကဖြစ်ပါတယ်။ ဟိုဘက်ကတော့ အိမ်မဲကျောင်းဖြစ်ပါတယ်။ အဲဒီအိမ်မဲကျောင်းက ကျောင်းကုန်းတံတားရဲ့

အောက်ဘက်နေပြီး တစ်မိုင်ခန့်အကွာမှာ ဒါးကမြစ်ကနေပြီးတော့ စတင်ခွဲထွက်ပြီးတော့ ရှိတယ်။ အိမ်မဲမြို့အထိ သူက ၁၅ မိုင်လောက်ရှိပါတယ်။ အိမ်မဲမြို့ရဲ့အောက်ဘက် နှစ်မိုင်မှာ ချောင်းပေါက်နှစ်ခုခွဲပြီးတော့ ရွှေလောင်းမြစ်နှင့် ပမ္မဝတီမြစ်အတွင်းကို စီးဝင်သွားပါတယ်။

အိမ်မဲချောင်းတိမ်ကောလာမှုဟာ ချောင်းကမ်းတစ်လျှောက်မှာ ဆန်စက်တွေ အရှေ့မျက်နှာစာတိုးချဲ့တယ်။ သဘာဝအတိုင်း နှစ်စဉ်သဲနုန်းပို့ချတယ်။ လူတို့ရဲ့မဆင်မခြင်အမှိုက်သရိုက်များကို ချောင်းအတွင်းကို စွန့်ပစ်တယ်။ ချောင်းကူး၊ မြောင်းကူးတံတားတွေကိုလည်းပဲ တည်ဆောက်တယ်။ မြစ်ချောင်းတိမ်ကောမှုကို အလျင်အမြန် ဖြစ်ပေါ်စေတဲ့ ငါးခြံတွေ၊ ခြံချငါးဖမ်းခြင်းတွေကို အကန့်အသတ်မဲ့ ဆောင်ရွက်နေကြတယ်။ ဒါကြောင့် နှစ်စဉ် ဧပြီလနှင့် မေလမှာ အိမ်မဲချောင်းတစ်လျှောက်မှာ ခြံချငါးဖမ်းခြင်းတွေကြောင့် ဗေဒါပင်တွေပိတ်ဆို့ပြီးတော့ ပဲ့ထောင်စက်လှေများပင် ခက်ခက်ခဲခဲသွားလာနေရတဲ့အခြေအနေဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၁၅ နှစ်ခန့်တုန်းကတော့ ရေကြောင်းကို အသုံးပြုပြီး သွားလာတယ်။ အခုအခါမှာတော့ လမ်းတွေ၊ တံတားတွေ၊ မော်တော်ကားလမ်းတွေ ကောင်းနေတဲ့အတွက်ကြောင့်မို့လို့ ရေလမ်းအသုံးပြုမှုနည်းပါးလာတယ်ဆိုတဲ့အကြောင်းကို စိစစ်တွေ့ရှိရပါတယ်။ ဒါကတော့ အိမ်မဲချောင်းအတွင်းမှာ ခြံချငါးဖမ်းနေတဲ့ ခြံလေးတွေလုပ်ထားတာဖြစ်ပါတယ်။ ဒါကတော့ ခုနတုန်းက ဆန်စက်တွေတည်ထားတယ်။ အမှိုက်တွေပစ်ထားတယ်။ ဆန်စက်က စပါးခွံတွေပါ မြစ်ထဲကိုစီးနေတယ်ဆိုတဲ့အကြောင်းကို တင်ပြတာဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော် မေးခွန်းကို ဖြေရမယ်ဆိုရင် ဒါးကမြစ်က မိုင် ၇၀ လောက်ရှိ ပါတယ်။ အိမ်မဲချောင်းက ၂၀ မိုင်လောက်ရှိပါတယ်။ အားလုံးပေါင်း ၉၀ မိုင်လောက်ကို မြစ်ကြောင်းထိန်းသိမ်းရမှာဖြစ်ပါတယ်။ အဲဒီနေရာတစ်လျှောက်ကို သဲနုန်းတူးမယ်ဆိုတဲ့ကိစ္စရှိပါတယ်။ ဒီနေရာမှာ ခုနတုန်းကပြောတဲ့ ရေကြီးရေလျှံမှုကြောင့် လယ်သမားတွေအတွက် လယ်ပျက်တာရှိတယ်။ ဒီအခါမှာ ဒီဟာကိုလုပ်လိုက်တဲ့အခါမှာ ရေကြီးတာကိုကြိုက်တယ်။ ဥပမာကျွန်တော်တို့ အညာဘက်မှာလည်းပဲ ရေကြီးတာကို တချို့ကကြိုက်တယ်။ နုန်းတင်တယ်။ နုန်းတင်တော့ နုန်းတင်တဲ့မြေမှာ စပါး၊ မြေပဲစသဖြင့် စိုက်လို့ရအောင် သူတို့က ကြိုက်ကြပါတယ်။ ဒီနေရာမှာလည်း ကျွန်တော်တို့က Public Consultation လိုပါတယ်။ ကျွန်တော်တို့က ဒီမြစ်ကို ပြင်မယ်ဆိုပြီး ပြင်ရုံလေးနဲ့မရပါဘူး။ ဒါကြောင့် ဒီဟာကတော့ အားလုံးပေါင်းစပ်ပြီးဆောင်ရွက်မှုဖြစ်ပါမယ်။ တကယ့် တောက်လျှောက်မြစ်ကြောင်းတစ်လျှောက်မှာ လုပ်ဖို့ဆိုတဲ့ဟာကျတော့ လောလောဆယ်ကျွန်တော်တို့မှာရှိတဲ့ စက်ကိရိယာက မြစ်အကြီးကြီးတွေမှာပဲ လုပ်တာဖြစ်ပါတယ်။ ဒီဟာက နုန်းကိုပဲဆည်ရမယ်လို့ လွှတ်တော်

ကိုယ်စားလှယ်တော်ကြီးပြောသလိုဖြစ်ပါတယ်။ နောက်တစ်ချက်က ကျွန်တော်တို့ ခုလုပ်နေတာက ဒီနှစ် ၂၀၁၇ ခုနှစ်မှာ နယ်သာလန်အစိုးရနဲ့ သဘောတူထားတဲ့ Integrated Ayeyarwaddy Delta Strategy။ အဲဒီတော့ ဧရာဝတီမြစ်ဝကျွန်းပေါ်ဖွံ့ဖြိုးတိုးတက်ရေးအစီအမံကို ဆောင်ရွက်နေပါတယ်။ အဲဒီအခါအတွက် ဘာလုပ်ရမလဲဆိုတဲ့အချက်ကို ဒီဇင်ဘာလဆိုရင် ကျွန်တော်တို့အားလုံးဟာ ဘယ်လိုလုပ်ရမလဲဆိုတဲ့ အစီအမံဖြစ်ပါတယ်။ ဒါမှသာလျှင် အားလုံးကိုခြုံပြီးစဉ်းစားမှ တစ်ခုကို ကောင်းအောင်လုပ်ရင် နောက်တစ်ခုပျက်သွားနိုင်တယ်။ ဒါကြောင့် အားလုံးကို ဘက်ပေါင်းစုံ လေ့လာတဲ့ Strategy ဟာ ဒီဇင်ဘာလကျရင်ရမယ်။ အဲဒီအခါမှာ Pilot Plan တစ်ခု၊ နှစ်ခုလုပ်ပေးဖို့ ကျွန်တော် Consultant အဖွဲ့ကို တင်ပြထားပါတယ်။ အဲဒီအခါမှာ ဒီဒါးကမြစ်ဟာ ဘယ်လိုလုပ်လို့ရ သလဲဆိုတဲ့အဖြေလည်း ထွက်မယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့သည် မြစ်ဝကျွန်းပေါ်ကြီးတစ်ခုလုံးပြဿနာကြီးဖြစ်ပါတယ်။ တစ်ပြည်လုံးမှာလည်းပဲ ဧရာဝတီမြစ်တွေ၊ ချောင်းတွေပျက်နေတာ၊ ရေတွေကြီးနေတာ အကုန်လုံး အားလုံးအသိဖြစ်ပါတယ်။ ဥပမာ- ဧရာဝတီဆိုရင် ကီလိုမီတာပေါင်း ၂၁၇၄ ကီလိုမီတာရှည်ပါတယ်။ အဲဒီထဲမှာပျက်နေတဲ့နေရာပေါင်း ကျွန်တော် သေသေချာချာစိစစ်ကြည့်လိုက်တော့ ကီလိုမီတာ ၇၀၀ ရှိပါတယ်။ အဲဒီတော့ အခုလည်းပဲ ဒီဟာက ၉၁ မိုင်ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့သည် ဦးစားပေးအစီအစဉ်အလိုက် ကုန်ကျစရိတ် နဲ့ရတဲ့ပိုက်ဆံနဲ့ အားလုံးကို ချက်ချင်းလက်ငင်းဆောင်ရွက်နိုင်မည်မဟုတ်သော်လည်းပဲ အားလုံး ဦးစားပေးအစီအစဉ်နဲ့ မျှတစွာဆောင်ရွက်သွားမယ်ဆိုတဲ့အကြောင်း ပြည့်စုံစွာရှင်းလင်း တင်ပြ အပ်ပါတယ်။ အားလုံးလေးစားပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ ပြည်ပြည့်စုံစုံဖြေကြားပေးတဲ့ ဝန်ကြီး ကိုလည်း အထူးကျေးဇူးတင်ရှိပါတယ်။ အဲဒီတော့ ဝန်ကြီးအပိုင်းအနေနဲ့ကတော့ ဝန်ကြီးဌာနနဲ့ သက်ဆိုင်တဲ့အပိုင်းတွေကိုပဲ ရှင်းလင်းဆွေးနွေးနိုင်တာဖြစ်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ ဆီမှာက တကယ်တမ်းကျတော့ နှစ်တိုင်းလိုလို ရေမြုပ်နေတဲ့အတွက်ကြောင့် ကျွန်တော်တို့ တစ်မြို့နယ်တည်းမဟုတ်ပါဘူး။ ရေကြည်ရော၊ ကျုံပျော်ရော၊ ဓနုဖြူရော၊ ကျောင်းကုန်းရော၊ ကန်ကြီးဒေါင့်ရော၊ ပုသိမ်ရော တောက်လျှောက်မြုပ်နေတဲ့အတွက်ကြောင့် ဒါကိုဝိုင်းပြီးတော့ စဉ်းစားနေကြပါတယ်။ မနေ့ကလည်း တိုင်းဒေသကြီးအစိုးရမှာ တာဝန်ရှိသူပုဂ္ဂိုလ်များနဲ့ ကျွန်တော်တို့ ဓနုဖြူ ကျုံပျော်၊ ကျောင်းကုန်း၊ ပန်းတနော် လေးမြို့နယ်အသီးသီးက လွှတ်တော်ကိုယ်စားလှယ်တွေ၊

ဌာန ဆိုင်ရာပုဂ္ဂိုလ်တွေနဲ့ မနေ့ကလည်း ဒါ အသေးစိတ်ဆွေးနွေးပြီးတော့ ဒီရေကြီးမှုကို အဟန့်အတားဖြစ် စေတဲ့ကိစ္စတွေကို လျှော့ပါးသွားအောင် ကျွန်တော်တို့ဘယ်လိုလုပ်မလဲဆိုတဲ့ဟာ ဝိုင်းဝန်းပြီးတော့ ဒါဆွေးနွေးနေတဲ့အပိုင်းဖြစ်ပါတယ်။ အဲဒီအပိုင်းမှာလည်း ဝန်ကြီးဌာနအနေနဲ့ကတော့ စောစောက ဆည်မြောင်းကိစ္စတွေတော့ ကျွန်တော်တို့ပြောလို့မရပါဘူး။ အဲဒီတော့ ကော့သလန်မှာ ဖြစ်နေတဲ့ ကိစ္စကလည်း ကျွန်တော်တို့ သွားလိုက်တဲ့အခါမှာ ကျွန်တော်တို့လည်း ကိုယ်တိုင်ရောက်ရှိ သွားပါတယ်။ ရောက်ရှိသွားတဲ့အခါကျတော့ ဟိုဘက်ဒီဘက်လယ်သမားတွေလည်းတွေ့ခဲ့တယ်။ ဟိုဘက်ဒီဘက် ဆည်မြောင်းတွေလည်းပါခဲ့တယ်။ အဲဒီအခါ မေးကြည့်တဲ့အခါကျတော့ လယ်သမား ဟိုဘက်ဒီဘက်ပဲ သော့နှစ်လုံးကိုင်ပြီးတော့ သူတို့မှာသူတို့လုပ်နေကြတာ၊ ဆည်မြောင်းနဲ့ပတ်သက် ပြီးတော့ တာဝန်မရှိတဲ့ ပုံစံမျိုးနဲ့ ပြောနေတဲ့အတွက်ကြောင့် ဒီဘက်မှာလည်း ကျွန်တော်တို့ရဲ့ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဒုတိယဝန်ကြီးလည်းပါတဲ့အတွက်ကြောင့် ဒီဥစ္စာလေး တွေကို ကျွန်တော့်အနေနဲ့ ဆက်စပ်မေးခွန်းအနေနဲ့ တကယ်လို့ဖြေနိုင်ရင်လည်း ဖြေပေးစေလိုပါတယ်။ မဖြေနိုင်လို့ရှိရင်လည်း ကျွန်တော်တို့ဒါနဲ့ပတ်သက်ပြီးတော့ အကောင်းဆုံးဖြစ်အောင် အားလုံးသော မြို့နယ်တွေ အားလုံးဖြစ်အောင်၊ သင့်တင့်မျှတမှုဖြစ်အောင်တော့ ဆောင်ရွက်ပေးဖို့အစီအစဉ်လေး ရှိ/မရှိကိုလည်း သိချင်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနကနေ ဖြေကြားပေးပါ။

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။

ခုနတုန်းက ကျွန်တော်ပြောတဲ့အထဲမှာတော့ ဒီ ကော့သလန်ရော၊ ရေလဲကြီးရော ဒီတမံတွေကိစ္စက တော့ တကယ်တိုက်ရိုက်ကတော့ ဝန်ကြီးဌာနအနေနဲ့တော့ မပတ်သက်ပါဘူး။ သို့သော်လည်းပဲ အားလုံးတာဝန်ရှိပါတယ်။ ကျွန်တော်တို့လည်းတာဝန်ရှိပါတယ်။ ကျွန်တော်တို့ဟာ ဒီ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ ဆည်မြောင်းရော၊ ရေအသုံးချရေးဦးစီးဌာနနဲ့ ပူးပေါင်းပြီး တော့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ တကယ်တမ်းကတော့ ဒီ အားလုံးလိုလိုကြီးနေတာပါ။ အခု ဒီအကုန် လုံးပါပဲ။ ခုနတုန်းက ကုန်းတွင်းရေကြီးတာကအစ အားလုံးကြီးနေတာပါ။ သို့သော်လည်းပဲ ကျွန်တော် တို့သည် ဘယ်လိုလုပ်မလဲဆိုတဲ့ဟာ။ ခုန ဧရာဝတီမြစ်ကြီးပြင်ရင် ဘယ်လိုပြင်မလဲပေါ့။ ဟိုတုန်းက လည်း ဥပမာကျွန်တော်ဆက်စပ်ပြောတာပါ။ ဥပမာ Low Head Dam တွေလုပ်မယ်ပေါ့။ ဒါပေမဲ့ Low Head Dam လုပ်လိုက်လို့ရှိရင် အားလုံးမလုပ်သင့်သေးဘူး။ ဧရာဝတီမြစ်ကြီးတစ်ခုလုံးရဲ့ Master Plan ကြီးဆွဲပြီးမှလုပ်ပါ။ ဒါဖြစ်ရင် တစ်ခုလုပ်လိုက်တာနဲ့ ကျန်တာတွေထိသွားနိုင်တယ်။

အခုလည်း အဲဒီလိုပါပဲ။ ကျွန်တော်က ဒါးကမြစ် ဒီကိစ္စတွေက ပြဿနာမရှိဘူးမဟုတ်ပါဘူး။ ဓနုဖြူရော၊ ကျုံပျော်ရောအားလုံး ဧရာဝတီတိုင်းမြစ်ဝကျွန်းပေါ်ကြီးတစ်ခုလုံးဟာ ပြဿနာအကြီးမား ဆုံးခံရတာ ဖြစ်ပါတယ်။ ဒီနေရာမှာလည်းပဲ ခုနကပြောတဲ့ အကုန်လုံးအဘက်ဘက်က စဉ်းစားရပါ တယ်။ ခုန Sea Intrusions ဆိုရင် စစ်တောင်းမြစ်ဝကြီး ဒီလိုဖြစ်နေတယ်။ အားလုံး ပင်လယ်ထဲက ဆားငန်ရေတွေက ဒီဘက်ကို တိုးလာနေတယ်ဆိုတဲ့အချက်တွေလည်း အများကြီးလေ့လာရပါတယ်။ ဒါကြောင့် ကျွန်တော်တို့သည် ဒါကြောင့် Ayeyarwaddy Delta Development Strategy ကို ကျွန်တော်တို့လုပ်ခိုင်းတာဖြစ်ပါတယ်။ ဒီမြစ်ဝကျွန်းပေါ်နဲ့ပတ်သက်လို့ ခုနပြောတဲ့ နယ်သာလန် Consultant တွေက သူတို့ဟာ မြစ်ဝကျွန်းပေါ်တိုင်းပြည်ပါပဲ။ ဒါကြောင့် သူတို့က အင်မတန် ကျွမ်းကျင်တော့ ကျွန်တော်တို့ဘာလုပ်သင့်လဲဆိုတာပြောပါ။ လောလောဆယ် အထိရောက်ဆုံးဟာ ဘာလဲဆိုတာကို ပြောပါဆိုတာကို ကျွန်တော်တို့ အဖြေရမှာဖြစ်ပါတယ်။ လောလောဆယ်ရေကြီးတဲ့ အချိန်မှာလည်း လုပ်လို့မရပါဘူး။ ရေကျတဲ့အချိန် အားလုံးပြန်တိုင်းတာရမယ်။ အသေးစိတ်သွား ရမှာပဲ။ အဲဒီဟာတွေလည်းကျွန်တော်တို့ ချက်ချင်းလုပ်နေတာပါ။ အခုလည်းပဲ Public Consultation တွေရော Consultant အဖွဲ့တွေ သွားနေတာဖြစ်ပါတယ်။ ဒါကြောင့် တစ်ခါတည်းတော့၊ တစ်နှစ်ထဲ တော့မပြီးပါဘူး။ ဥပမာ ဟိုတစ်နေ့က ကောလင်းမြို့နယ်မှာ ဒေါင်းမြူးချောင်းလုပ်တော့ဘယ်ရမလဲ။ တစ်ရက်တည်း ကျွန်တော်တို့မှာ မိုးမကျခင် တစ်လလောက်၊ နှစ်လလောက်အတွင်းမှာ မြန်မြန် ဆန်ဆန်လုပ်ရတယ်။ အဲဒီမှာလည်း ကျွန်တော်တို့ ကောလင်းမြို့နယ်ကိုလည်းပြောပါတယ်။ ကျွန်တော်တို့ဒေါင်းမြူးချောင်းကြီးဟာ နှစ်ပေါင်းများစွာ နှစ်နှစ်သုံးနှစ်ဆက်တိုက်ကြီးခဲ့တာ။ အဲဒါကြီးကို လောလောဆယ် မူးမြစ်ထဲစီးသွားအောင်လောက် မြန်မြန်စီးရုံလောက်ပဲ လောလောဆယ် လုပ်နိုင်မယ်။ ကျန်တဲ့ချောင်းတွေ၊ မြောင်းတွေ အကုန်လုံးကောင်းမှဖြစ်မှာပါဆိုပြီး လုပ်ခဲ့ရပါတယ်။ အခုလည်း အဲဒီအတိုင်းပါပဲ။ ဒါကြီးဟာ ကျွန်တော်တို့ မြစ်ဝကျွန်းပေါ်ကြီးတစ်ခုလုံးကောင်းဖို့ ခြုံပြီး ကြိုးစားနေပါတယ်ဆိုတဲ့အကြောင်း ကျွန်တော် ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ပြန်လည်ထွက်ခွာ နိုင်ပါပြီ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

# ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီက အစီရင်ခံစာကိုတင်ပြဖို့ ဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးမောင်မောင်ဦး(အတွင်းရေးမှူး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး အင်းစိန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး ဖြစ်ပြီး ကျွန်တော့် ကော်မတီရဲ့ခွင့်ပြုချက်အရ ပြည်သူ့လွှတ်တော်ကော်မတီ၏ အစီရင်ခံစာကို လေးလေးစားစားတင်ပြမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်ရဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး အဋ္ဌမနေ့(၁၉-၂-၂၀၁၆ ရက်နေ့)တွင် ပြည်သူ့လွှတ်တော်ရုံး အမိန့်ကြော်ငြာစာအမှတ်(၂၄/၂၀၁၆)ဖြင့် ကော်မတီဥက္ကဋ္ဌ ဦးရန်လင်းပါ ၁၅ ဦးဖြင့် ဖွဲ့စည်းခဲ့ရာ ထပ်မံဖြည့်စွက်ဖွဲ့စည်းခြင်း၊ အစားထိုးခန့်အပ်ခြင်းများဖွဲ့စည်းခဲ့ရာ ယနေ့ဆိုရင် ကော်မတီဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်အားလုံးပေါင်း ၁၉ ဦး ရှိပါတယ်ခင်ဗျား။ အသေးစိတ်အချက်အလက်များကိုတော့ ကိုယ်စားလှယ်တော်ကြီးများထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် အချိန်ကိုငဲ့ညှာသောအားဖြင့် အခြေခံအချက်အလက်များကိုပဲ ဖတ်ကြားတင်သွင်းသွားပါမယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို စိစစ်ရမယ့်ဥပဒေပေါင်း ၂၂ ခုရှိပါတယ်ခင်ဗျား။ ကော်မတီအစည်းအဝေးများ ကျင်းပမှုများကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် ၁၉-၂-၂၀၁၆ ရက်နေ့မှ ၁၈-၂-၂၀၁၇ ရက်နေ့ထိ ကော်မတီကစိစစ်ရမယ့်ဥပဒေများနှင့်ပတ်သက်၍ ကော်မတီအဖွဲ့ဝင်များနှင့် အစည်းအဝေး ခြောက်ကြိမ်၊ ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးလေးကြိမ်၊ ဝန်ကြီးဌာနနှင့်လုပ်ငန်း အစည်းအဝေး

၁၀ ကြိမ်၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် ညှိနှိုင်းအစည်းအဝေးခုနစ်ကြိမ်၊ ဥရောပသမဂ္ဂဆိုင်ရာ ကုလသမဂ္ဂကိုယ်စားလှယ်အဖွဲ့နှင့်နိုင်ငံခြား Call တစ်ကြိမ် စုစုပေါင်း ၂၈ ကြိမ် ကျင်းပပြုလုပ်ခဲ့ပါတယ်။

အခြားတာဝန်များကတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၆) အရ ကော်မတီဥက္ကဋ္ဌ ဦးရန်လင်းအား တောင်သူလယ်သမားအခွင့်အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွားဦးဆောင်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ကော်မတီအတွင်းရေးမှူး ကျွန်တော် ဦးမောင်မောင်ဦးအား ပြည်ထောင်စုဝန်ကြီးရုံးအမိန့်ကြော်ငြာစာအမှတ်(၁၄၄/၂၀၁၆)အရ မွေးမြူရေးနှင့်ရေလုပ်ငန်း စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီတွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိနေကြပါတယ်။ တိုင်ကြားစာ၊ တင်ပြစာ၊ အသနားခံစာများ၊ အရေးယူဆောင်ရွက်ခြင်းများကတော့ မိမိတို့ကော်မတီသို့ လိပ်မူပြီးတိုင်ကြားစာ၊ တင်ပြစာ၊ အသနားခံစာ စုစုပေါင်း ၈၃ စောင်ရှိခဲ့ရာ အားလုံးဖြေရှင်းဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ထို့အပြင် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ရဲ့ ၁၇-၅-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ဝ၃/ပထစ(ကမရ-၁)/၂၀၁၆-၁၁၆ အကြောင်းကြားစာအရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း တောင်သူလယ်သမားများ၏သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေထုတ်ချေးခြင်းဆိုင်ရာညွှန်ကြားစာအပေါ် လေ့လာသုံးသပ်နိုင်ရန်အတွက် ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီနှစ်ခုတို့နဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့နှင့် တွေ့ဆုံဆွေးနွေးအဖြေရှာ၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးထံ အစီရင်ခံစာတင်ပြခြင်းတို့ကို ကော်မတီ၏လုပ်ငန်းတာဝန်များအနက် အပိုဒ်(ဂ)ပါတာဝန်နှင့်အညီ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

ကျွန်တော်တို့ကော်မတီရဲ့သုံးသပ်အကြံပြုချက်များကတော့ ကော်မတီ၏သက်တမ်းတစ်နှစ်အတွင်းမှာ ကော်မတီမှစိစစ်သုံးသပ်ရမယ့် စိုက်ပျိုးရေးဆိုင်ရာ ဥပဒေများနှင့်စပ်လျဉ်း၍ Stakeholder အမျိုးမျိုးနှင့်တွေ့ဆုံပြီး အကြံပြုချက်များရယူနိုင်ခဲ့ပါတယ်။ ပြင်ပအဖွဲ့အစည်းများကိုလည်း တွေ့ဆုံခြင်းဖြင့် ပကတိအခြေအနေများကို သိရှိနိုင်ခဲ့ရပါတယ်။ ဆက်လက်တွေ့ဆုံမှုများကိုလည်း ပြုလုပ်သွားသင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ လွှတ်တော်တွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးရေးဆိုင်ရာ မေးခွန်းများမေးမြန်းခြင်း၊ ပါဝင်ဆွေးနွေးခြင်းများသည်လည်း ကော်မတီ၏လုပ်ငန်းများအတွက် အထောက်အကူပြုခဲ့ရပါတယ်။ အခုသက်တမ်းတစ်နှစ်ပြည့်ပြီး

ကာလအတွင်း ကော်မတီ၏လုပ်ငန်းဆောင်တာများကို ပိုမိုထိရောက်အောင် လည်ပတ်ဆောင်ရွက်လာနိုင်ပြီဖြစ်ရာ ပြည်သူများမှ အခြေခံနယ်မြေများသို့ လာရောက်ကွင်းဆင်းကြည့်ရှုရန် ဖိတ်ခေါ်စာများအရ ကွင်းဆင်းရေးလုပ်ငန်းများကို စနေ၊ တနင်္ဂနွေ သို့မဟုတ် လွှတ်တော်အားလပ်ရက်များတွင် ပိုမိုဆောင်ရွက်သင့်သည်ဟုလည်း အကြံပြုတင်ပြအပ်ပါတယ်။ လေ့လာညှိနှိုင်းရမယ့်ဝန်ကြီးဌာနရဲ့ စီမံကိန်းဘတ်ဂျက်များကို သိရှိလာခြင်း၊ ဦးစီးဌာနများနှင့်တွေ့ဆုံဆွေးနွေးခဲ့ခြင်း၊ ကော်မတီဝင်ဦးရေ ပိုမိုများပြားလာခြင်းတို့ကြောင့် ကော်မတီရဲ့တာဝန်လုပ်ငန်းများကို ယခုထက်ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဟုမျှော်လင့်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါတယ်။

နိဂုံးချုပ်အနေနဲ့တော့ ပြည်သူတို့ရဲ့လိုအပ်ချက်ဆန္ဒများ၊ အကြံပြုချက်များကို ယခုထက်ပိုမို သိရှိနိုင်အောင် ကြိုးစားအကောင်အထည်ဖော်လျက် အခြားတစ်ဖက်မှာလည်း အထူးသဖြင့် ကော်မတီနှင့်တိုက်ရိုက်သက်ဆိုင်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ လုပ်ငန်းဆောင်ရွက်မှုများ အားသာချက်၊ အားနည်းချက်တို့ကိုသုံးသပ်၍ အပြန်အလှန်ထိန်းကျောင်း ဆောင်ရွက်သွားမည့် မိမိတို့ကော်မတီ၏အစီရင်ခံစာအား ပြည်သူ့လွှတ်တော်မှ အတည်ပြုပေး နိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုး တိုးတက်ရေးကော်မတီ။ ပြည်သူ့လွှတ်တော်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
## စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ

**ဖွဲ့စည်းခြင်း**

၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို ၁-၂-၂၀၁၆ ရက်နေ့၌ စတင်ကျင်းပခဲ့ပြီး အစည်းအဝေးအဌမနေ့ဖြစ်သည့် ၁၉-၂-၂၀၁၆ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၂၄/၂၀၁၆)ဖြင့် အောက်ပါကော်မတီအဖွဲ့ဝင် ၁၅ ဦးတို့နှင့် ဖွဲ့စည်းပေး ခဲ့ပါသည် -

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| (က) | ဦးရန်လင်း | ကျိုက်လတ် | ဥက္ကဋ္ဌ |

**မူကြမ်း**

| | | | |
|---|---|---|---|
| (ခ) | ဦးမျိုး | ချောင်းဦး | အဖွဲ့ဝင် |
| (ဂ) | ဦးစောထွန်း | မုဒုံ | အဖွဲ့ဝင် |
| (ဃ) | ဦးဝင်းထူး | နမ့်ဆန် | အဖွဲ့ဝင် |
| (င) | ဒေါက်တာတင်ဌေးအောင်<br>(ခ) ဦးတိုးရွှေ | ရေစကြို | အဖွဲ့ဝင် |
| (စ) | ဒေါက်တာသန်းအောင်စိုး | မင်းလှ | အဖွဲ့ဝင် |
| (ဆ) | ဦးစိုင်းခတ္တိယ | မိုင်းဆတ် | အဖွဲ့ဝင် |
| (ဇ) | ဦးခွန်သန်းထူး | ဆီဆိုင် | အဖွဲ့ဝင် |
| (ဈ) | ဦးစိုင်းသန့်ဇင် | သီပေါ | အဖွဲ့ဝင် |
| (ည) | ဦးခင်မောင်မြင့် | ရပ်စောက် | အဖွဲ့ဝင် |
| (ဋ) | ဦးရွှေကို | ကျောက်ပန်းတောင်း | အဖွဲ့ဝင် |
| (ဌ) | ဦးမိုးရွှေ | ပူတာအို | အဖွဲ့ဝင် |
| (ဍ) | ဦးမြင့်ဝေ | ဝ | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်မှူးကြီးခင်မောင်ထွန်း | တပ်မတော်သား<br>ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဦးမောင်မောင်ဦး | အင်းစိန် | အတွင်းရေးမှူး |

ပြည်သူ့လွှတ်တော်ရုံး၏ ၁ဂ-၃-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၄၃/၂၀၁၆)ဖြင့် ဦးဝင်းထူး (နမ့်ဆန်မဲဆန္ဒနယ်)အစား ဦးအောင်ကျော်ဟိန်း (တနသ်ာရီမဲဆန္ဒနယ်)ကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော်ရုံး၏ ၁၆-၂-၂၀၁၇ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၁၄/၂၀၁၇)ဖြင့် တပ်မတော်သား ကိုယ်စားလှယ်ဗိုလ်မှူးကြီးခင်မောင်ထွန်းအစား ဗိုလ်မှူးကြီးခင်မောင်ချိုကိုလည်းကောင်း ပြောင်းလဲ အစားထိုးပေးပြီး ပြည်သူ့လွှတ်တော်ရုံး၏ ၁၆-၂-၂၀၁၇ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၁၅/ ၂၀၁၇) ဖြင့် ဦးအောင်မြင့်(သာယာဝတီမဲဆန္ဒနယ်)နှင့် ဦးကျော်တင် (ဆောမဲဆန္ဒနယ်)တို့ကို အဖွဲ့ဝင်

**မူကြမ်း**

များအဖြစ်လည်းကောင်း၊ ပြည်သူ့လွှတ်တော်ရုံး၏ ၁၆-၂-၂၀၁၇ ရက်စွဲပါ အမိန့်အမှတ်(၁/၂၀၁၇) ဖြင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်မောင်ထွန်းနှင့် ဒုတိယဗိုလ်မှူးကြီးကျော်မိုးအောင် တို့ကို လေ့လာသူများအဖြစ်လည်းကောင်း ထပ်မံထည့်သွင်းဖွဲ့စည်းပေးခဲ့ပါသည်။

မိမိတို့ကော်မတီတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင် ၁၂ ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဝင် နှစ်ဦး၊ ပအိုးဝ်အမျိုးသားအဖွဲ့ချုပ်ပါတီဝင် တစ်ဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင် တစ်ဦးနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် သုံးဦးတို့ ပါဝင်ပါသည်။

**ကော်မတီ၏သက်တမ်း**

၂။ ကော်မတီ၏သက်တမ်းကို စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်သတ်မှတ်ပါသည်။

**ကော်မတီ၏တာဝန်များ**

၃။ ကော်မတီသည် -

(က) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကျေးလက်လူမှုဘဝဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရသည်။

(ခ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကိုလေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိက လွှတ်တော်သို့ တင်ပြရသည်။

(ဂ) သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ အခါအားလျော်စွာထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့်ဥပဒေများနှင့်လည်းကောင်း ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိကူညီရသည်။

(ဃ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကိုကြားနာစိစစ်၍ လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့တင်ပြအစီရင်ခံရသည်။

**ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတာဝန်များ**

၄။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ သည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်ပေးလမ်းညွှန်ချက်ဖြင့်လည်းကောင်း၊ ၂၀၁၃ ခုနှစ် ပြည်သူ့ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများပါကော်မတီ၏ တာဝန်များကိုလည်းကောင်း ဦးဆောင်၍ ကျေပွန်အောင်ဆောင်ရွက်ရသည်။

၅။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး သည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌတို့၏ တာဝန်ပေးလမ်းညွှန်ချက်နှင့်အညီ ကော်မတီလုပ်ငန်းတာဝန်များကို ကျေပွန် အောင်ဆောင်ရွက်ရသည်။

**ကော်မတီနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာန**

၆။ ကော်မတီနှင့်သက်ဆိုင်သည့်ဝန်ကြီးဌာနမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာနဖြစ်သည်။

**ကော်မတီကစိစစ်ရမည့်ဥပဒေများ**

၇။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက စိစစ်ရမည့် ဥပဒေပေါင်း(၂၂)ခုရှိသည့်အနက် အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ တာဝန်ယူစိစစ်မည့်ဥပဒေ(၇)ခု ဖြစ်ပါသည်။ ကျန်ဥပဒေ(၁၅)ခုမှာ အတည်ပြုပြဋ္ဌာန်းပြီး ဥပဒေ(၉)ခု၊ စိစစ်ဆဲဥပဒေ(၄)ခုနှင့် ပြင်ဆင်ရန်မလိုသည့်ဥပဒေ(၂)ခုတို့ဖြစ်ပြီး ယင်းဥပဒေများအား နောက်ဆက်တွဲ(က)ဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

**ကော်မတီအစည်းအဝေးကျင်းပမှုများ**

၈။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် ၁၉-၂-၂၀၁၆ ရက်နေ့မှ ၁၈-၂-၂၀၁၇ ရက်နေ့အထိ ကော်မတီကစိစစ်ရမည့် ဥပဒေများနှင့်ပတ်သက်၍ ကော်မတီအဖွဲ့ဝင်များနှင့် အစည်းအဝေး(၆)ကြိမ်၊ ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၄)ကြိမ်၊

**မူကြမ်း**

ဝန်ကြီးဌာနနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁၀)ကြိမ်၊ ပြည်တွင်းအဖွဲ့အစည်းနှင့် ညှိနှိုင်းအစည်းအဝေး(၇)ကြိမ်၊ ဥရောပသမဂ္ဂ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂကိုယ်စားလှယ်အဖွဲ့နှင့် နိုင်ငံခြား Call (၁)ကြိမ် စုစုပေါင်း(၂၈)ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။

၉။ ပြည်တွင်း၊ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံမှုအကြောင်းအရာများအား နောက်ဆက်တွဲ(ခ) ဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

၁၀။ Workshop၊ Seminar၊ Training တက်ရောက်ခဲ့မှုများကို နောက်ဆက်တွဲ(ဂ)ဖြင့် ပူးတွဲ တင်ပြအပ်ပါသည်။

**နိုင်ငံခြားခရီးစဉ်**

၁၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးရန်လင်းသည် ၂-၈-၂၀၁၆ ရက်နေ့မှ ၆-၈-၂၀၁၆ ရက်နေ့အထိ ထိုင်းနိုင်ငံတွင်ကျင်းပသည့် ဒုတိယအကြိမ်မြောက် ပါလီမန်ဆိုင်ရာအာဆီယံအသိုက်အဝန်း ဖိုရမ်သို့တက်ရောက်ခဲ့ပြီး ကော်မတီ ဥက္ကဋ္ဌ ဦးရန်လင်း၊ အတွင်းရေးမှူးဦးမောင်မောင်ဦးနှင့် အဖွဲ့ဝင်ဗိုလ်မှူးကြီးခင်မောင်ထွန်းတို့သည် ဂျပန်နိုင်ငံ အရှေ့တောင်အာရှဒေသဆိုင်ရာ လေ့လာရေးစင်တာ ကျိုတိုတက္ကသိုလ်၏ ဖိတ်ကြားချက် အရ ၁၃-၁၂-၂၀၁၆ ရက်နေ့မှ ၂၂-၁၂-၂၀၁၆ ရက်နေ့အထိ (၁၀)ရက်လေ့လာရေးခရီးသွားရောက် ခဲ့ပါသည်။

**အခြားတာဝန်များ**

၁၂။ ကော်မတီဥက္ကဋ္ဌဦးရန်လင်းသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၁၆-၆-၂၀၁၆ ရက်စွဲပါအမိန့် ကြော်ငြာစာအမှတ်(၄၈/၂၀၁၆)အရ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဦးဆောင်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ကော်မတီအတွင်းရေးမှူး ဦးမောင်မောင်ဦး သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၁-၉-၂၀၁၆ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၁၄၄/၂၀၁၆)အရ မွေးမြူရေးနှင့် ရေလုပ်ငန်းစီမံခန့်ခွဲရေးလုပ်ငန်း ကော်မတီတွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်နေပါသည်။

**တိုင်ကြားစာ၊ တင်ပြစာ၊ အသနားခံစာများ အရေးယူဆောင်ရွက်ခြင်း**

၁၃။ မိမိတို့ကော်မတီသို့လိပ်မူပေးပို့သည့် တိုင်ကြားစာ၊ တင်ပြစာ၊ အသနားခံစာ စုစုပေါင်း (၈၃)စောင်ပေးပို့လာပါသည်။ ပေးပို့လာသည့် တိုင်ကြားစာ၊ တင်ပြစာ၊ အသနားခံစာ(၇၇)စောင်ကို

လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများပြန်လည်စိစစ် ရေးဗဟိုကော်မတီသို့လည်းကောင်း၊ ကျန်(၆)စောင်ကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ လည်းကောင်းလွှဲပြောင်းပေးပို့ခဲ့ပါသည်။ တိုင်ကြားတင်ပြလာသည့် တောင်သူများထံသို့ လည်းမိမိတို့ကော်မတီမှ ဆောင်ရွက်ချက်များကို ပြန်စာများပေးပို့ထားပါသည်။ မိမိတို့ ကော်မတီသို့မိတ္တူပေးပို့သည့် တိုင်ကြားစာ၊ တင်ပြစာ၊ အသနားခံစာ(၈၉)စောင်သည် ဆောင်ရွက်ရန်မလိုဘဲ သိသာရန်ပေးပို့ထားခြင်းဖြစ်ပါသည်။

ထို့အပြင် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၏ ၁၇-၅-၂၀၁၆ ရက်စွဲပါစာအမှတ် ၀၃/ပထစ(ကမရ-၁)/၂၀၁၆-၁၁၆ အကြောင်းကြားစာအရ ၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် တောင်သူလယ်သမားများအား သီးနှံထုတ်လုပ်မှုဘဏ်ချေးငွေထုတ်ချေးခြင်းဆိုင်ရာ ညွှန်ကြားစာအပေါ် လေ့လာသုံးသပ်နိုင်ရန်အတွက် ပြည်သူ့လွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုး တိုးတက်ရေးကော်မတီ၊ တောင်သူလယ်သမားနှင့်အလုပ်သမားရေးရာကော်မတီ(၂)ခုတို့နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်တို့တွေ့ဆုံဆွေးနွေးအဖြေရှာ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးထံသို့ အစီရင်ခံတင်ပြခြင်းစသည်တို့ကို ကော်မတီတာဝန်များအနက် အပိုဒ်(ဂ)ပါ တာဝန်နှင့်အညီ ဆောင်ရွက်ခဲ့ပါသည်။

**သုံးသပ်အကြံပြုချက်**

၁၄။ ကော်မတီသက်တမ်းတစ်နှစ်အတွင်းတွင် ကော်မတီမှ စိစစ်သုံးသပ်ရမည့် စိုက်ပျိုးရေးဆိုင်ရာ ဥပဒေများနှင့်စပ်လျဉ်း၍ (Stakeholder)အမျိုးမျိုးနှင့်တွေ့ဆုံပြီး အကြံပြုချက်များ ရယူနိုင်ခဲ့ပါသည်။ ပြင်ပအဖွဲ့အစည်းများကိုတွေ့ဆုံခြင်းဖြင့် ပကတိအခြေအနေများကို သိခွင့်ရပါသဖြင့် ဆက်လက်တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်သွားသင့်ကြောင်း အကြံပြုအပ်ပါသည်။

လွှတ်တော်တွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဆိုင်ရာမေးခွန်းများ မေးမြန်းခြင်း၊ ပါဝင်ဆွေးနွေးခြင်းများသည်လည်း ကော်မတီ၏လုပ်ငန်းများအတွက် အထောက်အကူပြုခဲ့ပါသည်။ ယခုသက်တမ်းတစ်နှစ်ပြည့်ပြီးကာလတွင် ကော်မတီ၏လုပ်ငန်းဆောင်တာများကို ပိုမိုထိရောက်အောင် လည်ပတ်ဆောင်ရွက်လာနိုင်ပြီးဖြစ်ရာ ပြည်သူများမှ အခြေခံနယ်မြေများသို့ လာရောက်ကွင်းဆင်းကြည့်ရှုရန် ဖိတ်ခေါ်စာများအရ ကွင်းဆင်းလုပ်ငန်းများကို စနေနေ့၊ တနင်္ဂနွေနေ့ (သို့မဟုတ်) လွှတ်တော်အားလပ်ရက်များတွင် ပိုမိုဆောင်ရွက်သင့်သည်ဟုလည်း အကြံပြုအပ်ပါသည်။

လေ့လာညှိနှိုင်းရမည့်ဝန်ကြီးဌာန၏ စီမံကိန်းနှင့်ဘတ်ဂျက်များကိုသိရှိလာခြင်း၊ ဦးစီးဌာနများနှင့်တွေ့ဆုံဆွေးနွေးခဲ့ခြင်း၊ ကော်မတီဝင်ဦးရေ ပိုမိုများပြားလာခြင်းများကြောင့် ကော်မတီ၏လုပ်ငန်းတာဝန်များကို ယခုထက်ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဟုမျှော်လင့်ပါကြောင်း အစီရင်ခံအပ်ပါသည်။

**နိဂုံး**

၁၅။ ပြည်သူတို့၏လိုအပ်ချက်ဆန္ဒများ၊ အကြံပြုချက်များကို ယခုထက်ပိုမိုသိရှိနိုင်အောင် ကြိုးစားအကောင်အထည်ဖော်လျက် အခြားတစ်ဖက်မှာလည်း အထူးသဖြင့်ကော်မတီနှင့် တိုက်ရိုက်သက်ဆိုင်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဆောင်ရွက်မှုများ၏ အားသာချက်၊ အားနည်းချက်များကိုသုံးသပ်၍ အပြန်အလှန်ထိန်းကျောင်းဆောင်ရွက်သွားမည့် မိမိတို့ကော်မတီ၏အစီရင်ခံစာအား ပြည်သူ့လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါသည်။

**ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၂၂-၆-၂၀၁၇ ရက်နေ့(ကြာသပတေးနေ့) ညနေ ၄း၀၀ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါတယ်။

**ဦးဝင်းမြင့်ဦး (ခ) ဦးနေမျိုး၊ ညောင်ရွှေမဲဆန္ဒနယ်က ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်ရှိ အင်းလေးကန်ကြီးရေရှည်တည်တံ့ရေးအတွက် အစိုးရ၊ ပြည်သူအားလုံးပါဝင်သော စဉ်ဆက်မပြတ်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများချမှတ်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

မူကြမ်း

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦး (ခ) ဦးနေမျိုးက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးဝင်းမြင့်ဦး (ခ) ဦးနေမျိုးအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး(ညောင်ရွှေမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ကိုလာရောက်လေ့လာကြတဲ့မိတ်ဆွေများ တိုင်းပြည်ရဲ့အနာဂတ်ခေါင်းဆောင် ကျောင်းသားကျောင်းသူများအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ အင်းလေးဒေသ၊ ညောင်ရွှေမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ဦး (ခ) ဦးနေမျိုး ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တင်သွင်းတဲ့အဆိုဟာ နေရာဒေသသေးသေးလေး လူမျိုးစုငယ်ဖြစ်တဲ့ အင်းသူအင်းသားများအတွက်ဆိုတာကို မစဉ်းစားဘဲ ကမ္ဘာကြီးအတွက်၊ အာဆီယံနိုင်ငံတွေအတွက်၊ နိုင်ငံတော်ကြီးအတွက်၊ ရှမ်းပြည်နယ်တစ်ခုလုံးအတွက် အဖိုးတန်အရေးပါနေတာကို ရင်ဘတ်ကျယ်ကျယ်၊ နှလုံးသားကြီးကြီးနဲ့ နားလည်စေချင်ပါတယ်။

Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ကမ္ဘာကြီးအတွက်ဆိုရင် ကမ္ဘာ့အမွေအနှစ်ဖြစ်တဲ့ ယူနက်စကိုရဲ့ (Man and Biosphere Reserve)လူသားနှင့်ဇီဝမျိုး စိတ်အဝန်းအဝိုင်းနယ်မြေအဖြစ် အသိအမှတ်ပြုခံရတဲ့အပြင် အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် Asean Heritage Park အဖြစ်လည်း အမြတ်တနိုးတန်ဖိုးထား အသိအမှတ်ပြုပြီးပါပြီ။ ဆောင်းခိုငှက်များနားနေရာဇုန် (Peace Soil) သို့မဟုတ် (Peace Land) လို့ခေါ်တဲ့ မြေဆွေးမြေသြဇာကောင်းမွန်တဲ့မြေပြင်ကြီးဟာ ဗီယက်နမ်နိုင်ငံပြီးရင် အများဆုံးတွေ့ရှိရတဲ့နေရာကြီးပါ။ အဲဒါအတွက်ကြောင့် အဲဒါတွေအားလုံးဟာ ကျွန်တော်တို့အမိနိုင်ငံတော်ကြီးရဲ့ တန်ဖိုးထားဂုဏ်ယူရမယ့် အမွေအနှစ်တွေပါပဲ။ ရှမ်းပြည်နယ်အစိုးရအတွက်ဆိုရင်လည်း အရင်နှစ်က နိုင်ငံခြားသားဝင်ခွင့်မှရငွေ သိန်းပေါင်းတစ်သောင်းကျော်ကို ပေးအပ်ခဲ့ပြီး၊ ယခုနှစ်ဆိုရင်လည်း သိန်းပေါင်းတစ်သောင်းခွဲကျော်အထိ ပေးအပ်နိုင်တော့မှာပါ။ အဲဒါကြောင့် ဒီကုသိုလ်ထူးလှတဲ့ ပေးကမ်းခြင်းသာအဓိကဖြစ်ဆိုတဲ့ အင်းလေးဒေသကြီးဟာ သဘာဝပတ်ဝန်းကျင်မပျက်၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းအနေနဲ့လည်းကောင်း၊ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေ့လာသူများမှဝင်ငွေလည်းရ၊ ဂုဏ်ယူစရာလည်းကောင်းတဲ့ဒေသကြီးပါခင်ဗျား။ ယခုလို သမိုင်းဝင်ရှေးဟောင်းစေတီဘုရား တွေပေါကြွယ်ဝသလို ဘုရားဖူးပဲလာလာ။ ဒါဖောင်တော်ဦးဘုရား ရင်ပြင်တော်ကြီးဖြစ်ပါတယ်။ အင်းသားကြီးတွေဖြစ်တဲ့ လေးဖြူနဲ့အငဲတို့ရဲ့ IC

Show ရေပေါ်ပထမဆုံးဖျော်ဖြေပွဲကြီးမှာ လှေတွေနဲ့လာကြည့်ကြတဲ့နေရာကြီးပါ။ ဒါတစ်ချိန်တစ်ခါက နာမည်ကြီးခဲ့တဲ့စကားဒေသကြီးပါ။ လောပိတကြောင့်၊ မိုးပြဲဆည်ရေကာတာကြီးကြောင့်၊ ရေအောက်ကိုနစ်မြုပ်သွားပြီး တချို့ဘုရားတွေဟာ ရေထဲမှာရှိနေပါတယ်။ တစ်ချိန်ကစကားဒေသဟာ စိုက်ပျိုးရေးကိုအခြေခံပြီးတော့ ဘာသာတရားကိုင်းရှိုင်းစွာလုပ်စားခဲ့ပေမဲ့လည်း ယခုမှာတော့ ရေလွှမ်းမိုးမှုကြောင့် အကုသိုလ်ဖြစ်တဲ့တံငါသည်ဘဝနဲ့ အသက်မွေးဝမ်းကျောင်းလုပ်နေရတာ တကယ်ဝမ်းနည်းစရာကောင်းလှပါတယ်။ ထို့အတူ လောပိတကြီးကြောင့် ရေလွှမ်းမိုးမှုဒဏ်ခံရပေမဲ့ အခုချိန်ထိ လျှပ်စစ်မီးကတော့ မရသေးပါဘူး။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အခြားဒေသနဲ့မတူတဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံနဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေနဲ့ အံ့သြဖွယ်လေ့လာစရာတွေပေါများတဲ့ နေရာဒေသကြီးတစ်ခု ဖြစ်ပါတယ်။ ထို့အတူ မြန်မာနိုင်ငံရဲ့ပထမဦးဆုံးသမ္မတကြီး ညောင်ရွှေစော်ဘွားစဝ်ရွှေသိုက်ရဲ့ သမိုင်းအမွေအပျောက်ခံ ဟော်နန်ကြီးလည်းရှိပါတယ်။ တခြားမြို့တွေက ဟော်နန်းကြီးတွေဟာ ဒိုင်းနမိုက်နဲ့အခွဲခံရပြီး ဟိုတယ်တွေဖြစ်လိုဖြစ်၊ ဘုန်းကြီးကျောင်းတွေဖြစ်လိုဖြစ်၊ လေးစိတ်စိတ်ပြီးအမွေခွဲလို့ခွဲ၊ ပျောက်ပျက်သွားပေမဲ့ ကျွန်တော်တို့ ညောင်ရွှေဟော်နန်းကြီးကတော့ အခုထက်ထိ အထဲမှာပစ္စည်းစုံစုံလင်လင်နဲ့ရှိနေပါသေးတယ်။ အခြားဟော်နန်းတွေရဲ့ပစ္စည်းတွေလည်း ကျွန်တော်တို့ညောင်ရွှေဟော်နန်းထဲမှာရှိပါတယ်။ မကြာခင်မှာလည်း ကျိုင်းတုံဟော်နန်းကြီးကို ပုံစံမပျက်ပြန်လည်တည်ဆောက်မယ်ဆိုတဲ့ သတင်းကြားရတဲ့အတွက် ကျွန်တော်တို့ညောင်ရွှေဟော်နန်းကြီးမှာ သိမ်းဆည်းထားပေးတဲ့ ကျိုင်းတုံဟော်ရဲ့ပုလ္လင်တော်နဲ့အခြားပစ္စည်းတွေကိုလည်း ဥပဒေနဲ့အညီ လွှဲပြောင်းပေးဖို့ ကျွန်တော်ကိုယ်တိုင် ကြိုးစားဆောင်ရွက်ပေးပါ့မယ်။ ဒါကတော့ အင်းစိန်ထောင်အတွင်းမှာ ကွယ်လွန်သွားတဲ့စော်ဘွားကြီးစဝ်ရွှေသိုက်ရဲ့ အုတ်ဂူဖြစ်ပါတယ်။ အလယ်ကတော့ မဟာဒေဝီရဲ့အုတ်ဂူဖြစ်ပြီးတော့ ညာဘက်အစွန်ဆုံးကတော့ ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့မှာ အသက် ၁၇ နှစ်အရွယ်မှာကွယ်လွန်သွားတဲ့ ယခုကျွန်တော်တို့ ပြည်သူ့သမ္မတကြီးဦးထင်ကျော်ရဲ့ ငယ်သူငယ်ချင်း စဝ်မီမီသိုက်ရဲ့အုတ်ဂူဖြစ်ပါတယ်။ အဲဒီအုတ်ဂူတွေကိုလည်း အခုကျွန်တော်တို့ကာလမှာမှ ဆွေတော်မျိုးတော်တွေက ပြုပြင်ထိန်းသိမ်းပြီး ပြည်သူတွေအချိန်မရွေးဝင်ထွက်သွားလာနိုင်တဲ့ နေရာကြီးဖြစ်ခဲ့ပါပြီ။ ကျွန်တော်တို့ဒေသကြီးဟာ လှေကိုလက်နဲ့မလှော်၊ ခြေနဲ့လှော်တဲ့နေရာ။ ပန်းတိမ်၊ ပန်းပဲ၊ ပန်းချီ၊ ပန်းပု၊ ယက္ကန်းစတဲ့ လက်မှုလုပ်ငန်းများထွန်းကားပြီး၊ ဝါးနဲ့တည်ဆောက်ထားတဲ့ ကျောင်းခန်းလေးပါ။ နှစ်ပေါင်းသုံး၊ လေးဆယ်ကျော်အောင် သစ်နားဝါးကူဆိုပြီး ဆောက်ထားတဲ့

နေရာပါ။ ဒါကျွန်တော်တို့ သဘာဝဘေးဒဏ်မကြာခဏခံရတဲ့ လက်မောင်းကွေးရွာရဲ့ ဝါးထွက်ပစ္စည်းတွေကို သင်တန်းပေးပြီးတော့ ရောင်းနေတဲ့နေရာလေးပါ။ အခုတော့ နိုင်ငံခြားသားခရီးသွားတွေနဲ့ (Value Added) တွေနဲ့စည်ကားနေပါပြီ။ ဒါကတော့ ရွှံ့နဲ့လုပ်ထားတဲ့မြေအိုးတွေပါ။ ဒါကတော့ အင်းလေးအရှေ့ဘက်မှာရှိတဲ့ မိုင်းသောက်တံတားကြီးပါ။ ဒီနေရာမှာလည်း ကျွန်တော်တို့လှေလေးနဲ့ သွားပြီး ငါးကင်တွေသွားစားလို့ရပါတယ်။ ဖိတ်ခေါ်အပ်ပါတယ်။ အခုလို လက်မှုပညာများထွန်းကားပြီးရေပေါ်မှာပေါ်နေတဲ့ ကျွန်းမျောကြီးတွေပေါ်မှာ စိုက်ပျိုးရေးလုပ်ပြီး တစ်နိုင်ငံလုံးနဲ့နယ်စပ်ဒေသပါ တင်ပို့နိုင်တဲ့ ခရမ်းချဉ်သီးအပြင် ကြံ၊ ပြောင်း၊ ကြက်သွန်ဖြူ သရက်၊ မန်ကျည်းနှင့်နဂါးမောက်သီးတွေပါတင်ပို့ရောင်းချနိုင်တဲ့ ဘာမဆိုစိုက်ပျိုးနိုင်တဲ့ဒေသကြီးပါခင်ဗျား။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ဒေသကြီးဟာ ပညာတတ်များပေါကြွယ်ဝပြီး စာပေပညာရှင်များ၊ အနုပညာရှင်နဲ့ အားကစားထူးချွန်သူများ အမြောက်အမြားမွေးထုတ်ပေးခဲ့တဲ့ ဝန်းကျင်ဒေသကြီးပါ။ ယခုအခါမှာတော့ ယဉ်ကျေးသိမ်မွေ့ဧည့်ဝတ်ကျေပွန်တဲ့ ကျွန်တော်တို့ဆွေမျိုးသားချင်းတွေနဲ့ သာယာလှပတဲ့သဘာဝပေါကြွယ်ဝတဲ့ အင်းလေးကန်ကြီးဟာ အပေါ်ယံနှမ်းဖြူး၊ ရသမျှအကျိုးအမြတ်တွေ သယ်မသွားတဲ့အတွက်ကြောင့် ဒေသခံတွေရော၊ သဘာဝပတ်ဝန်းကျင်ဟာ အခုပြည်တွင်းပြည်ပခရီးသွားဧည့်သည်တွေချန်ခဲ့တဲ့ အမှိုက်နဲ့အညစ်အကြေးကို ရှင်းနေရတဲ့ဘဝကို ရောက်နေပါပြီ။ ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးနှစ်ဦးခရီးစဉ်မှာ အမှိုက်စုပုံဖို့ ဇကာဆယ်ဇကာခွဲ ဝယ်ထားပြီးပါပြီ။ အမှိုက်မီးရှို့စက် တန် ၂၀ ကျလည်း ကျွန်တော်တို့ အင်းလေးရန်ပုံငွေအတွက် မှာထားပြီးပါပြီ။ သို့သော်လည်း ပွဲပြီးမီးသေဝယ်ထားတဲ့မြေမှာ ဘယ်လိုခြံစည်းရိုးတွေခတ်မယ်။ လမ်းတွေဘယ်လိုဖောက်မယ်။ လုပ်မဲ့လူ၊ ကိုင်မဲ့လူတွေ စိတ်ပါလက်ပါမလုပ်ရသေးပါဘူး။ အင်းလေးကန်ကြီးဟာ အရင်ကတောင်နဲ့မြောက် ၃၅ မိုင်ရှိပြီး၊ ယခုအခါတော့ ၁၀.၉ မိုင် သုံးပုံတစ်ပုံလောက် လျော့ကျသွားပါပြီ။ ယခင်က အကျယ်အရှေ့အနောက် ၇ မိုင်ရှိပြီး၊ ယခုမှာတော့ ၃.၉ မိုင် လောက်ပဲရှိတော့ပါတယ်။ ဒါဟာ အင်းလေးကန်ကြီးပျက်စီးသွားရတဲ့ အကြောင်းအရင်းနှစ်ချက်ထဲက သဘာဝတရားနဲ့လူသားတွေကြောင့်ဆိုတဲ့ အချက်နှစ်ချက်ထဲက ကျွန်တော်လူသားတွေကြောင့် ပျက်စီးရတဲ့အကြောင်းကိုပဲ အဓိကဆွေးနွေးသွားပါမယ်။ အဲဒီမှာ အချက်လေးချက်ရှိပါတယ်။ (၁)မှားယွင်းသောစီမံခန့်ခွဲမှုကြောင့်၊ (၂) တိုင်းပြည်ဘဏ္ဍာငွေနဲ့ နိုင်ငံတကာအကူအညီများ ပွင့်ပွင့်လင်းလင်းထိရောက်စွာအသုံးမချနိုင်မှုကြောင့်၊ (၃) ဓာတုဆေးများအလွန်အကျွံသုံးစွဲခြင်း၊ သစ်တောပြုန်းတီးခြင်း၊ ငါးသယံဇာတလျော့ပါးခြင်း၊ (၄) ဌာနဆိုင်ရာများ စုစည်းပူးပေါင်းဆောင်ရွက်မှုမရှိခြင်းတို့ဖြစ်ပါတယ်။ (၁)အချက်နဲ့ပြောရရင်

မှားယွင်းသောစီမံခန့်ခွဲမှုဖြစ်ပါတယ်။ နိုင်ငံတကာပညာရှင်တွေအမျိုးမျိုး၊ ပြည်တွင်းပညာရှင်တွေအမျိုးမျိုး ကျွန်တော်တို့လက်တွေ့ခန်းထဲက ဖားသူငယ်လို ပညာရှင်ဆိုပြီးတော့ Work Shop တွေလုပ်၊ Forum တွေလုပ် Power Point တွေထိုးပြပြီး ပညာရတာကျေးဇူးတင်ပေမဲ့ စာရွက်ထဲမှာပဲ၊ စားပွဲခုံပေါ်မှာပဲ အလုပ်လုပ်ပေးခဲ့ကြပါတယ်။ ရသမျှဘဏ္ဍာငွေ ဇီးသီးဗန်းမှောက်သလို ဘယ်နားရောက်သွားမှန်းလည်းမသိ၊ ဘယ်နားရှာရမှန်းလည်းမသိ ဖြစ်ခဲ့ပါတယ်။ နောက်လက်တွေ့အားဖြင့် မှားယွင်းသောစီမံခန့်ခွဲမှုတစ်ခုပြောရရင် ကျွန်တော်တို့ အင်းထဲမှာ မျှော်တွေ၊ ဗေဒါတွေပိတ်နေတဲ့အတွက်ကြောင့် ဂျပန်ကအနီရောင်ခရုတွေ ခေါ်သွင်းလာပြီးတော့ မွေးထားပါတယ်။ အခုတော့ မျှော်တွေ၊ ရေညှိတွေမစားဘဲ စပါးပင်တွေကို စားနေပါတယ်။ ဒါဟာ ကျွန်တော်တို့ တော်တော်ဒုက္ခရောက်တဲ့ကိစ္စပါ။ တိုင်းပြည်ဘဏ္ဍာငွေနဲ့ နိုင်ငံတကာအကူအညီများကို ပွင့်လင်းထိရောက်စွာအသုံးမချခြင်းဟာလည်း တကယ့်ပွင့်လင်းမြင်သာမှုမရှိ၊ ဘယ်နေရာမှာသုံးပြီး ဘာတွေလုပ်ခဲ့မှန်းမသိပါဘူး။ အခုကျွန်တော်တို့ကာလ တစ်နှစ်အတွင်းမှာ ထိထိရောက်ရောက်ကြိုးစားနေပေမဲ့လည်း အရှိန်အဟုန်နဲ့ ပျက်စီးနေတဲ့အတွက် တော်တော်ကြိုးစားရဦးမှာပါ။ ဓာတ်မြေသြဇာပိုးသတ်ဆေးသုံးစွဲတာလည်း ကျွန်တော်တို့အင်းလေးဒေသ အခုနှစ် ၅၀။

**ဒုတိယဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးနေထက်ဝင်း(ဆင်ပေါင်ဝဲမဲဆန္ဒနယ်)**။ ။ လေးစားရပါတဲ့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေထက်ဝင်းဖြစ်ပြီး ရှမ်းပြည်နယ်၊ ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦး (ခ) ဦးနေမျိုး တင်သွင်းတဲ့ ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်ရှိ အင်းလေးကန်ကြီး ရေရှည်တည်တံ့ရေးအတွက် အစိုးရ၊ ပြည်သူအားလုံးပါဝင်သော စဉ်ဆက်မပြတ်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများချမှတ်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာပဲဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အင်းလေးကန်လို့ဆိုလိုက်တာနဲ့ လှေကိုလက်နဲ့မလှော် ခြေဖြင့်လှော်တဲ့လှေတွေကို တည်ရှိတဲ့ဒေသ၊ သမိုင်းဝင်ဖောင်တော်ဦးဘုရားအပါအဝင် ရှေးဟောင်းစေတီဘုရား

ပုထိုးတွေပေါကြွယ်ဝလို့ ဘုရားဖူးတွေလာရောက်ကြတဲ့ဒေသ၊ ရေပေါ်မှာပေါ်နေတဲ့ ကျွန်းမျောကြီးတွေ အပေါ် စိုက်ပျိုးလုပ်ကိုင်နေကြတဲ့ဒေသ၊ မတူကွဲပြားတဲ့ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ပန်းပဲ၊ ပန်းတိမ်၊ ပန်းချီ၊ ပန်းပုစတာတွေကို လေ့လာနိုင်တဲ့အပြင် ရိုးရာလက်မှုယက်ကန်းရုံတွေကနေထွက်ရှိတဲ့ အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်းတွေကိုပါ ဝယ်ယူလို့ရတဲ့နေရာဒေသအဖြစ် အားလုံးပဲသိကြမယ်လို့ ထင်ပါတယ်။ မြန်မာနိုင်ငံရဲ့ဒုတိယအကြီးဆုံးကုန်းတွင်းရေချိုကန်ဖြစ်တဲ့ ဒီအင်းလေးကန်၊ အင်းလေးဒေသဟာ အဆိုရှင်တင်ပြခဲ့သလို ညောင်ရွှေမြို့နယ်က အင်းသူအင်းသားတွေအတွက်သာမက ရှမ်းပြည်နယ်တစ်ခုလုံးအတွက်၊ ကျွန်တော်တို့နိုင်ငံအတွက် ကမ္ဘာ့အလယ်မှာ မြန်မာ့ပုံရိပ်ကိုမြှင့်တင်ပေးနေတဲ့ အဖိုးတန်အရေးပါတဲ့ နေရာတစ်ခုဖြစ်လို့နေပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါ။ ဒီလိုသဘာဝကပေးတဲ့ အင်းလေးကန်ကြီး မပျက်စီး၊ မဆုံးရှုံးစေဖို့ အင်းလေးကန်ဘေးမဲ့တောကို ၁၉၅၈ ခုနှစ်၊ ဇန်နဝါရီ ၃၁ ရက်နေ့မှာ စတင်တည်ထောင်ခဲ့ပြီး အကျယ်အဝန်းအားဖြင့်ဆိုရင်တော့ စတုရန်းကီလိုမီတာ ၂၀၆.၇ စတုရန်းမိုင် ကျယ်ဝန်းပါတယ်။ ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့မှာတော့ အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် Asean Heritage Park အဖြစ် အသိအမှတ်ပြုခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့မှ ၁၂ ရက်နေ့ အထိ ပြင်သစ်နိုင်ငံ ပဲရစ်မြို့မှာ ကျင်းပခဲ့တဲ့ UNESCO ရဲ့ (၂၇)ကြိမ်မြောက် MAB အစီအစဉ်အရ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကောင်စီ အစည်းအဝေး 27 Session of UNESCO MAB International Coordinating Council မှာ အင်းလေးကန်ဇီဝအဝန်းနယ်မြေ (Inlay Lake Biosphere Reserve) အား အတည်ပြုခဲ့ပါတယ်။ အောက်ကပြထားတာတွေကတော့ ဇီဝအဝန်းနယ်မြေကို ဇုန်သုံးခုနဲ့ဖွဲ့စည်းထားတဲ့ အခြေအနေဖြစ်ပါတယ်။ ဒါကတော့ အင်းလေးကန်ဘေးမဲ့တောအတွင်းမှာရှိတဲ့ ဇီဝမျိုးစုံ၊ မျိုးကွဲတွေကို မှတ်တမ်းတင်ထားရှိမှုအခြေအနေပဲဖြစ်ပါတယ်။ ဒီအထဲမှာ ဒေသရင်းငါးမျိုးစိတ်တွေ၊ မျိုးသုဉ်းရန်အန္တရာယ်ရှိနေတဲ့မျိုးစိတ်တွေ၊ ကမ္ဘာလုံးဆိုင်ရာ အရေးပါတဲ့ ရှားပါးငှက်မျိုးစိတ်တွေ ပါဝင်နေပါတယ်။ ဒါကတော့ သစ်ခွမျိုးစိတ်တွေ စုဆောင်းထားရှိမှုအခြေအနေနဲ့ အပေါ်ညာဘက်ကပုံကတော့ လိပ်ပြာမျိုးစိတ်အချို့ကို ပြထားတဲ့ပုံလေးပဲဖြစ်ပါတယ်။ ဒါကတော့ ငှက်ကြည့်စင်ကနေပြီးတော့ ငှက်တွေကို ကြည့်နေတဲ့ပုံတွေ၊ ဧည့်လမ်းညွှန်သင်တန်းပို့ချနေပုံတွေပါ။ နိုင်ငံခြားသားခရီးသည် အများအပြားလာရောက်ကြပြီး ၂၀၁၃ ခုနှစ်မှာဆိုလို့ရှိရင် နိုင်ငံခြားခရီးသွားဧည့်သည်ပေါင်း ၉၀၀၀၀ ကျော်၊ ၂၀၁၄ ခုနှစ်မှာ ၁၄၀၀၀၀ ကျော်၊ ၂၀၁၅ ခုနှစ်မှာ ၁၅၀၀၀၀ ကျော်နဲ့ တဖြည်းဖြည်းတိုးတက်လာနေပါတယ်။ အင်းလေးကန်၊ အင်းလေးဒေသဟာဆိုလို့

ရှိရင် ဆောင်းခိုငှက်တို့ နားခိုရာနေရာတစ်နေရာလည်း ဖြစ်ပါတယ်။ ဒါကတော့ နွေရာသီအင်းလေးကန်ရေနည်းပါးခမ်းခြောက်စဉ်က မှတ်တမ်းဓာတ်ပုံတွေပဲ ဖြစ်ပါတယ်။ ရေခမ်းသွားစဉ်က ပုံတွေပါ။ ဒါကတော့ အင်းလေးကန်ထိန်းသိမ်းဖို့အတွက် လုပ်ငန်းစဉ်(၉)ရပ်ချမှတ်ပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်မယ့် ငါးနှစ်စီမံကိန်းကို ပြထားတာပဲဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကတော့ အဆိုရှင်တင်ပြခဲ့တဲ့ အင်းလေးကန်ပျက်စီးရတဲ့ အဓိက အကြောင်းအရင်းနှစ်ရပ်ဖြစ်ပါတယ်။ သဘာဝတရားကြောင့် မမျှော်မှန်းနိုင်တဲ့ ဘေးအန္တရာယ်၊ ထင်မှတ်မထားတဲ့ ပျက်စီးဆုံးရှုံးမှုတွေကို ပြုပြင်ဖန်တီးကာကွယ်လို့ ရချင်မှရနိုင်ပေမယ့် လူသားတွေကြောင့်ဖြစ်တတ်တဲ့ ပျက်စီးဆုံးရှုံးမှုတွေ မဖြစ်အောင်တော့ ကာကွယ်ကြရမှာပဲ ဖြစ်ပါတယ်။ ရေထုညစ်ညမ်းမှုတွေမဖြစ်အောင်၊ ရေမှာပေါက်ရောက်တဲ့အပင်တွေသေဆုံးမှုမရှိအောင်၊ ငါးမျိုးစိတ်များမပြုန်းတီးရလေအောင်၊ အင်းရေပြင်ကျဉ်းမြောင်းမလာအောင်၊ နုန်းပို့ချမှု များမလာအောင်၊ ရေဝပ်ဒေသတွေမဆုံးရှုံးရလေအောင် အစိုးရနှင့် ပြည်သူ၊ သက်ဆိုင်ရာဌာနများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်သွားသင့်ပါတယ်။ စီမံကိန်းချ အကောင်အထည်ဖော်ဆောင်ရွက်တော့မယ်ဆိုရင် စီမံခန့်ခွဲမှုစနစ်ကျ မှန်ကန်ဖို့ဟာ အင်မတန်မှကို အရေးကြီးပါတယ်။ စနစ်ကျမှုမရှိ၊ စီမံခန့်ခွဲမှုမှားယွင်းခဲ့မယ်ဆိုလို့ရှိရင် နိုင်ငံရဲ့ဘဏ္ဍာငွေတွေ ဆုံးရှုံးနစ်နာရသလို နိုင်ငံတကာကနေပြီးတော့ ရယူနေကြရတဲ့အကူအညီတွေဟာလည်း ထိရောက်မှုမရှိနိုင်တော့ပါဘူး။ ဒါကြောင့် အင်းလေးကန် စဉ်ဆက်မပြတ်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ မှန်ကန်ထိရောက်ဖို့ လိုအပ်လှပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ တင်ပြရမယ်ဆိုလို့ရှိရင် အင်းလေးကန် ရေရှည်တည်တံ့ခိုင်မြဲပါမှ ခရီးသွားလုပ်ငန်းဆက်လက်ဖွံ့ဖြိုးတိုးတက်ကာ နိုင်ငံခြားဝင်ငွေ ရရှိနိုင်မှာဖြစ်သလို ဒေသခံပြည်သူတွေရဲ့ ဘဝရှေ့ရေးအဆင်ပြေကာ လူမှုဘဝတွေ ဖူလုံပြီးတော့ အလုပ်အကိုင် အခွင့်အလမ်းတွေလည်း ပိုမိုရရှိလာစေမှာဖြစ်ပါတယ်။ အာဆီယံရဲ့အမွေအနှစ်၊ သက်ရှိသက်မဲ့ ဇီဝမျိုးစုံ၊ မျိုးကွဲတွေကို ထိန်းသိမ်းကာကွယ်နိုင်ရေး နှစ်ပေါင်းများစွာဖြစ်တည်လာခဲ့တဲ့ အင်းလေးကန်ရဲ့ အလှအပများ ထာဝရစိုပြည်နိုင်ရေးတို့အတွက် အစိုးရနှင့် ပြည်သူအားလုံးပူးပေါင်းပြီး ဒီအင်းလေးကန်ကြီးအား စဉ်ဆက်မပြတ်ပြုပြင်ထိန်းသိမ်းရေးအဆိုဟာ အင်မတန်မှ ကောင်းမွန်သင့်တော်တာကြောင့် ပြည်သူ့လွှတ်တော်ကြီးက လက်ခံဆွေးနွေးဆုံးဖြတ်ပေးနိုင်ပါရန် လေးလေးနက်နက်ထောက်ခံလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦး(ခ) ဦးနေမျိုးတင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ် ၃ အရ လက်ခံဆွေးနွေးရန် သင့်/မသင့်နှင့်လွှတ်တော်ရဲ့ ဆန္ဒရယူပါ့မယ်။ ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူမရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး ညောင်ရွှေမဲဆန္ဒနယ်က တင်သွင်းသော ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်ရှိ အင်းလေးကန်ကြီးရေရှည်တည်တံ့ရေးအတွက် အစိုးရ၊ ပြည်သူအားလုံးပါဝင်သော စဉ်ဆက်မပြတ် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ချမှတ်ရန်ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကိုလက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး၊ ညောင်ရွှေမဲဆန္ဒနယ်က တင်သွင်းသောအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဒုတိယဥက္ကဋ္ဌကကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ် ၅ အရ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၂၂-၆-၂၀၁၇ ရက်နေ့(ကြာသပတေးနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ထွက်ခွာနိုင်ပါပြီ။

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းခြင်း

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အုပ်ထိန်းသူများနှင့် အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်း တင်သွင်းဖို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား ဖိတ်ခေါ်ပါတယ်။

**ဦးမြင့်အောင်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုယ်စား ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြုစုရေးဆွဲထားတဲ့ အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ဆွေးနွေးစဉ်းစားပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်သို့ အဆိုတင်သွင်းမှာဖြစ်ပါတယ်။ အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေကို ၁၈၉၀ ခုနှစ်၊ အိန္ဒိယအက်ဥပဒေအမှတ်(၈)နဲ့ ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီဥပဒေမှာပါရှိတဲ့ ငွေကြေးတန်ဖိုးတွေကို ခေတ်ကာလငွေကြေးတန်ဖိုးနဲ့ လိုက်လျောညီထွေရှိစေဖို့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တရားရုံးဖွဲ့စည်းပုံများနှင့် ညီညွတ်မှုရှိစေဖို့အတွက် ပြင်ဆင်ပြုစုရေးဆွဲထားပါတယ်။ ဒါကြောင့် အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်မှ ဆွေးနွေးစဉ်းစားပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

## အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံသူများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှု အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်မာမာခိုင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ။ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊

ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေရှင်။ ကျွန်မကတော့ သထုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဒေါ်မာမာခိုင် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံသူများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို တင်ပြသွားမှာဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်သူ့လွှတ်တော်

ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ဝ၅/သပ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၇- ၁၄၉

ရက်စွဲ ၊ ၂၀၁၇ ခုနှစ်၊ ဇွန် လ ၁၉ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံသူများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက်။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၅-၆-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၆/၁၂/၁၀ (၁၅၈)/ပထစ-၂၀၁၇

**မူကြမ်း**

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသော အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံသူများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက် ရည်ညွှန်းပါစာနဲ့ ပေးပို့လာပါတယ်။

၂။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံသူများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အောက်ဖော်ပြပါရည်ရွယ်ချက်များကို အခြေခံ၍ ပြင်ဆင်ရေးဆွဲလာ ခြင်းဖြစ်ကြောင်း စိစစ်လေ့လာတွေ့ရှိရပါတယ်။

(က) ဖွဲ့စည်းပုံအခြေခံဥပဒေအရ လက်ရှိတရားရုံးဖွဲ့စည်းပုံနှင့် ညီညွတ်မှုရှိစေရေးအတွက် ပြင်ဆင်ရန်လိုအပ်ခြင်း၊

(ခ) ငွေကြေးတန်ဖိုးများအား ခေတ်ကာလနှင့်ညီညွတ်သော ငွေကြေးတန်ဖိုးနှင့် လိုက်လျော ညီထွေရှိစေရေးအတွက် ငွေကြေးသတ်မှတ်ချက်များကို ပြင်ဆင်ရန်လိုအပ်ခြင်း။

၃။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံသူများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၁၅-၆-၂၀၁၇ ရက်နေ့ (ကြာသပတေးနေ့)မှာ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ နှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ပါတယ်။ စိစစ်လေ့လာတွေ့ရှိချက်နှင့် ပြင်ဆင် ရန်တင်ပြချက်များကိုတော့ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ဝေငှထားပြီးသားဖြစ်ပါတယ်ရှင်။

၄။ သို့ဖြစ်ပါ၍ အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံသူများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ကို လွှတ်တော်တွင် အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မူကြမ်း**

ပြည်သူ့လွှတ်တော်
ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၇-၁၄၉
ရက်စွဲ ၊ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၉ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက်။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၅-၆-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၆/၁၂/၁၀ (၁၅၈)/ ပထစ - ၂၀၁၇

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသော အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အောက်ဖော်ပြပါ ရည်ရွယ်ချက်များကို အခြေခံ၍ ပြင်ဆင်ရေးဆွဲလာခြင်းဖြစ်ကြောင်း စိစစ်လေ့လာတွေ့ရှိရပါသည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေအရ လက်ရှိတရားရုံး ဖွဲ့စည်းပုံနှင့်ညီညွတ်မှုရှိစေရေးအတွက် ပြင်ဆင်ရန်လိုအပ်ခြင်း၊

(ခ) ငွေကြေးတန်ဖိုးများအား ခေတ်ကာလနှင့် ညီညွတ်သော ငွေကြေးတန်ဖိုးနှင့် လိုက်လျောညီထွေရှိစေရေးအတွက် ငွေကြေးသတ်မှတ်ချက်များကို ပြင်ဆင်ရန် လိုအပ်ခြင်း။

**မူကြမ်း**

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၁၅-၆-၂၀၁၇ ရက် ကြာသပတေးနေ့တွင် ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မီ၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ နှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက် များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူ များအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း တွင် အပိုဒ်ပေါင်း ၇ ပိုဒ်ပါရှိပါသည်။

(ခ) အပိုဒ် ၂ ခြေဆင်းရှိ အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများ အက်ဥပဒေ ဆိုသည့် စကားရပ်ကို အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေ ဟုပြင်ဆင်သဖြင့် ယင်းပြင်ဆင်သည့် ဥပဒေအပိုဒ်များရှိ အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများ အက်ဥပဒေ ဆိုသည့်စကားရပ်ကို အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေဟု အသီးသီးပြင်ဆင်ပါသည်။

(ဂ) အပိုဒ် ၃ အပိုဒ်ခွဲ(က)တွင်ပါရှိသော အပိုဒ်ခွဲငယ်(၁)တွင်ပါရှိသော ဆိုသည့် စကားရပ်ကို ပုဒ်မခွဲ(၁)တွင်ပါရှိသော ဟုပြင်ဆင်ပါသည်။

(ဃ) အပိုဒ် ၄ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၄။ အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေ ပုဒ်မ ၉ တွင် ပါရှိသော the District Court ဆိုတဲ့စကားရပ်ကို the Court of the Self-Administered Division or the Court of the Self-Administered Zone or the District Court ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ a District Court ဆိုသည့် စကားရပ်ကို a Court of the Self-Administered Division or a Court of the Self-Administered Zone or a District Court ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ any other District Court ဆိုသည့်စကားရပ်ကို any other Court of the Self-Administered Division or any other Court of the Self-

Administered Zone or any other District Court ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း အစားထိုးရမည်။

(c) အပိုဒ် ၇ ကို အပိုဒ် ၈ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၄၇ တွင် ပါရှိသော ဆိုသည့်စကားရပ်ကို ပုဒ်မ ၁၄ နှင့် ၄၇ တွင်ပါရှိသော ဟု ပြင်ဆင်ပါသည်။

၄။ သို့ဖြစ်ပါ၍ အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသည့် အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ တို့ကို တိတိကျကျဖော်ပြ၍ ၂၃-၆-၂၀၁၇ ရက်နေ့(သောကြာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းသွားရန်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ဦးမျိုးဇော်ဦး၊ လယ်ဝေးမဲဆန္ဒနယ်က တင်သွင်းသည့် နိုင်ငံတစ်ဝန်း သဘာဝဘေး အန္တရာယ်များနှင့် အင်းဆက်ပိုးမွှားများကြောင့် နစ်နာဆုံးရှုံးနေကြသော တောင်သူလယ်သမားများ၏ အကျိုးစီးပွားအတွက် အာမခံချက်ရှိစေမည့် သီးနှံအာမခံလုပ်ငန်းများကို ဆောလျင်စွာ အကောင်အထည်ဖော်ဆောင်ပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးမျိုးဇော်ဦး၊ လယ်ဝေးမဲဆန္ဒနယ်က တင်သွင်းသွားတဲ့ နိုင်ငံတစ်ဝန်း သဘာဝဘေးအန္တရာယ်များနှင့်

အင်းဆက်ပိုးမွှားများကြောင့် နစ်နာဆုံးရှုံးနေကြသော တောင်သူလယ်သမားများ၏အကျိုးစီးပွား အတွက် အာမခံချက်ရှိစေမည့် သီးနှံအာမခံလုပ်ငန်းများကို ဆောလျင်စွာ အကောင်အထည် ဖော်ဆောင်ပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးရန် အမည်စာရင်းတင်သွင်းသူ ကိုယ်စားလှယ်ရှစ်ဦးအနက် သုံးခုက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ (၁၉-၆-၂၀၁၇ ရက်နေ့)တွင် ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ယခု ဆွေးနွေးရန်ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်ငါးဦး ဆက်လက်ဆွေးနွေးခြင်းကို ဆောင်ရွက် သွားမှာဖြစ်ပါတယ်။ ပထမဦးစွာ ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်းက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမြင့်သိန်း(ဝက်လက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည် တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သိန်း ဖြစ်ပါတယ်။ လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦးရဲ့ သီးနှံအာမခံအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွက် စိုက်ပျိုးရေးကဏ္ဍဟာ အဓိကစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပါတယ်။ စိုက်ပျိုးရေးကဏ္ဍထုတ်လုပ်မှု ပမာဏဟာ နိုင်ငံ GDP ရဲ့ ၂၃ ရာခိုင်နှုန်းရှိပါတယ်။ မြန်မာနိုင်ငံမှာ အလုပ်လုပ်နေတဲ့ လူဦးရေရဲ့ ၆၁.၂ ရာခိုင်နှုန်းဟာ စိုက်ပျိုးရေးကဏ္ဍမှာ အလုပ်လုပ်နေကြတဲ့သူတွေ ဖြစ်ပါတယ်။ သို့ပေမဲ့ စိုက်ပျိုးရေးအခြေခံထားတဲ့ မြန်မာနိုင်ငံမှာ နှစ်စဉ်သဘာဝဘေးအန္တရာယ်များနဲ့ကြုံတွေ့နေရပါတယ်။ နှစ်စဉ် ရေကြီးမှုဒဏ်ကိုခံရခြင်း၊ မုန်တိုင်းများတိုက်ခတ်ခြင်း၊ ငလျင်လှုပ်ခြင်း၊ မိုးခေါင်ခြင်း၊ သီးနှံဖျက် အင်းဆက်ပိုးများ ကျရောက်ခြင်းတို့ကြောင့် စိုက်ပျိုးရေးတောင်သူများဟာ အတိဒုက္ခကြုံတွေ့နေကြရ ပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ် စိုက်ပျိုးရာသီအတွင်းမှာ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှာ ရေကြီး နစ်မြုပ်တဲ့ ဧက ၄ သိန်းကျော်ရှိခဲ့ပါတယ်။ ပျက်စီးတဲ့ဧကပေါင်းက ၁၆၀၀၀ ကျော်ပျက်စီးခဲ့ပါတယ်။ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်မှာ ရွှေဘိုပေါ်ဆန်စပါးများ နှစ်စဉ် ဆစ်ပိုးများ၊ ဖြုတ်ပိုးများကျရောက်ပြီးတော့ အထွက်နှုန်းလျော့ပြီး တောင်သူများအရှုံးပေါ်နေကြရပါတယ်။ ပဲခူး တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှာ နှစ်စဉ် ရေကြီးနစ်မြုပ်ပြီးတော့ အရင်းအနှီးများဆုံးရှုံးနေကြရပါတယ်။ ရာသီဥတုဖောက်ပြန်မှုနှင့် အင်းဆက် ပိုးမွှားများဖျက်ဆီးမှုများရဲ့ အကျိုးသက်ရောက်မှုတွေကို တောင်သူလယ်သမားတွေခံစားနေရတာ တစ်နှစ်လည်းမဟုတ်ပါဘူး။ နှစ်နှစ်လည်းမဟုတ်ဘူး။ အကြိမ်ကြိမ်အခါခါဖြစ်ပါတယ်။ နစ်နာဆုံးရှုံးမှု

ကလည်း အကြိမ်ကြိမ်အခါခါဖြစ်ပါတယ်။ ဒါအပြင် သီးနှံဈေးနှုန်းတွေကလည်း ကျဆင်းတဲ့အတွက် ကြောင့်မို့လို့ တောင်သူလယ်သမားတွေဟာ အကြွေးသံသရာမှာ ချာချာလည်ဖြစ်နေပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ပြီး တောင်သူတွေရဲ့ဘဝဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံရဲ့ အစစ်အမှန် ဖွံ့ဖြိုးတိုးတက်မှုကို ရောက်ရှိမှာဖြစ်ပါတယ်။ ဒါကြောင့် စိုက်ပျိုးရေးလုပ်ငန်းနှင့် တောင်သူလယ်သမားတွေရဲ့ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကိုးအားထားဖြစ်တဲ့ သီးနှံအာမခံစနစ်ကို မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက်ရမယ့်အချိန်ကို ရောက်ရှိနေပြီဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ သီးနှံအာမခံဆိုတာ တောင်သူအများစုက မသိကြပါဘူး။ ရာသီဥတုကြောင့်ပျက်စီးသွားတဲ့ သူတို့ရဲ့သီးနှံတွေကို အခြားတစ်ယောက်က လျော်ကြေးပေးမယ်ဆိုတာ သူတို့အနေနဲ့ လက်ခံယုံကြည်ဖို့ခက်ခဲပါတယ်။ လူတော်တော်များများ ၉၅ ရာခိုင်နှုန်းက သီးနှံအာမခံကို ဘယ်လိုရယူရတယ်။ ဘယ်လိုဝန်ဆောင်မှုတွေပေးနေတယ်။ ဘယ်လိုအကျိုးအမြတ်တွေရတယ်ဆိုတာကိုမသိကြပါဘူး။ ဒီအခြေအနေဟာ အာမခံလုပ်ငန်းရဲ့ လက်တွေ့အခြေအနေပဲဖြစ်ပါတယ်။ စိုက်ပျိုးရေးဆိုင်ရာ အာမခံလုပ်ငန်းလုပ်ခြင်းဟာ ပျက်စီးဆုံးရှုံးမှုအန္တရာယ်နဲ့တွေ့ကြုံနိုင်တဲ့ လူတစ်ဦးချင်းအနေနဲ့လည်းကောင်း၊ လုပ်ငန်းတစ်ခုအနေနဲ့သော်လည်းကောင်း မိမိတို့ကြုံတွေ့နိုင်မယ့် အန္တရာယ်အမျိုးမျိုးအား အာမခံကြေးပေးသွင်းပြီးတော့ ပုခုံးလွှဲပြောင်းပေးခြင်းဖြစ်ပါတယ်။ ရှင်းအောင်ပြောရရင် ကျွန်တော်တို့ အာမခံတဲ့သူက အာမခံကုမ္ပဏီကို ပရီမီယံကြေးငွေပေးသွင်းခြင်းဖြင့် အာမခံထားရှိရမှာဖြစ်ပါတယ်။ ယင်းကုမ္ပဏီကလည်းပဲ ဆုံးရှုံးသွားတဲ့အန္တရာယ်တွေကို ဆုံးရှုံးမှုအန္တရာယ်များ ကျရောက်လာလျှင် လျော်ကြေးပေးဖို့ရန်တာဝန်ရှိပါတယ်။ ကုမ္ပဏီကရရှိတဲ့ ပရီမီယံကြေးငွေတွေကို ရန်ပုံငွေတစ်ရပ်ထူထောင်ပြီးတဲ့အခါမှာ ဆုံးရှုံးမှုနဲ့ကြုံတွေ့ရတဲ့အခါမှာ ယင်းရန်ပုံငွေကို ပေးလျော်ခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ အစိုးရတစ်ခုတည်းကနေပြီးတော့ အာမခံလုပ်ငန်းလုပ်ခဲ့တာ နှစ်ပေါင်း ၆၀ ကျော်ကြာပြီဖြစ်သော်လည်း လူသိနည်းပြီးတော့ ဘာမှတိုးတက်မှုမရှိခဲ့ပါဘူး။ ၂၀၁၂-၂၀၁၃ ခုနှစ်ရောက်မှ ပုဂ္ဂလိကအာမခံလုပ်ငန်း ၁၂ ခုကို ခွင့်ပြုပေးခဲ့ပြီး အာမခံအမျိုးအစား ၂၉ မျိုးကို လုပ်ကိုင်ခွင့်ပြုခဲ့ပါတယ်။ အထားအများဆုံးကတော့ မီးအာမခံဖြစ်ပြီးတော့ ဒုတိယအထားအများဆုံးကတော့ မော်တော်ကားအာမခံဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ အာမခံထားတဲ့လူအများစုဟာ ပြည်ပကလာရောက်ပြီးတော့ ရင်းနှီးမြှုပ်နှံတဲ့သူတွေပဲဖြစ်ပါတယ်။ သီးနှံအာမခံကတော့ ကျွန်တော်တို့ယခုမှစပြီးတော့ လုပ်နေတာဖြစ်ပါတယ်။ နေပြည်တော်၊ ပြည်မြို့၊ ရွှေတောင်မြို့၊ ရွှေဘိုမြို့တို့မှာ စတင်စမ်းသပ်လုပ်ဆောင်နေပြီလို့ သိရပါတယ်။ အိမ်နီးချင်းနိုင်ငံတွေကအောင်မြင်ပြီး ကျွန်တော်တို့နိုင်ငံက

မအောင်မြင်ရသေးတဲ့အကြောင်းအရင်းတွေထဲမှာ ယဉ်ကျေးမှုနှင့် အလေ့အထက အဓိကအဟန့်အတား ဖြစ်နေပါတယ်။ ဖြစ်လာနိုင်တဲ့ ဆုံးရှုံးနိုင်ခြေတွေကိုကြိုတင်ပြောပြပြီး အာမခံစနစ်က အကာအကွယ် ဖြစ်ကြောင်း မိတ်ဆက်လိုတဲ့ အာမခံကိုယ်စားလှယ်တစ်ယောက်ဟာ ဆန်ကုန်သည်တစ်ဦးကို ခင်ဗျားဂိုဒေါင်သာမီးလောင်ခဲ့ရင်ဆိုတဲ့စကားအစမှာပင် မောင်းထုတ်ခြင်းကိုခံခဲ့ရပါတယ်။ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ ရေကြီးခဲ့ရင်၊ မိုးခေါင်ခဲ့ရင်၊ ပိုးကျခဲ့ရင်၊ မီးလောင်ခဲ့ရင်၊ ကားတိုက်ခဲ့ရင် စတဲ့ကြိုတင် ဖြစ်နိုင်ခြေတွေကို ပြောပြတာကို နားထောင်ရသူတိုင်းဟာ နားခါးစရာ ရှေးပြေးနိမိတ်လို့ ယုံကြည်ရာ ရောက်တယ်လို့ ထင်မြင်ယူဆနေကြပါတယ်။ အာမခံစနစ်နှင့် အာမခံလုပ်ငန်းကို ယုံကြည်မှုအားနည်း တာကလည်း အကြောင်းအချက်တစ်ခုဖြစ်ပါတယ်။ လျော်ကြေးရမှာမဟုတ်ပါဘူး။ လျော်ကြေးက မဖြစ်စလောက် ထုတ်ယူရတာကကြာတယ်။ အလုပ်မဖြစ်ပါဘူးကွာဆိုတဲ့ အဖျက်စကားတွေကိုပဲ ကြားရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါ။ ဒါကတော့ သဘာဝအန္တရာယ်ကြောင့် ပျက်စီး ဆုံးရှုံးမှုတွေကို ပြတဲ့ပုံတွေဖြစ်ပါတယ်။ ဒါကတော့ နာဂစ်ကြောင့်ပါ။ ဒါကတော့ ရေကြီးမှုကြောင့်ပါ။ ဒါကတော့ မိုးခေါင်မှုပါ။ ဒါကတော့ မိုးခေါင်လို့ သီးနှံတွေပျက်ရပါတယ်။ ဒါကတော့ ငလျင်လှုပ်တဲ့ အတွက် ကျွန်တော်တို့ ဒီမှာအားလုံးပျက်စီးရတာကို ပြသခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒါတွေဆုံးရှုံးမှု တွေကို အာမခံတွေမလုပ်ခဲ့တဲ့အတွက်ကြောင့်မို့လို့ ပြန်လည်ထူထောင်ရေးမှာ နှောင့်နှေးခဲ့ရပါတယ်။ နိုင်ငံခြားသားတွေဟာ အာမခံမရှိရင် ဘာလုပ်ငန်းမှမလုပ်ပါဘူး။ ဥပမာအနေနဲ့ပြောရမယ်ဆိုရင် နိုင်ငံခြားနာမည်ကြီးအဆိုတော်တွေဟာ တခြားအာမခံလုပ်ငန်းတွေအပြင် သူတို့ရဲ့အသံကိုပါ အာမခံ ထားကြပါတယ်။ မျက်နှာတို့၊ ကိုယ်လုံးကိုယ်ပေါက်တို့၊ ပေါင်တန်တို့ အလှထားတာတွေလည်းရှိပါ တယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က အာမခံလုပ်ငန်းက သိရှိမှုက နောက်ကျနေတဲ့အတွက် ကျွန်တော်တို့နိုင်ငံအနေနဲ့ တောင်သူလယ်သမားတွေနဲ့ ပြည်သူတွေကို အာမခံလုပ်ငန်းနှင့် သီးနှံအာမခံလုပ်ငန်းများနှင့်ပတ်သက်ပြီးတော့ အသိပညာပေးလုပ်ငန်းတွေကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သွားဖို့ရာအတွက် အစိုးရ၊ မီဒီယာ၊ ကုမ္ပဏီများနှင့် ဝန်ကြီးဌာနများ၊ လွှတ်တော် ကိုယ်စားလှယ်များကပါ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ပေးကြဖို့ လိုအပ်နေပါကြောင်း ပြောကြားရင်း နဲ့နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ မအူပင်မဲဆန္ဒနယ်က ဦးစိန်ဝင်းက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိန်ဝင်း(မအူပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ မအူပင်မဲဆန္ဒနယ်က ဦးစိန်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သီးနှံအာမခံလုပ်ငန်းအကောင်အထည်ဖော်ရေးအဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် လယ်ဝေးမဲဆန္ဒနယ် ဦးမျိုးဇော်ဦးနှင့် အဆိုထောက်ခံသူ နွားထိုးကြီးမဲဆန္ဒနယ် ဦးနိုင်ထူးအောင်တို့နှစ်ဦးရဲ့ အဆိုတင်သွင်း၊ ထောက်ခံချက်တွေဟာ အတော့်ကိုပြည့်စုံပြီး တင်ပြသွားတဲ့အတွက် ကျွန်တော့်အနေနဲ့ ကျေးဇူးအထူးတင်ပါကြောင်း၊ အထူးထောက်ခံပါကြောင်း ပဏာမဦးစွာ ပြောကြားလိုပါတယ်။ အဆိုရှင်ဟာ သီးနှံပျက်စီးမှုဓြောက်မျိုးပြောသွားပါတယ်။ နံပါတ်(၁)က မိုးသည်းထန်ရွာသွန်းခြင်း၊ ရေကြီးရေလျှံရေမြုပ်ခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားပါးခြင်း၊ ရေငတ်ခြင်း၊ အပူချိန်ပြင်းထန်လွန်ကဲခြင်း၊ ရေငန်ရေများဝန်ရောက်ခြင်း၊ အင်းဆက်ပိုးမွှားရောဂါများ ကျရောက်ခြင်းဆိုပြီးတော့ ပျက်စီးမှုခြောက်မျိုး ပြောသွားတာ တွေ့ရပါတယ်။ အဲဒီအပြင် ကျွန်တော့်အနေနဲ့ ပျက်စီးမှုလေးမျိုး ကျန်ရှိနေတယ်လို့ ကျွန်တော် အကြံပြုလိုပါတယ်။ နံပါတ်(၁)ကတော့ ရုတ်တရက်အပူအအေးနေ့ညကွာဟမှုကြောင့် ပန်းပွင့်တွေကြွေပြီးတော့ သီးနှံပျက်စီးမှုတွေရှိနေပါတယ်။ နံပါတ်(၂)ကတော့ မြေငလျင်လှုပ်ခတ်မှုကြောင့် အောက်ကြောတွေရေပြတ်ပြီးတော့ သီးနှံပျက်စီးမှုတွေဖြစ်တတ်ပါတယ်။ နံပါတ်(၃)ကတော့ ရှမ်းပြည်မှာ နှင်းခါးရိုက်မှုကြောင့် သီးနှံပျက်စီးမှုတွေ ဖြစ်တတ်ပါတယ်။ နံပါတ်(၄)ကတော့ လေပြင်းမုန်တိုင်းတိုက်ခတ်ခြင်းကြောင့် သီးနှံပျက်စီးမှုတွေဖြစ်ပါတယ်။ ဒီအချက်လေးချက်ကိုလည်း မမေ့ဖို့ အကြံပြုလိုပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အိမ်နီးချင်းနိုင်ငံခြောက်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှာ သီးနှံအာမခံထားခြင်းလုပ်ငန်းကို အစိုးရနှင့်ပုဂ္ဂလိကလုပ်ငန်းရှင်တို့ အကျိုးတူပူးပေါင်းဖော်ဆောင်ပေးခြင်းဖြင့် ဆင်းရဲမွဲတေမှုလျှော့ချရေးလုပ်ငန်းစဉ်များ အောင်မြင်ပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာကြောင်း အဆိုရှင်က ထောက်ပြသွားတာလည်း မှန်ကန်သဖြင့် ရာသီဥတုဖောက်ပြန်မှုဒဏ်ခံရမည့် ၁၀ နိုင်ငံတွင် အဆင့်(၂)ရှိသော ကျွန်တော်တို့နိုင်ငံမှာ သီးနှံအာမခံလုပ်ငန်း စနစ်တကျပြုလုပ်သင့်ပါတယ်။ ကိုက်ညီအောင် ကောင်းမွန်သောသီးနှံအာမခံစနစ် ဆောင်ရွက်နိုင်ပါက အထူးအထူးကျေးဇူးကို ရရှိစေပါတယ်။ အဲဒီအထူးကျေးဇူးတွေကတော့ နံပါတ်(၁)က သီးနှံစိုက်ပျိုးရေးလုပ်ငန်းပေါ်မှာ ရည်မှန်းချက်၊ ရည်ရွယ်ချက်၊ ယုံကြည်ချက်ကြီးမားစေပါတယ်။ နံပါတ်(၂)ကတော့ ယုံကြည်ချက် ကြီးမားပြီဆိုရင် စွမ်းအားထုတ်လုပ်မှုတွေ တိုးတက်မြင့်မားစေပါတယ်။

နံပါတ်(၃)ကတော့ ရေ၊ မြေ၊ လူ အသုံးချမှုက တိုးတက်စေပြီးတော့ လယ်ယာသီးနှံစွမ်းအားတွေနှင့် ကုန်ထုတ်လုပ်မှုတွေက မြင့်မားစေပါတယ်။

လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိအခြေအနေမှာတော့ နည်းပညာ၊ နည်းစနစ်က ကျယ်ကျယ်ပြန့်ပြန့်ကမသိ၊ သုံးစွဲတဲ့ပစ္စည်းအရည်အသွေးက ကောင်း/မကောင်းမသိ၊ သုံးစွဲတဲ့ပစ္စည်း အရည်အသွေးကောင်း/မကောင်းမသိသလို တစ်ဖက်က ရာသီဥတုအခြေအနေကိုလည်း မခန့်မှန်းနိုင်။ အရင်းအနှီးကမရှိဖြစ်နေတဲ့အတွက် ကျွန်တော်တို့နိုင်ငံအနေအထားဟာ မ လေးထပ်ရနေ သော မရေရာ၊ မရေရာ၊ မသေချာ မသေချာ လယ်ယာကဏ္ဍကြီးဖြစ်ပါ၍ ပြန်လည်ဦးမော့လာစေရန် သီးနှံအာမခံလုပ်ငန်းများကို အချိန်မီ စနစ်တကျရေးဆွဲအကောင်အထည်ဖော်နိုင်ရင် တစ်ဖက် တစ်လမ်းက ထိန်းကျောင်းတည့်မတ်ဝင်ငွေတိုး၍ လယ်ယာကဏ္ဍဦးမော့လာစေနိုင်ပါတယ်။ ဦးနိုင်ထူးအောင်မှ သီးနှံတစ်နှစ်ပျက်ရင် သုံးနှစ်လိုက်မမီဘူး။ အကျမြန်၊ အတက်နှေးစိုက်ပျိုးရေး စကားကို ပြောသွားတာလည်း အထူးမှန်ကန်ပါတယ်။ ဒါကြောင့် သုံးနှစ်လိုက်မမီသော သီးနှံတစ်နှစ် ဆုံးရှုံးမှုမရှိစေရန် ရေကြီးရေငတ်မှုကာကွယ်ရေးလုပ်ငန်းများကို အစိုးရပိုင်းက အခြေအနေကောင်း များ၊ မဟာစီမံကိန်းကြီးများ ချမှတ်ဆောင်ရွက်ဖန်တီးပေးသလို တစ်ဖက်ကလည်း ဒီလိုသီးနှံအာမခံ စနစ်ကို ထားရှိမှသာ တိုးအားပေးမြှင့်တင်ပေးရာရောက်ရှိစေပါတယ်။ သီးနှံအာမခံစနစ်ဆိုတာ သီးနှံစိုက်ပျိုးပင်များ စိုက်ပျိုးထုတ်လုပ်၊ သယ်ယူရောင်းချခြင်းတို့အတွက် လူ့စွမ်းအားညံ့ဖျင်းမှု အမှားကြောင့်မဟုတ်ဘဲ လူ့စွမ်းအားမတတ်နိုင်သော ပတ်ဝန်းကျင်ပယောဂအကြောင်း အမျိုးမျိုး ကြောင့် သီးနှံပျက်စီးမှုအထွက်နှုန်းကျဆင်းမှု၊ ဈေးနှုန်းကျဆင်းမှု၊ ဈေးကွက်မရှိမှု၊ ဝင်ငွေကျဆုံးမှုဖြစ်ခဲ့ ရင် အာမခံလျော်ကြေးရရှိမည့်စနစ်ကို သီးနှံအာမခံစနစ်ဟု ရှင်းလင်းစွာဖြည့်စွက်အကြံပြုလိုပါတယ်။

(၁) သီးနှံပျက်စီးမှုအာမခံစနစ်၊ (၂) သီးနှံဈေးနှုန်းအာမခံစနစ်၊ (၃) သီးနှံဝင်ငွေအာမခံစနစ် ဆိုပြီးတော့ သုံးမျိုးသုံးစားရှိကြောင်း ကိုက်ညီတဲ့သီးနှံအာမခံစနစ်ထားရှိဖို့ ဦးနိုင်ထူးအောင်က တိတိကျကျဆွေးနွေးသွားတာလည်း အထူးမှန်ကန်အပ်ပါတယ်။ သီးနှံအာမခံစနစ်ကို ရေးဆွဲတဲ့အခါမှာ လူ့ပယောဂအားနည်းမှုကြောင့်မဟုတ်ဘဲ လူမတတ်နိုင်သော ပတ်ဝန်းကျင်ပယောဂကြောင့်ဖြစ်သော ဆိုးကျိုးသက်ရောက်မှုကိုသာ ပထမဆုံးရေးဆွဲသင့်ပါတယ်။ သီးနှံပျက်စီးတဲ့အကြောင်းအရာများစွာ ရှိပါတယ်။ ဒေသအလိုက်လည်း ကွာပြားခြားနားမှုတွေရှိပါတယ်။ လူ့စွမ်းအားဖြင့် မတတ်နိုင်သော အခြေအနေအဆင့် ဆိုးကျိုးကိုသာ အာမခံစနစ်ထားသောစနစ် ထားရှိခြင်းသည် နှစ်ဦးနှစ်ဖက် အကျိုးရှိစေပါတယ်။ သူ့တာဝန်သူယူရသလို သူမတတ်နိုင်သော စည်းကျော်လွန်သောအဆင့်ကိုလည်း

နိုင်ငံတော်က တာဝန်ယူရသော သီးနှံအာမခံစနစ်မျိုးကို ပထမဦးစွာထားသင့်ပါတယ်။ သီးနှံအာမခံဥပဒေ၊ နည်းဥပဒေလုပ်ဆောင်ချက်မှားယွင်းရေးဆွဲဆောင်ရွက်မိပါက နိုင်ငံတော်အတွက် ဆိုးကျိုးဖြစ်စေတတ်ပါတယ်။ ဒါကိုတော့ သတိထားပြီးတော့ ကိုက်ညီအောင်ဆောင်ရွက်ဖို့လိုပါတယ်။ မလုပ်တတ်ရင်ဆေးပါ။ လုပ်တတ်ရင်တော့ အကျိုးရှိစေပါတယ်။

နိဂုံးချုပ်အနေနဲ့ မိမိနိုင်ငံမိမိဒေသ မိမိတောင်သူလယ်သမားတွေနဲ့ကိုက်ညီတဲ့ သီးနှံအာမခံထားစနစ် ပေါ်ပေါက်လာပါက ရေ၊ မြေ၊ လူ အသုံးချမှုပိုမိုများပြားလာစေပြီး လယ်ယာကဏ္ဍထုတ်လုပ်မှုတိုးတက်မြင့်မားလာစေတဲ့အပြင် နိုင်ငံတော်အတွက် ရေရှည်အကျိုးအမြတ်ဝင်ငွေရရှိလာစေပါတယ်။ သီးနှံအာမခံလုပ်ငန်းကို အကောင်အထည်ဖော်နိုင်ရေး ဥပဒေ၊ နည်းဥပဒေများ စနစ်တကျရေးဆွဲ၍ အကောင်အထည်ဖော်အချိန်တန်ပြီမို့ အကျမရှိ၊ အတက်ရှိ စိုက်ပျိုးရေးအာမခံစနစ်ထားရှိရေးအတွက် ဤအဆိုကို အထူးထောက်ခံအပ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဦးထွန်းဝင်း(ကျောက်တော်မဲဆန္ဒနယ်)**။ ။ အားလုံးသာလေစွပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ကျောက်တော်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းဝင်း ဖြစ်ပါတယ်။ ဒီနေ့ကဏ္ဍပေါင်းစုံတည်ဆောက်ယူနေရတဲ့ မြန်မာနိုင်ငံရဲ့ အခြေအနေအရပ်ရပ်တွေထဲက ဘက်ပေါင်းစုံယုတ်လျော့နိမ့်ကျနေတဲ့ မြန်မာ့လယ်ယာကဏ္ဍကို တစ်ဖက်တစ်လှမ်းက အထောက်အကူပြုပေးလိမ့်မယ်လို့ ယုံကြည်စွာနဲ့ ဒီအဆိုအပေါ်မှာ ကြိုဆိုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့လူ့အဖွဲ့အစည်းအတွက် အာမခံလုပ်ငန်းတွေဟာ အခုအချိန်ထိ အထူးအဆန်းချည်းတွေလိုဖြစ်နေတာကိုက တော်တော်ထူးခြားတဲ့ကိစ္စ ဖြစ်ပါတယ်။ ၁၉၃၀ ခုနှစ်လောက်မှာ အမေရိကန်မှာ Dust Bowl လို့သူတို့ခေါ်တဲ့ ဖုန်မုန်တိုင်းကြီးတစ်ခု တိုက်ခတ်ခဲ့ပါတယ်။ အဲဒီမုန်တိုင်းကြောင့် လူပေါင်းများစွာ အတိဒုက္ခရောက်ခဲ့ကြရတယ်။ လယ်ယာစိုက်ခင်းဧကသန်း ရာနဲ့ချီပြီးတော့ ပျက်စီးဆုံးရှုံးသွားတယ်။ လူတွေ ငတ်ဘေးနဲ့ ရင်ဆိုင်ခဲ့ရတယ်။ အဲဒါကို ကုစားဖို့၊ ဒီလိုအဖြစ်ဆိုးတွေကြုံလာရင် ခံနိုင်ရည်ရှိဖို့ အဲဒီသဘာဝ ကပ်ဆိုးကြီးကပေးတဲ့သင်ခန်းစာနဲ့ အနာဂတ်အစီအစဉ်ကောင်းတွေကို သူတို့ချမှတ်နိုင်ခဲ့ကြပါတယ်။ ၃၂ ယောက်မြောက် သမ္မတ Franklin D. Roosevelt Relief ၊ ကလယ်ယာကဏ္ဍကို အထူးအလေးထားပြီးတော့ Release Recovery၊ Reform ဆိုပြီးတော့ 3R

ကိုစတင်လုပ်ဆောင်ခဲ့ပါတယ်။ အဲဒီကစပြီးတော့ အခြေပြု အခြေယူလာတဲ့ သီးနှံအာမခံလုပ်ငန်းကြီးဟာ အမေရိကန်စိုက်ပျိုးရေးဌာနရဲ့ Risk Management Agency မှာ FCIC-Federal Crop Insurance Cooperation အဖြစ်နဲ့ အောင်မြင်စွာ ရပ်တည်လာတာ အခုဆိုရင် နှစ်ပေါင်း ၈၀ လောက်ရှိနေပြီဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ကမ္ဘာမှာ သဘာဝဘေးအန္တရာယ်အများဆုံးနိုင်ငံထဲမှာ မြန်မာနိုင်ငံကထိပ်ဆုံးမှာရှိနေတာဖြစ်ပါတယ်။ အနီးစပ်ဆုံးသာဓကအနေနဲ့ ၂၀၁၅ ခုနှစ် ဇူလိုင်လမှာဖြစ်ခဲ့တဲ့ ကိုမန်ဆိုင်ကလုန်းမုန်တိုင်းကြောင့် ရခိုင်မှာလယ်ဧကနှစ်သိန်းကျော် ပျက်စီးဆုံးရှုံးခဲ့ပါတယ်။ အခက်အခဲတွေကြောင့် ပြန်လည်မစိုက်ပျိုးနိုင်တဲ့လယ်ဧကလည်း ထောင်ပေါင်းများစွာရှိနေခဲ့ပါတယ်။ စိုက်ပျိုးသမျှလယ်တွေကလည်း ရာသီနှောင်းသွားတဲ့အတွက် သီးနှံတွေအထွက်မကောင်းခဲ့ပါဘူး။ အဲဒီအခက်အခဲပြဿနာမျိုးစုံထဲမှာ နလန်မထူနိုင်ဖြစ်သွားကြတဲ့ ကျေးဇူးရှင်ဦးကြီးများဟာ အခုအချိန်မှာ ဆင်းရဲတွင်းကြိုးဝိုင်းနဲ့တူနေတဲ့ အဲဒီလယ်ကွင်းပြင်တွေကို ကျောခိုင်းပြီးတော့ နိုင်ငံအနှံ့၊ ကမ္ဘာ့အနှံ့ကို အသက်စွန့်ပြီး အလုပ်သွားလုပ်နေကြတာ နေ့စဉ်နဲ့အမျှပါပဲ။ ဒါကြောင့် စိုက်ပျိုးရိတ်သိမ်းချိန်တွေမှာ အလုပ်သမားရှားပါးမှုပြဿနာက အခုအချိန်မှာ ကြီးမားတဲ့စိန်ခေါ်မှုတစ်ခုဖြစ်လာနေပါတယ်။ မြန်မာ့လူဦးရေရဲ့ ၆၀ ရာခိုင်နှုန်းကျော် ရှိတဲ့ Man Power တွေ၊ Population bonus ကြီးတွေက နိုင်ငံတကာအတွက်ဖြစ်နေတာ တော်တော်ရင်နာစရာကောင်းတဲ့ကိစ္စတွေဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံကို ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်အောင် စက်မှုနိုင်ငံတော်ကြီးတည်ဆောက်ဖို့ဆိုရင် လူ့စွမ်းအားအရင်းအမြစ်တွေ၊ အခြေခံအဆောက်အဦတွေနဲ့ ရင်းနှီးမြှုပ်နှံမှုများစွာ လိုအပ်တဲ့အတွက် အချိန်တွေအများကြီးယူကြရဦးမှာဖြစ်ပါတယ်။ လက်ရှိမြန်မာ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်မယ့် မြန်မာ့လူ့အဖွဲ့အစည်း၊ မြေအနေအထား၊ ရာသီဥတုစတဲ့ပေးထားချက်တွေနဲ့ ကိုက်ညီတဲ့မြန်မာ့စီးပွားရေး ModeL ဟာ စိုက်ပျိုးရေးနဲ့စားနပ်ရိက္ခာထုတ်လုပ်ရေးကိုအခြေပြု အချိန်ယူပြီးမှ တိုးတက်မှုကိုရရှိစေမယ့် ModeL ပဲဖြစ်သင့်တယ်လို့ ပညာရှင်တချို့က သုံးသပ်ထားတာရှိပါတယ်။ ဆန်စပါးကို တချို့က မြန်မာနိုင်ငံရဲ့ Political Crop လို့တောင် သုံးနှုန်းခေါ်ဝေါ်ကြတာကို ကြည့်ခြင်းအားဖြင့် မြန်မာ့လူ့အဖွဲ့အစည်းနဲ့ ဆန်စပါးဈေးကွက်ဟာ ဘယ်လောက်ထိနက်ရှိုင်းစွာဆက်စပ်နေတယ်ဆိုတာ ထင်ရှားပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ တရွေ့ရွေ့တိုးလာနေတဲ့ အနာဂတ်လူ့အဖွဲ့အစည်းတွေအတွက် လိုအပ်နေတာဟာ စိန်၊ ရွှေ၊ ငွေ၊ ပတ္တမြားတွေမဟုတ်ပါဘူး။ စားနပ်ရိက္ခာဖူလုံမှု(Food Security)ဖြစ်ဖို့က အဓိကဖြစ်နေတယ်လို့ ဆိုပါတယ်။ ကမ္ဘာ့လူတစ်ဝက်ကျော်က ဆန်စပါးကို အဓိကစားသောက်ကုန်သီးနှံအဖြစ်နဲ့ အားထားနေရဆဲပဲဖြစ်ပါတယ်။ နိုင်ငံတကာ ဆန်စပါးသုတေသနဌာန(IRRI)ရဲ့ထုတ်ပြန်ချက်အရ တစ်ကမ္ဘာလုံးအတွက် ၂၀၁၀ ခုနှစ်မှာ ဆန်တန်ချိန် သန်း ၄၃၉ သန်းကနေပြီးတော့၊ ၂၀၃၅ ကျရင်ဆန်တန်ချိန်ပေါင်း ၅၅၃ သန်းထိလိုအပ်လာမယ်လို့ ခန့်မှန်းထားတာ ရှိပါတယ်။ မြန်မာဟာ မြေအရင်းအမြစ်၊ ရေအရင်းအမြစ်တွေ ပေါကြွယ်ဝတဲ့နိုင်ငံဖြစ်တာကြောင့် ကမ္ဘာ့ဈေးကွက်ကတောင့်တနေတဲ့အရာတွေကို အောင်မြင်စွာထုတ်ပေးနိုင်တဲ့အရည်အချင်းတွေကို ပိုင်ဆိုင်ထားတဲ့နိုင်ငံဖြစ်ပါတယ်။ ကျွန်တော်တို့ဒီနေ့ အာဆီယံပေါင်းစပ်ဆက်သွယ်ရေးဆိုင်ရာမဟာစီမံကိန်း ACMP-2025 ထဲက AEC- ASEAN Economic Community ကို အကောင်အထည်ဖော်တဲ့နေရာမှာ မြန်မာနဲ့အလိုက်ဖက်ဆုံးအခြေအနေဟာ စိုက်ပျိုးရေးထုတ်ကုန်ပဲဖြစ်တယ်လို့ ဆိုပါတယ်။ အဲဒီအချက်အလက်တွေ၊ အခြေအနေအရပ်ရပ်တွေကြောင့် Myanmar Agricultural Sector ဟာ ဘက်ပေါင်းစုံကို ဟန်ချက်ညီညီမြှင့်တင်ရမယ့် အချိန်အခါလည်းပဲဖြစ်ပါတယ်။

လေးစားရတဲ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ မြန်မာ့လူဦးရေရဲ့ ၈၀ ရာခိုင်နှုန်းရှိတဲ့ တောင်သူလယ်သမားတွေရဲ့ဘဝတွေဟာ နိုင်ငံရဲ့ကြေးမုံပြင်တွေဖြစ်ပါတယ်။ သူတို့တွေရဲ့ကံကြမ္မာဟာ နိုင်ငံ့အနာဂတ်အတွက် ဟောစာတမ်းတွေဖြစ်ပါတယ်။ ဒါကြောင့် တောင်သူဦးကြီးတွေ အဆင်ပြေချောမွေ့လို့ လုပ်ငန်းအပေါ်ယုံကြည်အားကိုးစွာ စိတ်အားထက်သန်လာမှ အများပြောနေကြတဲ့ သီးထပ်၊ သီးညှပ်တို့ မွေးမြူရေးနှင့် အခြားအခြားသောစိုက်ပျိုးရေးကဏ္ဍတွေကို Value Added ဖြစ်အောင်ပိုမိုစွဲဆောင်လာနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာ့လယ်ယာကဏ္ဍဖွံ့ဖြိုးပြီး ကျေးဇူးရှင်ဦးကြီးတွေရဲ့ဘဝတွေ တောက်ပလာမယ့် အနာဂတ်ပုံရိပ်ကောင်းတွေကို မျှော်မှန်းပြီးတော့ ဒီအဆိုကို လေးနက်စွာကြိုဆိုထောက်ခံလိုက်ပါတယ်။ အားလုံးကိုလေးစားပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ဝင့်ဝါထွန်း(ရှားတောမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့်အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ ကယားပြည်နယ်၊ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ဖြစ်ပါတယ်ရှင်။ ဒုတိယဥက္ကဋ္ဌကြီးရှင်။ အဆိုရှင် ဦးမျိုးဇော်ဦးရဲ့အဆိုကို စိုက်ပျိုးရေး

လုပ်ငန်း လုပ်ကိုင်နေကြသော တောင်သူများနဲ့ တိုင်းပြည်ရဲ့အကျိုးကိုမျှော်ကိုးပြီး မူဝါဒကို အခြေခံကာထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့နိုင်ငံမှာ ၂၀၁၇-၂၀၁၈ အမျိုးသား စီမံကိန်းဥပဒေကိုလည်း အတည်ပြုပြဋ္ဌာန်းပြီးဖြစ်သလို စီးပွားရေးမူဝါဒပါအချက်များအပေါ်အခြေခံပြီး လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များ၊ ဝန်ကြီးဌာနအလိုက်အကောင်အထည်ဖော်ရမည့် မူဝါဒလုပ်ငန်းစဉ် များကိုလည်း ဒီစာအုပ်ထဲမှာ အသေးစိတ်ဖော်ပြထားပြီးဖြစ်ပါတယ်ရှင်။ ထို့အတူပဲ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနရဲ့ လုပ်ငန်းစဉ်အပိုဒ် ၅ တွင် သီးနှံအာမခံစနစ်၊ လယ်ယာကဏ္ဍ ချေးငွေများနှင့် သီးနှံသိုလှောင်မှုအပေါ်အာမခံပေးမှုစနစ်ပေါ်ထွန်းရေးကို သက်ဆိုင်ရာဌာန၊ အဖွဲ့ အစည်းများနှင့်ပူးပေါင်းဆောင်ရွက်မည်ဟု အတိအလင်းဖော်ပြထားသည့်အတွက် လိုအပ်သည့် မဟာ ဗျူဟာ၊ နည်းဗျူဟာများချမှတ်ကာ အကောင်အထည်ဖော်ရန် လိုအပ်လှပါတယ်ရှင်။ ထို့အတူပဲ မိမိတို့ နိုင်ငံအပါအဝင် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်သည့်ဖြစ်ရပ် မှန်အခြေအနေများကြောင့်လည်း ထောက်ခံဆွေးနွေးရတာဖြစ်ပါတယ်ရှင်။ မူဝါဒတစ်ခုကို အကောင် အထည်ဖော်တဲ့အခါမှာ ဝန်နှင့်အားမမျှတာ၊ စိန်ခေါ်မှုများစွာရှိတာကို အသိအမှတ်ပြုလက်ခံပါတယ်။ သို့ပါသော်လည်း လိုအပ်ချက်အရ မဖြစ်မနေအကောင်အထည်ဖော်ပေးရမှာလည်း ဖြစ်ပါတယ်ရှင်။ ရှေ့မှကိုယ်စားလှယ်တော်ကြီးများမှလည်း အာမခံစနစ်နှင့်ပတ်သက်ပြီး အားနည်းချက်၊ အားသာချက် များကို ပြည့်ပြည့်စုံစုံ ရှင်းလင်းဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့နိုင်ငံကိုတည်ဆောက်ရာမှာ ရှိရင်းစွဲ အရင်းအမြစ်ကောင်းများကို မှန်ကန်စွာစီမံခန့်ခွဲနိုင်ပါမှ အချိန်ကာလတစ်ခုအတွင်း ပြောင်းလဲတိုးတက် လာမှာဖြစ်ပါတယ်ရှင်။ စိုက်ပျိုးတောင်သူများရဲ့ ဘဝမြှင့်တင်ရန် စိုက်ပျိုးစရိတ်ချေးငွေများအား ပံ့ပိုးပေးခြင်းက အထောက်အကူပြုမှုတစ်ခုခုဟုဆိုနိုင်သော်လည်း လွန်လေပြီးသောကာလဖြစ်စဉ်များ ကိုသင်ခန်းစာယူပြီး ကျွန်မတို့ပြုပြင်သင့်တာ ပြုပြင်ရမှာဖြစ်ပါတယ်ရှင်။ ယခုဆိုလျှင် မြန်မာ့စိုက်ပျိုး ရေးဘဏ်ကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ပြီး တောင်သူလက်ဝယ် အရောက်ပေးနိုင် သည်အထိ ကြိုးပမ်းနေသည်ဟုသိရတဲ့အတွက် ကြိုဆိုပါတယ်။ သို့သော်လည်း လယ်ယာစိုက်ပျိုးရေးကဏ္ဍမှ စံချိန်စံညွှန်းပြည့်မီသော သီးနှံထွက်ကုန်များ Value Change Process ထုတ်ကုန်တိုးမြှင့်ခြင်းလုပ်ငန်းများဆောင်ရွက်လိုပါက အဖက်ဖက်မှပံ့ပိုးမှုများစွာ လိုအပ်နေ

မှာဖြစ်ပါတယ်။ ထိုလိုအပ်ချက်တွေထဲမှာ သီးနှံအာမခံစနစ်တစ်ခုကလည်း မဖြစ်မနေပါဝင်တာဖြစ်ပါတယ်ရှင်။

ဒုတိယဥက္ကဋ္ဌကြီးရှင်။ ဒုတိယပိုင်းအနေဖြင့် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ရခြင်းအရင်းအမြစ်များကိုလည်း ဆန်းစစ်သင့်ပါတယ်။ သဘာဝဘေးအန္တရာယ်နှင့်လူလုပ်ဘေးအန္တရာယ်ဆိုပြီးရှိတဲ့အခါမှာ ပညာရှင်များရဲ့ သုံးသပ်ချက်များထဲမှ အချို့ကိုတင်ပြရလျှင် သစ်တောများပြုန်းတီးလာခြင်း၊ ဆည်တည်ဆောက်ခြင်းတို့ကြောင့်လို့ ဆိုပါတယ်။ ကျွန်မတို့နိုင်ငံဟာ စိုက်ပျိုးရေးကိုအခြေခံတဲ့ နိုင်ငံဖြစ်တဲ့အတွက်ကြောင့်မို့လို့ စိုက်ပျိုးရေးရရှိရန် ဆည်တည်ဆောက်ခြင်းကလည်း မဖြစ်မနေလိုအပ်ပါတယ်။ ထိုသို့ဆည်တည်ဆောက်ခြင်းက ရေကြီးရေလျှံမှုကို ကာကွယ်နိုင်သလို ရေကြီးရေလျှံမှုကိုလည်း ဖြစ်ပေါ်စေပါတယ်။ အထက်ပါအကြောင်းတရားများဟာ တစ်ခုနှင့်တစ်ခု ချိတ်ဆက်နေပါတယ်။ ဒါကြောင့်မို့လို့ မိမိတို့အစိုးရတစ်ရပ်အနေနဲ့လည်း စီမံကိန်းများကို မစတင်မီကပင် EIA, SIA, HIA အစရှိတဲ့ စိစစ်မှုများကို စနစ်တကျ လုပ်ကိုင်ဆောင်ရွက်သင့်ပါတယ်။ ထိုသို့ လုပ်ကိုင်ဆောင်ရွက်ခြင်းက သဘာဝဘေးအန္တရာယ်၊ လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်ကျရောက်တဲ့အခါမှာ ထိခိုက်ပျက်စီးနစ်နာဆုံးရှုံးမှုများထက် ပြန်လည်တည်ဆောက်ရတဲ့အချိန်မှာ ကုန်ကျတဲ့ကုန်ကျစရိတ်များထက် များစွာသက်သာနေမှာ ဖြစ်ပါတယ်ရှင်။ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုများထဲမှာ ဥပမာအနေနဲ့တင်ပြရလျှင် ကျွန်မတို့ နာဂစ်မုန်တိုင်းကြီးကြောင့် ထိခိုက်ခံစားခဲ့ရတဲ့ ဒေသတွေမှာ လယ်ယာမြေတွေဟာ ကာလရှည်ကြာစွာ ဆားငန်ရည်ဝင်ရောက်ခဲ့တဲ့အတွက်ကြောင့် ယခုအချိန်မှာ ထိုနေရာဒေသရှိ ဆန်၊ စပါးအထွက်နှုန်းဟာ လျော့ကျလျက်ရှိပါတယ်။ ထို့အတူပဲ ကျွန်မတို့ ယခုလအတွင်းမှာ မိုးရေချိန်မြင့်မားတဲ့အတွက်ကြောင့် မန္တလေးတိုင်းဒေသကြီးမှာလည်း နှမ်းစိုက်တောင်သူတွေဟာ အခက်အခဲကြုံရပါတယ်ရှင်။ ကျွန်မတို့နှမ်းစိုက်တောင်သူတွေအပါအဝင်စိုက်ပျိုးရေးကဏ္ဍကို အားထားနေကြတဲ့ တောင်သူတွေရဲ့ ဆုံးရှုံးမှု၊ နစ်နာမှုသာမကဘဲ တစ်နိုင်ငံလုံးရဲ့ အမျိုးသားအကျိုးစီးပွား၊ လူမှုရေးအကျိုးစီးပွားအတွက်ပါ နစ်နာထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပါတယ်။ မိမိတို့နိုင်ငံပြန်လည်တည်ဆောက်ရေး၊ ပြုပြင်ပြောင်းလဲရေးကာလအတွင်းမှာလည်း ရှေးသို့အင်နဲ့အားနဲ့မသွားနိုင်ဘဲ သမင်မွေးရင်း ကျားစားရင်ဖြစ်နေပါတယ်ရှင်။

ဒုတိယဥက္ကဋ္ဌကြီးရှင်။ တတိယပိုင်းအနေနဲ့ ကျွန်မတို့နိုင်ငံ၏ ယန္တရားများကိုလေ့လာတဲ့အခါမှာ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင်ဦးဆောင်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ၊ လယ်ယာဖွံ့ဖြိုးရေးကဏ္ဍ၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်တွင်းပြည်ပမှ နည်းပညာရှင်များ ငွေကြေး

အရင်းအနှီးမြှုပ်နှံမှုများ အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသလို မြန်မာ့အာမခံလုပ်ငန်းနှင့် ဂျပန်နိုင်ငံအထွေထွေအာမခံအစည်းအရုံး(GIAJ)တို့မှလည်းပူးပေါင်းပြီး၊ မြန်မာ့အာမခံအသင်းကြီးပေါ်ပေါက်လာဖို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ထို့အတူပဲ မြန်မာ့အာမခံလုပ်ငန်းမှလည်း ကျွန်မတို့ပြည်တွင်းပုဂ္ဂလိကအာမခံလုပ်ငန်းရှင်များ ပြည်ပအာမခံကိုယ်စားလှယ်ရုံးများနဲ့ တွေ့ဆုံပြီး မည်ကဲ့သို့လုပ်ကိုင်ဆောင်ရွက်ပါက အာမခံဈေးကွက်ရေရှည်ဖွံ့ဖြိုးတိုးတက်မည်ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိတာကို ကြိုဆိုပါတယ်။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့နိုင်ငံမှာ ၁၉၅၂ ခုနှစ်ကတည်းက အာမခံလုပ်ငန်းကြီးကို ဖွဲ့စည်းခဲ့ပါတယ်။ ကျွန်မတို့ ၁၉၆၁ ခုနှစ်မှာ Burma Insurance Association က ထုတ်တဲ့ Subscribes to the motor (Fire Claims Agreement)မှာ ၃၉ ခုရှိပြီးတော့ ၁၉၆၆ ခုနှစ်မှာ ထုတ်တဲ့အချိန်မှာတော့ ၈၁ ခုရှိတာကိုတွေ့ရပါတယ်။ သို့သော်လည်း မြန်မာနိုင်ငံမှာ ပုဂ္ဂလိကအာမခံလုပ်ငန်း ၁၂ ခု သာရှိတာတွေ့ရတဲ့အတွက်ကြောင့်မို့လို့ အာမခံလုပ်ငန်းဒီထက်မက ဖွံ့ဖြိုးတိုးတက်အောင် ထိုကဲ့သို့တွေ့ဆုံမှုများလိုအပ်ပါတယ်။ ထို့အတူပဲ ကျွန်မတို့ မြန်မာ့အာမခံလုပ်ငန်းရဲ့ ဆောင်ပုဒ်ဖြစ်တဲ့၊ ခံယူချက်ဖြစ်တဲ့ ကျွန်မတို့ သဘာဝဘေးအန္တရာယ်ကြောင့်လည်းကောင်း၊ လူလုပ်ဘေးအန္တရာယ်ကြောင့်လည်းကောင်း စီးပွားရေး၊ လူမှုရေးအရ နစ်နာဆုံးရှုံးမှုများကို ရင်းစားပြန်လည်ရရှိစေနိုင်သည့် ဆုံးရှုံးနိုင်ခြင်း စီမံခန့်ခွဲမှုနည်းလမ်းတစ်ခုဖြစ်သော အာမခံလုပ်ငန်းအဖြစ် ပြည်သူများအား အကာအကွယ်ပြုသွားရန် အစဉ်ကြိုးပမ်းဆောင်ရွက်မည်ဟုဆိုသည့်အတွက် သီးနှံအာမခံစနစ်ကို မဖြစ်မနေပုံဖော်သင့်ပါကြောင်း ထောက်ခံဆွေးနွေးအပ်ပါတယ်ရှင်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးထွန်းဝေ(ဖောင်းပြင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လယ်ဝေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်ဦးရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာကဏ္ဍဟာ ကျွန်တော်တို့နိုင်ငံစီးပွားရေး အဆောက်အဦရဲ့အဓိကကျတဲ့ အခန်းကဏ္ဍမှာပါဝင်ပါတယ်။ စီးပွားရေးတိုးတက်ဖြစ်ထွန်းမှုနဲ့ စီးပွားရေးအဆောက်အဦတိုးတက်ဖြစ်ထွန်းမှုတို့ဟာ တစ်ခုနဲ့တစ်ခုအလွန်နီးကပ်စွာ ဆက်နွယ်လျက်

ရှိပါတယ်။ စက်မှုလုပ်ငန်းတွေ ဘယ်လောက်ပဲတိုးတက်ထွန်းကားနေပါစေ စိုက်ပျိုးရေးလုပ်ငန်းဟာ ပစ်ပယ်ထားလို့မရတဲ့ အခြေခံကျတဲ့လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံက စိုက်ပျိုးရေးကို လုပ်ကိုင်နေကြတဲ့ တောင်သူများဟာ နိုင်ငံလူဦးရေအတွက် လုံလောက်တဲ့စားနပ်ရိက္ခာကို ထုတ်ပေးရုံ မျှသာမက စီးပွားရေးအဆောက်အဦရဲ့ လယ်ယာကဏ္ဍမှာဝင်ငွေအချိုးကို အများဆုံးပါဝင်အောင် ယနေ့အထိ ဆောင်ရွက်ပေးနေကြပါတယ်။ ဒီမိုကရေစီနိုင်ငံဖြစ်ပေမဲ့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို ဘုံလယ်ယာစနစ်နဲ့ အစိုးရကဦးစီးလုပ်ကိုင်နေတဲ့ Israel နိုင်ငံကိုလေ့လာကြည့်ရင် နိုင်ငံအတွက် စားနပ်ရိက္ခာကို ပြည်တွင်းမှာလုံလောက်အောင်ထုတ်လုပ်နိုင်ဖို့ဟာ အလွန်အရေးပါတယ်ဆိုတာကို သိရှိနိုင်ပါတယ်။ ဒီအဆိုဟာ နိုင်ငံရဲ့လူဦးရေ ၇၀ ရာခိုင်နှုန်းရှိသော ကျေးလက်နေတောင်သူတွေရဲ့ ဘဝအတွက် အလွန်အရေးပါတဲ့အဆိုဖြစ်ပါတယ်။ သီးနှံအာမခံလုပ်ငန်းဟာ တောင်သူလယ်သမား တွေရဲ့ဝင်ငွေနဲ့ သီးနှံထုတ်လုပ်နိုင်မှုပမာဏကို တည်ငြိမ်အောင်အထောက်အကူပြုပါတယ်။ ကုန်ထုတ် လုပ်မှုလုပ်ငန်းစဉ်တွေမှာ အကောင်းဆုံးသော အရင်းအမြစ်ခွဲဝေမှုကိုလည်း အထောက်အကူပြု ပါတယ်။ သီးနှံအာမခံလုပ်ငန်းက တောင်သူတွေရဲ့အနာဂတ်ဘဝဖြစ်နိုင်ခြေကို ဖန်တီးပေးစေနိုင် ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေးလုပ်ငန်းဟာ မသေချာမရေရာမှုတွေနဲ့ အလွန်ထိခိုက် လွယ်တဲ့သဘောသဘာဝရှိတဲ့လုပ်ငန်းတစ်ခုလည်းဖြစ်ပါတယ်။ မိမိစိုက်ပျိုးလုပ်ကိုင်ထားတဲ့လုပ်ငန်း ဟာ အကြောင်းတစ်ခုခုကြောင့် ပျက်စီးဆုံးရှုံးသွားရလျှင် အလွန်စိတ်နှလုံးထိခိုက်ကြေကွဲရတဲ့အပြင် အကြွေးသံသရာလည်ကြရပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့နိုင်ငံက လယ်သမားတွေက အင်မတန် စိတ်ဓာတ်ကြံ့ခိုင်တဲ့သူတွေဖြစ်ကြပါတယ်။ မြေသိမ်းခံရလို့၊ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွားလို့ ကိုယ့်ကိုယ်ကို အဆုံးစီရင်သွားတယ်ဆိုတာ မရှိကြပါဘူး။ အိန္ဒိယနိုင်ငံမှာတော့ သီးနှံတွေပျက်စီးသွား ပြီးတဲ့နောက် လယ်သမားတွေ ကိုယ့်ကိုယ်ကိုလုပ်ကြံကြတာများလာလို့ အိန္ဒိယအစိုးရအနေနဲ့ သီးနှံ အာမခံလုပ်ငန်းကို အတော်ကြီးအာရုံစိုက်ပြီး လုပ်ဆောင်နေကြရတာ တွေ့ရပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနဲ့ အကျိုးစီးပွား မြှင့်တင်ရေးဥပဒေ အခန်း(၅) ပုဒ်မ ၁၇ ပုဒ်မခွဲ(ခ)မှာ လုပ်ကွက်ငယ်တောင်သူလယ်သမားတွေရဲ့ ပျက်စီးဆုံးရှုံးမှုကို သက်သာရာရစေဖို့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထိုက်သင့်သော ပမာဏတစ်ရပ် ကို ကျခံသုံးစွဲဖို့ ပြဋ္ဌာန်းထားတာကိုလည်း တွေ့ရပါတယ်။ ဒါကြောင့် သီးနှံအာမခံလုပ်ငန်းဟာ ဖြစ်မြောက်အောင်မြင်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**မူကြမ်း**

ကျောင်းကုန်းမဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးသိန်းထွန်းအနေနဲ့ သီးနှံအာမခံကို ဆောလျင်စွာဖော်ဆောင်ခြင်းကြောင့် နစ်နာဆုံးရှုံးမှုများနဲ့ကြုံတွေ့လာမှာကို စိုးရိမ်စိတ်နဲ့ ဆွေးနွေးခဲ့တာဟာလည်း အလွန်သဘာဝကျပါတယ်။ ကျွန်တော့်အနေနဲ့လည်း ဒီအဆိုကို မျက်လုံးစုံမှိတ်ပြီး ထောက်ခံတာမျိုးမဟုတ်ဘဲနဲ့ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံစတဲ့နိုင်ငံတွေရဲ့ သီးနှံအာမခံတွေအကြောင်းကိုလေ့လာပါတယ်။ ကျွန်တော့်အနေနဲ့ Agricultural Insurance Policy in Vietnam ဆိုတဲ့စာတမ်းကို ကျွန်တော် တော်တော်သဘောကျပါတယ်။ ဘယ်နိုင်ငံကမှတော့ ဒီလုပ်ငန်းကို လွယ်လွယ်ကူကူနဲ့ မအောင်မြင်ပါဘူး။ အခက်အခဲတွေအများကြီးနဲ့ကြုံတွေ့ကြရပါတယ်။ မူဝါဒတွေကို ပြင်လွယ်၊ ပြောင်းလွယ်လုပ်ကြရပါတယ်။ အဆင့်တိုင်း၊ ကဏ္ဍတိုင်းမှာ ပူးပေါင်းဆောင်ရွက်မှုတွေလုပ်ကြရပါတယ်။ တစ်ဖက်နဲ့တစ်ဖက် ရိုးသားကြရပါတယ်။ အာမခံအတွက် Contract တစ်ခုလုပ်ထားလိုက်ပြီဆိုတာနဲ့ တစ်ဖက်နဲ့တစ်ဖက်အပြန်အလှန် ထိန်းကျောင်းသွားတဲ့သဘောတွေ ရှိပါတယ်။ အစမှာတော့ Pilot Program ဆိုတဲ့ ရှေ့ပြေးအစီအစဉ်တွေ ချမှလုပ်ဆောင်ကြရပါတယ်။ နောက်ဆုံးမှာတော့ သဘာဝဘေးဒဏ်ကြောင့်၊ ပိုးမွှားရောဂါကြောင့် တိုင်းပြည်ဘဏ္ဍာဆုံးရှုံးနစ်နာမှုကို ယင်းအစား ပြန်ရနိုင်ရန်အတွက် သီးနှံအာမခံလုပ်ငန်းက အထောက်အကူပြုတယ်ဆိုတာကို တွေ့ကြုံလာကြရပါတယ်။ ပုဂ္ဂလိကကုမ္ပဏီက မစွမ်းဆောင်နိုင်တဲ့နေရာတွေမှာ အစိုးရကဆောင်ရွက်ပေးရမှာဖြစ်တယ်လို့လည်း ယုံကြည်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ စက်မှုနဲ့ IT နည်းပညာတွေထွန်းကားနေတဲ့ ဒီခေတ်၊ ဒီကမ္ဘာကြီးမှာ မြေကြီးကိုအမှီပြုပြီး လုပ်ကိုင်ချင်သူဟာ အလွန်ရှားပါတယ်။ ဒါကြောင့် မြေကြီးနဲ့အသက်မွေးဝမ်းကျောင်းပြုသူတွေဟာ ချစ်စရာအကောင်းဆုံးနဲ့ အရိုးသားဆုံးလူသားတွေဖြစ်တယ်။ သူတို့တွေရဲ့ ဘဝကို မြှင့်တင်ပေးဖို့လိုတယ်။ သူတို့ထံက သစ်သီးတစ်လုံး၊ ပန်းတစ်ပွင့်ကိုတောင်မှ တောင်းယူတဲ့အစိုးရမျိုးမဖြစ်ဖို့လိုတယ်လို့ တောင်သူလယ်သမားတွေရဲ့ဘဝကို ဥဒါန်းကျူးပေးနိုင်တဲ့အစိုးရမျိုးတစ်ရပ်ပေါ်ပေါက်လာဖို့ လိုအပ်နေပြီဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတစ်ဝန်း သဘာဝဘေးအန္တရာယ်များနှင့် အင်းဆက်ပိုးမွှားများကြောင့် ဆုံးရှုံးနစ်နာနေကြသော တောင်သူလယ်သမားများ၏အကျိုးစီးပွားအတွက် အာမခံချက်ရရှိစေမည့် သီးနှံအာမခံလုပ်ငန်းကို အကောင်အထည်ဖော်ပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းထားတဲ့ ဦးမျိုးဇော်ဦးရဲ့အဆိုကို အလေးအနက်ထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

## ဦးမျိုးဇော်ဦး၊ လယ်ဝေးမဲဆန္ဒနယ်ကတင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၄ ဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန်ဖြစ်ပါတယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ လယ်ဝေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်ဦးရဲ့အဆိုနှင့်စပ်လျဉ်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ပြန်လည်ဆွေးနွေးတင်ပြပါမယ်။ သီးနှံအာမခံထားရှိခြင်း(Crop Insurance)ဆိုတာကတော့ လယ်ယာသီးနှံတွေ ဈေးနှုန်းကျဆင်းခြင်းနှင့် သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံများထိခိုက်ပျက်စီးမှုဖြစ်ပေါ်ပြီး စိုက်ပျိုးတဲ့တောင်သူတွေဆုံးရှုံးနစ်နာမှုလျော့နည်းသက်သာစေဖို့အတွက် ဆောင်ရွက်တဲ့လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါတယ်။ မိမိတို့နိုင်ငံအဖွဲ့ဝင်ဖြစ်တဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေထဲကို ပြန်လေ့လာကြည့်မယ်ဆိုရင်လည်းပဲ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံတွေမှာ စိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာအာမခံထားရှိမှု (Agricultural Insurance )အစီအစဉ်တွေကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း လေ့လာသိရှိရပါတယ်။ အချို့နိုင်ငံတွေမှာ သီးနှံအာမခံထားရှိမှုအပြင်ကျွဲ၊ နွားတိရစ္ဆာန်နဲ့ လယ်ယာသုံးစက်ကရိယာများကိုပါ အာမခံထားရှိမှုအခြေအနေတွေ ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံအများစုမှာရှိတဲ့ စိုက်ပျိုးရေးဆိုင်ရာ အာမခံထားရှိမှုအစီအစဉ်တွေကို ပုဂ္ဂလိကကဏ္ဍနဲ့ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း လေ့လာသိရှိရပါတယ်။ မြန်မာနိုင်ငံမှာ သီးနှံအာမခံလုပ်ငန်းထားရှိဆောင်ရွက်ရေးမှာ အစိုးရဌာနတစ်ခုတည်းနဲ့ ဆောင်ရွက်ရန်မဖြစ်နိုင်ဘဲ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပုဂ္ဂလိကကဏ္ဍနဲ့ ပြည်ပရင်းနှီးမြှုပ်နှံမှု အာမခံလုပ်ငန်းအဖွဲ့အစည်းတွေ ပူးပေါင်းဆောင်ရွက်ဖို့လိုသလို တောင်သူလယ်သမားတွေရဲ့ သီးနှံအာမခံထားရှိလိုတဲ့ဆန္ဒဟာလည်း အရေးပါတဲ့အနေအထားမှာရှိနေပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ကမ္ဘာကြီးရာသီဥတုပြောင်းလဲမှုနဲ့အတူ ဒေသတွင်းနိုင်ငံများ၊ အရှေ့တောင်အာရှနိုင်ငံများနည်းတူ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့မှုတွေဟာ တဖြည်းဖြည်းများပြားလာတဲ့အတွက် လယ်ယာလုပ်ငန်းကိုမှီခိုအားထားနေရတဲ့ တောင်သူလယ်သမားတွေရဲ့ ထိခိုက်နစ်နာမှုတွေ

**မူကြမ်း**

လျှော့နည်းသက်သာစေရေးနှင့် ရင်းနှီးမြှုပ်နှံမှုပို့ကုန်များအနေနဲ့ စိုက်ပျိုးရေးဆိုင်ရာအာမခံလုပ်ငန်းတွေမှာ ယုံကြည်စိတ်ချစွာ ပူးပေါင်းဆောင်ရွက်လာစေဖို့အတွက် အစီအမံများချမှတ်ဆောင်ရွက်ဖို့လိုအပ်လာတဲ့အခြေအနေဖြစ်ပါတယ်။ အစီအမံများနှင့်စပ်လျဉ်းပြီး (က) စိုက်ပျိုးရေးဆိုင်ရာအာမခံထားရှိမှုအစီအစဉ်တွေမှာ တောင်သူအပါအဝင် ရင်းနှီးမြှုပ်နှံသူများပါ စိတ်ဝင်စားမှုရှိလာဖို့အတွက် လူအများသတိပြုစေမယ့်၊ သတိပြုမိစေနိုင်တဲ့ ပညာပေးအစီအစဉ်များနှင့် စိုက်ပျိုးရေးဆိုင်ရာအာမခံထားရေးလုပ်ငန်းတွေကို ရှေ့ပြေးဧရိယာ(Pilot Area)များရွေးချယ်ဆောင်ရွက်ခြင်း၊ (ခ) သီးနှံအာမခံထားရှိမှုအခြေအနေမှာ အာမခံကြေး(Premium)ပေးသွင်းမှုအနေနဲ့ ကနဦးဆောင်ရွက်ရမယ့်လုပ်ငန်းဖြစ်တဲ့အတွက် လက်တွေ့ဆောင်ရွက်ရာမှာ တောင်သူလယ်သမားတွေရဲ့သီးနှံအာမခံထားရှိလိုစိတ်ဟာလည်းပဲ လုပ်ငန်းစတင်ဆောင်ရွက်နိုင်ရေးအတွက် အရေးကြီးခြင်းကြောင့် ၎င်းတို့ရဲ့စိတ်ဝင်စားမှုရှိလာစေမယ့် အသိပညာပေးမှုအစီအစဉ်များနဲ့ Awareness ဖြစ်အောင် တိုးမြှင့်ဆောင်ရွက်ရန်လိုအပ်ခြင်း၊ (ဂ) လက်ရှိအောင်မြင်မှုရနေတဲ့ အချို့သောအာဆီယံအဖွဲ့ဝင်နိုင်ငံများအပါအဝင် အခြားသောပြည်ပနိုင်ငံများမှ ဆောင်ရွက်နေတဲ့နည်းလမ်းနဲ့ အတွေ့အကြုံများ၊ သင်ခန်းစာများကို လေ့လာခြင်း၊ အာမခံထားရှိမှုအစီအစဉ်တွေကို အထောက်အကူဖြစ်စေမယ့် သုတေသနလုပ်ငန်းများ၊ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းနှင့် ဆွေးနွေးပွဲများ၊ သတင်းအချက်အလက်နှင့် ဗဟုသုတဖလှယ်ခြင်းလုပ်ငန်းများစသည်တို့ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ခြင်း၊ (ဃ) ပုဂ္ဂလိကကဏ္ဍအနေနဲ့ လယ်ယာကဏ္ဍရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေမှာ ယုံကြည်စိတ်ချစွာ တိုးမြှင့်ဆောင်ရွက်လာစေရေးတို့အတွက် ပွင့်လင်းမြင်သာတဲ့မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများ ရေးဆွဲချမှတ်ခြင်း၊ (င) မြန်မာနိုင်ငံအတွင်း ရေရှည်တည်တံ့မယ့် အာမခံထားရှိမှုအစီအစဉ်များချမှတ်ဆောင်ရွက်နိုင်ရေးအတွက် ဒေသအခြေအနေအလိုက် ဆောင်ရွက်သင့်တဲ့ မတူညီတဲ့ အာမခံထားရှိမှုပုံစံများ၊ ဥပမာ-ရာသီဥတုညွှန်းကိန်း(Weather Index)ကို အခြေခံတဲ့ အာမခံထားရှိမှုအစီအစဉ်၊ နေရာဒေသနှင့် အထွက်နှုန်းကိုအခြေခံတဲ့ (Location and Crop Yield)အစီအစဉ်စသည်တို့ကို ခွဲခြားသိရှိနိုင်ဖို့ လိုအပ်မယ့်သတင်းအချက်တွေကို ကျေးလက်ဒေသတွေအရောက် ကွင်းဆင်းရယူဆောင်ရွက်ခြင်းလုပ်ငန်းများအား တိုးမြှင့်ဆောင်ရွက်ခြင်း၊ (စ) စိုက်ပျိုးရေးဆိုင်ရာ၊ အာမခံထားရှိမှုအစီအစဉ်တွေရဲ့ ကနဦးအကောင်အထည် ဖော်ဆောင်ရွက်ရေးလုပ်ငန်းတွေအတွက် နိုင်ငံတကာအဖွဲ့အစည်းများမှ နည်းပညာအကူအညီ၊ အထောက်အပံ့များရယူပြီး အစိုးရ၊ ပုဂ္ဂလိကနှင့် အာမခံလုပ်ငန်းဆောင်ရွက်တဲ့ ပြည်ပရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်ခြင်း

စတဲ့လုပ်ငန်းတွေကို လုပ်ငန်းအဆင့်အလိုက် စနစ်တကျအစီအမံများ ချမှတ်ဆောင်ရွက်သင့်ကြောင်း သုံးသပ်အကြံပြုဆွေးနွေးအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ သီးနှံအာမခံစနစ်အတွက် ယခုအခါမှာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှလည်း စီမံဆောင်ရွက်နေပြီဖြစ်တဲ့အလျောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်ဦး တင်ပြတဲ့အဆိုဟာ လယ်ယာကဏ္ဍဖွံ့ဖြိုးရေး၊ စိုက်ပျိုးသူတောင်သူလယ်သမားတွေရဲ့သီးနှံစိုက်ပျိုးထုတ်လုပ်မှု၊ အသက်မွေးဝမ်းကျောင်းပြုလုပ်ငန်းတွေအတွက် များစွာအထောက်အကူပြုအကျိုးဖြစ်ထွန်းစေမည် ဖြစ်ပါတဲ့အတွက် အဆိုအားအတည်ပြုနိုင်ရေး ထောက်ခံအပ်ပါကြောင်း ရှင်းလင်းဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဦးမျိုးဇော်ဦး(လယ်ဝေးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်တင်သွင်းခဲ့တဲ့အဆိုအပေါ်မှာ ဝိုင်းဝန်းထောက်ခံဆွေးနွေးပေးပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည့်ပြည့်စုံစုံလာရောက်ရှင်းလင်းပြောကြားပေးပါသော ပြည်ထောင်စုဒုတိယဝန်ကြီးကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်တို့ရဲ့ပြည်သူ့အစိုးရသက်တမ်း တစ်နှစ်ကျော်ကာလအတွင်းမှာပဲ တိုင်းပြည်ရဲ့လိုအပ်ချက်တစ်ခုဖြစ်တဲ့ တောင်သူလယ်သမားတွေရဲ့လူမှုဘဝ တိုးတက်မြင့်မားလာစေဖို့အတွက် ရည်ရွယ်ပြီး နိုင်ငံတော်နှင့် ပုဂ္ဂလိကတို့ အကျိုးတူပူးပေါင်းပြီး သီးနှံအာမခံလုပ်ငန်းတွေကို စတင်အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း သိရှိရတဲ့အတွက်ကြောင့်မို့ ကျေးဇူးရှင်တောင်သူဦးကြီးများရဲ့ကိုယ်စား ဝမ်းမြောက်ဂုဏ်ယူပါကြောင်းလည်း ပြောကြားလိုပါတယ်။ ဒါကြောင့် ကျွန်တော်တင်သွင်းခဲ့တဲ့အဆိုကို ပြည်သူ့လွှတ်တော်ကြီးမှ အတည်ပြုပေးပါရန် ရိုသေစွာတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးမျိုးဇော်ဦး၊ လယ်ဝေးမဲဆန္ဒနယ်မှ တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်ရှစ်ဦးက ဆွေးနွေးပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကလည်း အဆိုအားသဘောတူကြောင်း အတည်ပြုသင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း အတည်ပြုပေးရန် ရှင်းလင်းပြောကြားသွားပါ တယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**မူကြမ်း**

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးမျိုးဇော်ဦး တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာအပ်ပါတယ်။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၉)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၂ ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၃၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။


**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ၁၂း၃၅ နာရီအချိန်တွင် ရပ်နားပါသည်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ (၂၁.၆.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ



ဦးဖေသန်း
(မြေပုံ မဲဆန္ဒနယ်)



ဒေါက်တာဒေါ်ခင်စည်သူ
(လှိုင်ကော် မဲဆန္ဒနယ်)



ဦးသန်းစိုး
(သာစည် မဲဆန္ဒနယ်)



ဦးအောင်သိုက်
(ဆိပ်ဖြူ မဲဆန္ဒနယ်)



ဦးစောတင်ဝင်း
(ကြာအင်းဆိပ်ကြီး မဲဆန္ဒနယ်)



ဦးသိန်းထွန်း
(ကျောင်းကုန်း မဲဆန္ဒနယ်)



ဦးအုန်းဝင်း (ဝန်ကြီး)
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်
ထိန်းသိမ်းရေးဝန်ကြီးဌာန



ဦးသိန်းဆွေ (ဝန်ကြီး)
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်
ပြည်သူ့အင်အားဝန်ကြီးဌာန



ဦးသန့်စင်မောင် (ဝန်ကြီး)
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး
ဝန်ကြီးဌာန

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရှက်